The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 21 တနင်္လာနေ့တိုင်းထုတ်ဝေသည် June 5 , 2017

# မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံကျော်ရရှိပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ပိုမိုရရှိ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံ၊ နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မေလ ၂၆ ရက်အထိ မြန်မာနိုင်ငံရဲ့ ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၁ဒသမ၇ ဘီလီယံ၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံရရှိပြီး ကုန်သွယ်မှုပမာဏအနေဖြင့် အမေရိကန် ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံကျော်ဆောင်ရွက်နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံနီးပါး ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း

စာမျက်နှာ - ၈



အရည်အသွေးဈေးကွက်သို့ ဆီထွက်သီးနှံများ ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက်ကြိုးပမ်းချက်

စာမျက်နှာ - ၁၅

ဂျပန်နိုင်ငံသို့ အမယ်သစ်အဖြစ် **Medicine Plant Roots** လေးမျိုးကို စမ်းသပ်တင်ပို့

စာမျက်နှာ - ၁၇

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်အမယ်သစ်အဖြစ် လိုင်ချီးသီးများတင်ပို့

စာမျက်နှာ - ၂၃



# MYAWADDY BANK

မြဝတီဘဏ်လီမိတက်

MYAWADDY BANK LIMITED

မှန်သည် မြန်သည် မြဝတီ

## ငွေလွှဲဝန်ဆောင်မှု လုပ်ငန်းများ

လူကြီးမင်းတို့၏လွှဲပို့ငွေများကို မြဝတီဘဏ်လီမိတက်၏ ဘဏ်ခွဲများ တည်ရှိရာမြို့များအပြင် ချိတ်ဆက်ဘဏ်များဖြစ်သည့်

- ကမ္ဘောဇဘဏ်
- မြန်မာအရှေ့တိုင်းဘဏ်
- ကမ္ဘာ့ရတနာဘဏ်
- အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်
- ဧရာဝတီဘဏ်
- မြန်မာနိုင်ငံသားများဘဏ်
- ကျေးလက်ဖွံ့ဖြိုးရေးဘဏ်
- ရန်ကုန်မြို့တော်ဘဏ်
- ယူနိုက်တက်အမရဘဏ်
- အင်းဝဘဏ်
- အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်
- ရှေ့ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဘဏ်
- သမဝါယမဘဏ် တို့နှင့်ဆက်သွယ်၍

ငွေလွှဲလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အမြန်အလျှင်ငွေလွှဲ ပို့နိုင်ပါကြောင်း။

မြန်မာ့စီးပွားရေးဘဏ်ခွဲများအားလုံးသို့ ငွေလွှဲလက်မှတ်ဖြင့် လည်းကောင်း၊ Fax ဆက်သွယ်နိုင်သောမြို့များသို့ ငွေလွှဲမြန်လည်းကောင်း ငွေလွှဲပို့နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

## ဘဏ်ခွဲတည်ရှိရာ မြို့များ

- ရန်ကုန် (ရုံးချုပ်)
- နေပြည်တော်
- မန္တလေး
- မုံရွာ
- တောင်ကြီး
- ပခုက္ကူ
- ပုသိမ်
- ဘုရင့်နောင်
- ကျောက်ဆည်
- ဖျာပုံ
- ပြည်
- မကွေး
- မော်လမြိုင်
- မြောင်မြ
- ဟင်္သာတ
- သထုံ
- ပြင်
- စစ်ကိုင်း
- မန္တလေး (ကျွဲဆည်ကန်)
- နိုင်ငံတော်
- မန္တလေး (ဈေးချို)
- နတ်တလင်း
- ထံတားဦး
- ပြောက်ဦးကွာလာပ
- ကျောက်ဖြူ
- တောင်ငူ
- နေပြည်တော် (ဇေယျာသီရိ)
- သာယာဝတီ
- ဇေး
- ပြင်ဦးလွင်
- ကျိုင်းတုံ
- မိတ္ထီလာ
- သိမ်ဖြူ
- ထားဝယ်
- ခိုးကုန်း
- ပင်လောင်းတောင်ညွန့်
- ယူဇနဥယျာဉ်မြို့တော်
- ချမ်းအေး
- ရန်ကင်း
- ပဲခူး
- ညောင်လေးပင်
- ဖျာပုံ
- ပြည်
- မကွေး
- မော်လမြိုင်
- မြောင်မြ
- ဟင်္သာတ
- သဃ်နိုးကျွန်း
- ပြည်
- စစ်တွေ
- မုဒုံ
- ကော့သောင်းကြီးကုန်း
- မြင်းခြံ
- ဝါးမဲ
- အင်းစိန်
- မူဆယ်
- တာချီလိတ်

မြဝတီဘဏ်(ရုံးချုပ်) [illegible]

Phone : (01) 2301367, 2301368, 2301452, 2301378, 2301401, 2301410

Fax : (01) 2301395, 2301450, 2301402, 2301418 Email : mwdbankygn@mptmail.net.mm



# ဝိစာရ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်

ဝိစာရ

အရည်အသွေးစစ်မှန်ပြည့်ဝမှုအာမခံ

## စစ်မှန်ပြည့်ဝ ဝိစာရ







# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကုန်သည်လုပ်ငန်းရှင်များအားတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇွန် ၂ ရက်က တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ခရိုင်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံကာ နိုင်ငံတော်တိုးတက်မှု ဖြစ်ပေါ်လာစေရန် ပြောင်းလဲမှုများအား ရှင်းလင်းပြောကြားပြီး နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်နှင့် မိမိတို့တာဝန်ထမ်းဆောင်သည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာထား ပူးပေါင်းပါဝင်ဆောင်ရွက်ရန် နှင့် နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒလမ်းစဉ်အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် မွန်းလွဲ ၁ နာရီခွဲတွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ကုန်သည်လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက တနင်္သာရီတိုင်းဒေသကြီးသည် အဓိကရေထွက်ကုန်နှင့် ရော်ဘာ၊ ဆီအုန်းသီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်သည့် စီးပွားရေးအခြေခံကောင်းများရှိသည့် ဒေသဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီမံကိန်းဖြစ်သည့် အထူးစီးပွားရေးဇုန် စီမံကိန်းနှင့် အတူ ဟန်ချက်ညီညီ ဆောင်ရွက်ပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မြင့်မားလာသည့် တိုင်းဒေသကြီးဖြစ်ကြောင်း ၊ တိုင်းဒေသကြီး၏ အဓိကထွက်ကုန်သည် နိုင်ငံတကာဈေးကွက်ဝင် ပို့ကုန်များဖြစ်၍ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်ပပို့ကုန် တင်ပို့နိုင်မှုကို များစွာအထောက်အကူပြုမည် ဖြစ်ပါကြောင်း၊ မိမိတို့လာရောက်ခြင်းမှာ ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးအထောက် အကူပြုနိုင်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ပေးမှာဖြစ်ကြောင်း အသေးစိတ် ရှင်းလင်း ပြောကြားပါသည်။

ယင်းနောက် ဒေသခံကုန်သည်လုပ်ငန်းရှင်များ၏ တင်ပြချက်များအား တာဝန်ရှိသူများက ရှင်းလင်းပြောကြား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြိတ်မြို့ရှိ SEA VIEW CONDO ကုမ္ပဏီ၏ အိမ်ရာတည်ဆောက်ရေးစီမံကိန်း၊ အဝေးပြေးယာဉ်ရပ်နားဝန်း တည်ဆောက်ရေး စီမံကိန်း၊ "ဖိုးလမင်း" ရော်ဘာကွန်ပေါင်းစက်ရုံတို့အား သွားရောက်ကြည့်ရှု လေ့လာခဲ့ကြောင်း သတင်းရရှိသည်။

MOC(IR)

ရှင်မင်းအိမ့်(တန့်ဆည်)

# ဒုတိယဝန်ကြီး ဦးအောင်ထူး ကရင်ပြည်နယ်အတွင်း ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေမှုအား လှည့်လည်ကြည့်ရှုပြီး မြဝတီမြို့၌ လွှတ်တော်ကိုယ်စားလှယ်များ၊ နယ်စပ်ကုန်သည်ကြီးများ၊ ဂိုဒေါင်ပိုင်ရှင်များ၊ မော်တော်ယာဉ်ဂိတ်များမှ တာဝန်ရှိသူများအား တွေ့ဆုံ




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ကရင်ပြည်နယ်အစိုးရအဖွဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မေလ ၂၇ ရက်က ကရင်ပြည်နယ်ဒေသအသီးသီးမှထွက်ရှိသော အသေးစား အိမ်တွင်းလက်မှုပစ္စည်းများ ခင်းကျင်းပြသထားသော ကရင်ပြည်နယ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ပြခန်းအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် မြဝတီမြို့သို့ ရောက်ရှိပြီး ကုန်သွယ်ရေးဦးစီးဌာန၊ မြဝတီကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ OSS အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။

ရှေးဦးစွာ မြဝတီကုန်သွယ်ရေးဇုန်တာဝန်ခံ ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦး က မြန်မာ-ထိုင်း နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများနှင့်

စာမျက်နှာ - ၁၇ ➤

# အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၉)သင်တန်းဆင်းပွဲကျင်းပ




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်းမှ ဖွင့်လှစ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၉)သင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၃ ရက်က ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ

စာမျက်နှာ - ၁၇ ➤

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊
နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# မေလနောက်ဆုံးပတ်က ဟင်္သာတခရိုင်အတွင်းရှိ ဆန်စျေးကွက်တွင် စျေးနှုန်းအနည်းငယ်မြင့်တက်

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆန်စပါးစျေးကွက်တွင် ဧည့်မထမိုးစပါး၊ ဆန်စျေး၊ နွေစပါး၊ ဆန်စျေးနှင့် ပေါ်ဆန်းစပါး၊ဆန်စျေးတို့မှာ မေလ ဒုတိယပတ်မှ နောက်ဆုံးပတ်အထိ မြို့နယ်အများစုမှာ စျေးငြိမ်၍ အရောင်းအဝယ်အေးလျက်ရှိသော်လည်း ဟင်္သာတခရိုင်အတွင်းရှိဟင်္သာတ၊ဇလွန်၊ လေးမျက်နှာမြို့နယ်များတွင် ယခင်က မိုးစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၄၃၀၀၀၀ မှ ယခုကျပ် ၄၄၀၀၀၀၊ ဆန်တစ်အိတ်လျှင် ကျပ် ၁၆၀၀၀-ကျပ် ၁၆၅၀၀ ဝန်းကျင်မှ ကျပ် ၁၇၀၀၀ -ကျပ် ၁၇၅၀၀ ဝန်းကျင်နှင့် နွေစပါးစျေးမှာလည်း ယခင် ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၃၈၀၀၀၀ -ကျပ် ၃၉၀၀၀၀ -ကျပ် ၄၀၀၀၀၀နှင့်ဆန်တစ်အိတ်လျှင် ကျပ် ၁၆၀၀၀- ကျပ်၁၆၅၀၀ မှ ကျပ် ၁၇၀၀၀ - ကျပ် ၁၇၅၀၀ ဝန်းကျင်စျေးဖြစ်ပြီး စျေးနှုန်းအနည်းငယ်မြင့်တက်သွားကြောင်း စျေးကွက်သတင်းများအရ သိရသည်။

မကြာမီ မိုးရာသီသို့ ရောက်ရှိလာတော့မည်ဖြစ်၍ တောင်သူများ လုပ်ငန်းခွင်တွင် ရင်းနှီးငွေအဖြစ် ပြန်လည်အသုံးပြုရန် စက်ပိုင်များထံတွင် အပ်နှံထားသောစပါးများအား ပြန်လည်၍ စျေးဖြတ်ရောင်းချသည့် တောင်သူအချို့လည်းရှိနေပြီး မြို့နယ်အလိုက်စျေးကွက်အခြေအနေ မတူညီသည့်အပေါ် အရောင်းအဝယ်အေးသည့် မြို့နယ်၊ ပုံမှန်ရောင်းဝယ်လျက်ရှိသော မြို့နယ်နှင့်အရောင်းအဝယ် အနည်းငယ်သွက်လျက်ရှိသော မြို့နယ်အချို့မှာလည်း စျေးနှုန်းအနည်းငယ်မြင့်တက်လျက်ရှိနေကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**



# ဗီယက်နမ်နိုင်ငံ၏ လက်မှုပစ္စည်းများ ပြည်ပသို့တင်ပို့မှုမှ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံနီးပါး ဝင်ငွေရရှိ

ဗီယက်နမ်နိုင်ငံ၏ လက်မှုပစ္စည်းများ ပြည်ပသို့ ပို့ကုန်တင်ပို့မှုမှာ တစ်နှစ်လျှင်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ဘီလီယံရှိကြောင်း ဗီယက်နမ်လက်မှုပစ္စည်းထုတ်လုပ်သည့်ကျေးရွာများအသင်းက ပြောကြားခဲ့ကြောင်း သိရှိရသည်။ဝါး၊ ကြိမ်၊ သစ်ရွက်များ၊ မြေထည်နှင့် သစ်သားထည်များဖြင့် ပြုလုပ်ထားသည့် ဗီယက်နမ်လက်မှုပစ္စည်းများကို ယခုအခါ အမေရိကန်၊ ဂျာမနီ၊ ပြင်သစ်၊ ဗြိတိန်၊ ဆွီဒင်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံအပါအဝင် နိုင်ငံအများအပြားတွင် ဝယ်ယူရရှိနိုင်ကြောင်း၊ ဗီယက်နမ်နိုင်ငံကျေးရွာများတွင် လက်မှုပစ္စည်များပြုလုပ်သည့် မိသားစုလုပ်ငန်းအရေအတွက်မှာ ၈ဒသမ ၈ ရာခိုင်နှုန်းမှ ၉ ဒသ ၈ ရာခိုင်နှုန်းအထိ မြင့်တက်လာ ကြောင်းနှင့် မကြာမီနှစ်များက လက်မှုပစ္စည်းထုတ်လုပ်မှုတန်ဖိုးမှာ တစ်နှစ်လျှင် ၁၅ ရာခိုင်နှုန်း တိုးတက်လျက်ရှိကြောင်းသိရှိရသည်။

သို့ရာတွင် ကုန်ပစ္စည်းအမှတ်တံဆိပ်ပြုလုပ်မှု၊ ရောင်းဝယ်မှု၊ စျေးကွက်ရယူမှုနှင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကာကွယ်မှုများတွင် ဆောင်ရွက်မှုများအားနည်းခြင်းကြောင့် ဗီယက်နမ်လက်မှုပစ္စည်းအမျိုးအစားအများစုမှာ ကုန်အမှတ်တံဆိပ်ခိုးခံရမှုများ သို့မဟုတ် စျေးကွက်တွင် ရေရှည်ရပ်တည်နိုင်မှုမပြုလုပ်နိုင်ခြင်းတို့ကြုံတွေ့နေရကြောင်း၊ ဗီယက်နမ်နိုင်ငံတွင် လက်ရှိ၌ ရိုးရာလက်မှုပစ္စည်းများထုတ်လုပ်သည့် ကျေးရွာပေါင်း ၁၈၆၄ ရွာ အပါအဝင် တစ်နိုင်ငံလုံးတွင် လက်မှုပစ္စည်းထုတ်လုပ်သည့် ကျေးရွာစုစုပေါင်း ၅၄၁၁ ရွာရှိပြီး လက်မှုပစ္စည်းပြုလုပ် သည့် စုစုပေါင်းလုပ်သားအင်အား ၁ဒသမ ၅ သန်းခန့်ရှိကြောင်း၊ ဗီယက်နမ်နိုင်ငံအမျိုးသား အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာရုံးသည် နိုင်ငံအတွင်းရှိ ကျေးရွာများမှ လက်မှုပစ္စည်းထုတ်လုပ်သူများအား ၎င်းတို့ထုတ်လုပ်သည့် ကုန်ပစ္စည်းများကိုကုန်အမှတ်တံဆိပ် မှတ်ပုံတင်ပြုလုပ်ရန်နှင့် ကုန်ပစ္စည်းအစပြုရာနေရာအား ဖေါ်ထုတ် သတ်မှတ်ပေးသည့် ပထဝီဆိုင်ရာညွှန်းဆိုမှုများ (Geographical Indications) ကို အသုံးပြုသွားကြရန် လမ်းညွှန်ပေးလျက်ရှိကြောင်းသိရှိရသည်။

Source: Xinhua **စန္ဒာထွန်း** (TTI)

# ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများတွင် လာအိုနိုင်ငံနှင့်ထိုင်းနိုင်ငံတို့ ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်

လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ထောက်ပံ့ပို့ဆောင်မှုဆိုင်ရာလုပ်ငန်း များတွင် နှစ်နိုင်ငံပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း လာအိုနိုင်ငံ နေ့စဉ်ထုတ် Vientiane Times သတင်း စာတွင် ဖေါ်ပြထားကြောင်းသိရှိရသည်။

လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ သက်ဆိုင်ရာဝန်ကြီးများပါဝင်လျက် လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ Somdy Douangdy နှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Somkid Jatusripitak တို့သည် မေလ ၂၄ ရက်က လာအိုနိုင်ငံတွင် တွေ့ဆုံပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းကိစ္စရပ်များအား ဆွေးနွေးပြောကြားခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲ၌ လာအိုနိုင်ငံ၏ ပြောင်း၊ ဆန်၊ရော်ဘာအပါအဝင်လယ်ယာထွက်ကုန်ပစ္စည်းများ အား ထိုင်းနိုင်ငံသို့ ပိုမိုတင်သွင်းနိုင်ရေးကိစ္စနှင့် လာအိုနိုင်ငံမှ အခြားနိုင်ငံများသို့ ကုန်ပစ္စည်း သယ်ယူပို့ဆောင်မှုအတွက် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးကိစ္စရပ်များတွင် ထိုင်းနိုင်ငံက ကူညီပေးပါရန် လာအိုနိုင်ငံအစိုးရက ထိုင်းနိုင်ငံအစိုးရအား ပန်ကြားခဲ့ကြောင်းသိရှိရသည်။

လာအိုနိုင်ငံမှ ထိုင်းနိုင်ငံသို့ တင်ပို့သည့် အဓိကအမယ်များမှာ လျှပ်စစ်၊ ကြေးနီ၊ ဆေးရွက်ကြီး၊ ဟင်းသီးဟင်းရွက်များနှင့် ဓာတ်သတ္တုပစ္စည်းများဖြစ်ပြီး အပြန်အလှန်အားဖြင့် ထိုင်းနိုင်ငံမှ လောင်စာဆီ၊ ယာဉ်များ၊ လျှပ်စစ်ပစ္စည်းများနှင့် စက်ပစ္စည်းများအား လာအိုနိုင်ငံသို့ တင်သွင်းလျက်ရှိသည်။

၂၀၁၆ ခုနှစ်တွင် လာအိုနိုင်ငံမှ ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံဖိုး ပို့ကုန်တင်ပို့ခဲ့ကြောင်း လာအိုနိုင်ငံစက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှထုတ်ပြန်သည့် စာရင်းအရ သိရှိရသည်။

Source: Xinhua **စန္ဒာထွန်း** (TTI)

# အာရှနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၁၀-၅-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၄၈ | ၄၅၃ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၃၄ | ၄၃၈ | △ | ၃၇၀ | ၃၇၂ | △ | ၄၀၀ | ၄၀၀ | □ | ၄၃၀ | ၄၃၂ | △ |
| ဆန်ဖြူ ၁၀% | ၄၂၅ | ၄၂၉ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၂၀ | ၄၂၅ | △ | ၃၅၈ | ၃၅၈ | □ | - | - | - | ၄၂၀ | ၄၂၀ | □ |
| ဆန်ဖြူ ၂၅% | ၄၀၀ | ၄၁၄ | △ | ၃၄၇ | ၃၅၀ | △ | ၃၆၀ | ၃၆၅ | △ | ၃၈၄ | ၃၈၀ | ▽ |
| ပေါင်းဆန် | ၄၄၈ | ၄၆၀ | △ | - | - | - | ၄၀၅ | ၄၁၀ | △ | ၄၂၅ | ၄၃၀ | △ |

*Source: thairiceexporters*

# ပြည်တွင်းမြို့ကြီးများ၏ (၂-၆-၂၀၁၇)ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၄၅၀ | □ | ၁၇၀၀၀ | □ | ၆၅၃၂ | □ | ၃၂၅၀၀ | □ |
| ပုသိမ် | ၄၃၂၀ | □ | ၁၈၅၀၀ | □ | ၇၄၀၀ | □ | ၃၄၀၀၀ | □ |
| ပဲခူး | ၄၂၀၀ | △ | ၁၇၀၀၀ | △ | ၆၅၀၀ | △ | ၃၂၀၀၀ | □ |
| ရွှေဘို | ၆၀၀၀ | □ | ၂၅၀၀၀ | □ | ၁၀၀၀၀ | □ | ၃၅၀၀၀ | □ |
| စစ်တွေ | ၃၈၅၀ | □ | ၁၇၀၀၀ | □ | ၇၀၀၀ | □ | ၃၂၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၈၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၀၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၉၅၀ | △ | ၁၆၈၀၀ | □ | - | - | ၃၁၀၀၀ | □ |
| မန္တလေး | ၆၁၀၀ | □ | ၂၆၀၀၀ | □ | - | - | ၁၆၀၀၀ | □ |
| မကွေး | ၆၈၀၀ | □ | ၂၂၅၀၀ | △ | - | - | ၃၀၀၀၀ | ▽ |
| မော်လမြိုင် | ၄၄၀၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၆၀၀၀ | △ | ၃၂၅၀၀ | △ | - | - | ၄၆၀၀၀ | △ |
| မြိတ် | ၃၈၀၀ | □ | ၂၂၀၀၀ | △ | - | - | ၄၂၀၀၀ | □ |
| ဘားအံ | ၄၀၀၀ | □ | ၁၈၅၀၀ | □ | - | - | ၃၀၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးစျေးမှာ သန်လျင်မြို့နယ်၏ စပါးစျေးနှုန်းဖြစ်ပါသည်။

# ၂၉-၅-၂၀၁၇ မှ ၂-၆-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 602 | 34,870,381.581 |
| 2 | Form D | 84 | 4,732,591.266 |
| 3 | Form E | 87 | 16,085,794.907 |
| 4 | Korea GSP | 6 | 51,404.330 |
| 5 | Form AK | 82 | 2,945,114.810 |
| 6 | Form AJ | 15 | 1,756,030.770 |
| 7 | Form AI | 172 | 8,974,350.310 |
| 8 | Form AANZ | 14 | 58,030.840 |
| 9 | Form DFTP | - | - |
| **Grand Total** | | **1062** | **69,473,698.814** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂-၆-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၆/၅ | ၂/၆ | ပြောင်းလဲမှု | ၂၆/၅ | ၂/၆ | ပြောင်းလဲမှု | ၂၆/၅ | ၂/၆ | ပြောင်းလဲမှု | ၂၆/၅ | ၂/၆ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၅၂၇ | ၁၄၃၃ | ▼ | ၁၅၁၇ | ၁၄၆၇ | ▼ | ၁၅၃၅ | ၁၄၇၅ | ▼ | ၁၅၄၀ | ၁၅၀၀ | ▼ |
| ပဲစင်းငုံ | ၁၀၇၀ | ၁၀၇၂ | ▲ | - | ၉၇၅ | - | - | ၉၉၀ | - | ၁၀၁၀ | ၉၇၅ | ▼ |
| ပဲတီစိမ်း | ၁၄၀၀ | ၁၄၀၀ | ■ | ၂၀၀၀ | ၂၂၉၃ | ▲ | ၂၀၅၃ | ၂၂၃၇ | ▲ | ၁၉၂၀ | ၁၀၀၀ | ▼ |
| ကုလားပဲရိုးရိုး | ၂၆၅၀ | ၂၇၀၀ | ▲ | ၂၁၃၁ | ၂၁၀၃ | ▲ | - | - | - | ၁၉၇၅ | ၂၀၅၅ | ▲ |
| ပဲလွန်းဖြူ | ၁၄၀၀ | ၁၄၀၀ | ■ | ၁၅၀၀ | ၁၅၀၀ | ■ | - | - | - | ၁၅၀၀ | ၁၅၀၀ | ■ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၆၅၀ | ▲ | ၁၃၀၇ | ၁၇၄၂ | ▲ | - | - | - | ၁၃၁၅ | ၁၄၂၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂-၆-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၂၆/၅ | ၂/၆ | ပြောင်းလဲမှု | ၂၆/၅ | ၂/၆ | ပြောင်းလဲမှု | ၂၆/၅ | ၂/၆ | ပြောင်းလဲမှု |
| မတ်ပဲ | ၇၀၀ | ၆၇၅ | ▼ | ၇၇၄ | ၇၃၇ | ▼ | ၇၇၄ | ၇၄၅ | ▼ |
| ပဲစင်းငုံ | ၄၇၅ | ၄၇၅ | ▼ | ၅၆၅ | ၅၄၃ | ▼ | ၆၀၄ | ၅၉၀ | ▼ |
| ပဲတီစိမ်း | ၆၁၀ | ၇၀၀ | ▲ | ၆၅၀ | ၆၁၆ | ▼ | ၇၄၃ | ၆၀၃ | ▼ |
| ကုလားပဲဖြူလုံးကြီး | ၁၀၄၀ | ၁၀၀၀ | ▼ | ၈၆၇ | ၈၂၃ | ▼ | ၈၅၉ | ၈၂၃ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၇) မှ |
| | (၂၀.၅.၁၇)ထိ | (၂၇.၅.၁၇)ထိ | (၂၇.၅.၁၇) ထိ |
| မတ်ပဲ | ၁၈၃၆၆၄ | ၁၇၃၄၂ | ၂၀၀၉၈၆ |
| ပဲတီစိမ်း | ၇၆၇၉၇ | ၃၁၆၇ | ၇၉၉၆၄ |
| ပဲစင်းငုံ | ၁၀၈၈၆၄ | ၈၀၁၂ | ၁၁၆၈၇၆ |
| ကုလားပဲ | ၂၅၈၄၄ | ၁၃၄၂ | ၂၇၁၈၆ |
| ပဲလွန်းဖြူ | ၁၀၃၃၇ | ၃၁၂ | ၁၀၆၄၉ |
| မြေထောက်ပဲ | ၇၃၇၄ | ၂၆ | ၇၄၀၀ |

## မုံရွာကုန်စည်ဒိုင်ဈေးကွက်တွင် ပဲကြီးဈေးအနည်းငယ်တက်ပြီး ပုံမှန်အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင် ပဲဈေးကွက်တွင် ပဲကြီးဈေး အနည်းငယ်မြင့်တက်ပြီး အရောင်းအဝယ်ဖြစ်ကြောင်းသိရပါသည်။ ပဲကြော်ဖိုလုပ်ငန်းသမားများ ပုံမှန်ဝယ်ယူမှုရှိသဖြင့် တစ်နေ့လျှင် အိတ် ၃၀၀-၄၀၀ခန့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်မှသိရပါသည်။ ယခုတစ်ပတ် ပဲကြီးဈေးနှုန်းမှာ (ကြီး)တစ်တင်းလျှင်ကျပ် ၅၀၀၀၀နှင့် (သေး) တစ်တင်းလျှင် ကျပ် ၄၆၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း မုံရွာကုန်စည်ဒိုင်မှသိရပါသည်။ **လင်းလင်းသန့်**

## မုံရွာကုန်စည်ဒိုင်ဈေးကွက်တွင် မြေပဲဆန်ဈေးငြိမ်ပြီး အရောင်းအဝယ်အေး

မုံရွာဈေးကွက်မှာ ဇွန်ပထမပတ်တွင် မြေပဲဆန်ဈေးအနည်းငယ်ငြိမ်ပြီး အရောင်းအဝယ်အေးတာတွေ့ရပါတယ်။ ချောင်းဦး၊ အရာတော်၊ ဆားလင်းကြီး၊ ယင်းမာပင်ဒေသတို့မှ တစ်နေ့လျှင် အိတ်၅၀၀ ခန့် ဝင်လာပြီး ဆီဆန်ကို မြို့တွင်းဆီစက်များက အဝယ်ရှိပြီး လုံးဆန်ဖြူကို ရန်ကုန်ဝယ်လက်နှင့် လုံးဆန်နီကို မန္တလေးဝယ်လက်များက အဝယ်ရှိနေတာ တွေ့ရပါတယ်။ မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာလျှင်ကျပ် ၂၀၅၀၊ လုံးဆန်ဖြူတစ်ပိဿာလျှင်ကျပ် ၂၅၀၀ နှင့် လုံးဆန်နီတစ်ပိဿာလျှင် ၂၃၂၅ကျပ်ဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက လုံးဆန်ဖြူနှင့် လုံးဆန်နီမှာ တစ်ပိဿာ ကျပ် ၅၀နှုန်း မြင့်တက်လာတာ တွေ့ရပါတယ်။

**လင်းလင်းသန့်**

## မေလကုန် ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံ ဈေးအေးခဲ့ပြီး ပဲကြီးသီးနှံဈေး အမြင့်ဆုံးရကာ အရောင်းအဝယ်သွက်

ပြည်ပဲမျိုးစုံ ဈေးကွက်မှာ မေလကုန်သီတင်းပတ်အတွင်း ပြည်ပဝယ်လက်ပဲများ ဈေးပြန်လျော့ကျသွားခဲ့တာကို တွေ့ရပါတယ်။ မတ်ပဲသီးနှံမှာ တစ်တင်းကျပ် ၂၉၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ထပ်မံဈေးလျော့နည်း ကျဆင်းလာခဲ့ပြီး ပန်းတောင်း၊ကံမ၊ ပေါင်းတလည်၊ ပေါက်ခေါင်းမြို့နယ်များမှ တစ်ရက်ကို အိတ် ၄၀၀ ကျော် ဝင်ရောက်လျက်ရှိပါတယ်။ လက်ကျန်လှောင်ပဲများလည်းရှိခဲ့ပြီး ရန်ကုန်ဝယ်လက်များက နေ့စဉ်ဝယ်ယူခဲ့တာကြောင့် အိတ် ၃၀၀-၄၀၀ကျော် အရောင်းအဝယ်ဖြစ်တာကို တွေ့ရပါတယ်။ မေလလယ်အတွင်း မတ်ပဲဈေးအနည်းငယ်ပြန်မြင့်ပြီး လကုန်ရက်တွင် ဈေးလျော့နည်းနေတဲ့အတွက် ယခုနှစ်မတ်ပဲသီးနှံဈေးပိုမို အေးနေကြောင်း သိရပါတယ်။

ပြည်ပဝယ်လက်ပဲများအနက် ပဲစင်းငုံသီးနှံမှာ ပဲအဝင်မရှိတော့သော်လည်း လှောင်ပဲလက်ကျန်အချို့ရှိခဲ့တဲ့အတွက် ရန်ကုန်ဝယ်လက် ဝယ်လိုအားရှိမှုအပေါ် မူတည်၍အခုလကုန်ရက်ပိုင်းအတွင်း နေ့စဉ် ရောင်းချခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးမှာ တစ်တင်း ကျပ် ၁၉၅၀၀ ဖြင့် ယခင်တစ်ပတ်ကဈေးထက်အနည်းငယ်ကျဆင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာမတ်ပဲ၊ ပဲစင်းငုံနဲ့ ပြည်ပဝယ်လက်ပဲ နှစ်မျိုးစလုံး ဈေးအေးနေခဲ့ကြောင်း သိရပါတယ်။

ကုလားပဲသီးနှံမှာ ပန်းတောင်း၊ မင်းတုန်း၊ ကံမမြို့နယ်များမှ နေ့စဉ်ဝင်ရောက်နေခဲ့သော်လည်း အိတ် ၂၀၀-၂၅၀ ကျော်သာ အဝင်ရှိတော့ကာ လက်ကျန်ပဲများရှိနေတဲ့ အတွက် အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ခွဲစက်သမားများက ပုံမှန်အဝယ်ရှိနေပြီး ပဲတစ်တင်းလျှင် ကျပ် ၃၉၂၀၀ ဖြင့် ယခင်တစ်ပတ်က ဈေးထက် ဈေးအနည်းငယ် ပိုရပြီး တစ်တင်းကျပ် ၃၉၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရပါတယ်။

ပဲကြီးသီးနှံမှာ အဝင်ပါးသွားပြီး ပန်းတောင်း၊ မင်းတုန်းဘက်မှ အိတ် ၂၀၀ ကျော်ဝင်ရောက်ခဲ့သဖြင့် ပဲကြော်ဖိုလုပ်ငန်းသမားများ အဓိကထား ဝယ်ယူခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် အိတ် ၃၀၀-၄၀၀ကျော်ထိ အရောင်းအဝယ်ဖြစ်ခဲ့တဲ့အတွက် ပဲဈေးကွက်အတွင်းမှာ အရောင်းအဝယ်အသွက်ဆုံးဖြစ်နေတဲ့ ပဲတစ်မျိုးဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာတော့ (ရွှေကျွန်း) တစ်တင်းကျပ် ၄၈၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၄၆၀၀၀ ဖြင့် ဈေးငြိမ်နေသလို ဈေးကွက်အတွင်းမှာ ဈေးအမြင့်ဆုံးရခဲ့တဲ့အတွက် မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲသီးနှံများထက်လည်း ဈေးပိုရခဲ့ကြောင်း သိရပါတယ်။

လက်လီပဲများအနက် ပဲလွန်းဖြူ ထောပတ်ပဲ၊ ပဲနီပြားသီးနှံများ အရောင်းအဝယ်ဖြစ်လျက်ရှိသော်လည်း အိတ်အနည်းငယ်စီသာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲလွန်းဖြူတစ်တင်း ကျပ် ၂၈၅၀၀ ဖြင့် ဈေးငြိမ်နေကာ ထောပတ်ပဲတစ်တင်းကျပ် ၂၈၅၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးပိုရလာသလို ပဲနီပြားသီးနှံမှာ တစ်တင်းကျပ် ၂၄၀၀၀ ဖြင့် ဈေးဆက်ငြိမ်နေခဲ့ကြောင်း သိရပါတယ်။ ပဲအဝင်မရှိသလောက် ဖြစ်ခဲ့ပေမယ့် လက်ကျန်ပဲအသင့်အတင့်ရှိခဲ့တဲ့အတွက် ဝယ်ယူမှုရှိသလောက် ရောင်းချခဲ့ရကြောင်း သိရပါတယ်။

မေလနောက်ဆုံးပတ်အတွင်း ပဲမျိုးစုံသီးနှံဈေးကွက်မှာ အရောင်းအဝယ်ဖြစ်ခဲ့ကြသော်လည်း ပြည်ပဝယ်လက် မတ်ပဲနှင့် ပဲစင်းငုံဈေး အေးခဲ့ပြီး အဓိက အရောင်းအဝယ်ဖြစ်တဲ့ ပြည်တွင်းဝယ်လက်ပဲများအနက် ကုလားပဲသီးနှံက ဈေးအေးပေမယ့် ပဲကြီးသီးနှံဈေးကောင်းရခဲ့သလို အရောင်းအဝယ်ကလည်း အသွက်ဆုံးဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**



## ပြည်ဘိုကိတ်ပဲ တဖြည်းဖြည်းဈေးကျလာပြီး အရောင်းအဝယ်လည်းအေး

မေလကုန်ပတ်အတွင်း ပြည်ပဲ ဈေးကွက်ရဲ့ လက်လီရောင်းဝယ်မှုများတဲ့ ဘိုကိတ်ပဲသီးနှံဟာ ပဲအဝင်ပါးသွားပြီဖြစ်လို့ လက်ကျန်ပဲများဖြင့်သာ အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ ပဲဈေးလျော့နည်းလာခဲ့လို့ ပဲတစ်တင်းကျပ် ၂၁၀၀၀ ဖြင့် လက်လီဝယ်ယူမှုအရ အိတ်အနည်းငယ်အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။

မေလဆန်းတွင် ပဲတစ်တင်း ကျပ် ၂၄၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ပဲလက်ကျန်နည်းချိန် ပဲအရည်အသွေးလည်း ကျဆင်းခဲ့တဲ့အတွက် ပဲဈေးများ တဖြည်းဖြည်းကျဆင်းလာကာ လကုန်ရက်မှာ လဆန်းရက်ထက် တစ်တင်း ကျပ်သုံးထောင်ခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲပုပ်သီးနှံ ပဲသစ်အဖွင့်ဈေးထက် ဈေးပိုရ

ပြည်ပဲဈေးကွက်အတွင်းမှာ ပဲပုပ်သီးနှံက ယခုကာလအတွင်း လက်လီရောင်းဝယ်မှုသာရှိခဲ့သလို တစ်ရက်လျှင် အိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲအဝင်မရှိဘဲ လက်ကျန်ပဲသာရှိခဲ့တဲ့အတွက် လက်လီ ဝယ်ယူမှုအပေါ် လိုသလောက်ရောင်းချခဲ့ရကြောင်းသိရပါတယ်။ ပဲပုပ်သီးနှံဈေးမှာတစ်တင်းကျပ် ၂၃၀၀၀ မှ ကျပ် ၂၆၀၀၀ အတွင်း ရရှိခဲ့ကြကာ ဈေးငြိမ်နေကြပေမယ့် ပဲသစ်ပေါ်စ နှစ်ဆန်းပိုင်းမှာ တစ်တင်းကျပ် ၁၉၅၀၀ဖြင့် ဈေးဖွင့်ဝယ်ယူခဲ့သလို ယခုအချိန်မှာတော့ ပဲသစ်ပေါ်စဈေးထက် ဈေးကောင်းရနေကြောင်းသိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်စားတော်ပဲ ဈေးအမြင့်နဲ့နှစ်စဉ်အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်အတွင်း လက်လီသာ အရောင်းအဝယ်ရှိတဲ့ စားတော်ပဲသီးနှံဟာ လက်လီပဲဈေးကွက်အတွင်းမှာ ဈေးအမြင့်ဆုံးရခဲ့တဲ့ ပဲသီးနှံတစ်မျိုးဖြစ်နေခဲ့တာကို တွေ့ရပါတယ်။ တစ်တင်းလျှင် ကျပ် ၄၀၀၀၀ ဖြင့် မေလတစ်လလုံး ဈေးအမြင့်နဲ့ ဈေးငြိမ်နေခဲ့ပါတယ်။ အခြားပဲများ ဈေးအတက်အကျများသော်လည်း စားတော်ပဲသီးနှံမှာ နှစ်စဉ်ဈေးအမြင့်နဲ့ ရောင်းဝယ်နေတဲ့ပဲဖြစ်ခဲ့ပြီး ယခင်နှစ်ကလည်း မေလမှာတစ်တင်းလေးသောင်းကျပ်ရရှိခဲ့တဲ့အတွက် ယခုနှစ်ဈေးနှင့် ယခင်နှစ်ဈေးကွာခြားမှုမရှိဘဲ ဈေးအမြင့်အတိုင်း ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**

Vol: 17, No.21 Monday June 5 2017

## မြန်မာ့ဆိပ်ကမ်းတွင် ၁ . ၆ . ၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း | - TUG:HTOO NO(1) | အလုပ်မလုပ် |
| M.N.G.P.T | - MTTIRTASARI | P.Oil(In Bulk) တန် ၅၁၀၀ ကုန်ချ |
| ထီးတန်းဆိပ်ကမ်း(၂) | - KOTA HASIL | ကုန်သေတ္တာ ၇၄၆လုံးကုန်တင်ဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၃) | - SINAR BANDA | ကုန်သေတ္တာ ၄၆၅ လုံး<br>ကုန်တင်ဆဲကုန်သေတ္တာ ၄၀၅ လုံးကုန်ချဆဲ |
| စက်မှုဆိပ်ကမ်း (၂) | - YADANA PAN TAUNG | ကုန်သေတ္တာ အလွတ်များတင်ဆဲ |
| စက်မှုဆိပ်ကမ်း (၃) | - MAREN S | ကုန်သေတ္တာ ၄၅၀ လုံးကုန်တင်ဆဲ |
| စက်မှုဆိပ်ကမ်း (၄) | - MCC HALONE | ကုန်သေတ္တာ ၅၅၅ လုံး<br>ကုန်ချဆဲကုန်သေတ္တာ ၀၄၀ လုံးကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၁) | -DYNAMIC OCEAN-18 | Deformed Bar ၅၇၁၆ တန်ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း (၂) | - SEA DRAGON | Urea ၅၃၀၃ တန်ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း (၇) | - VTC GLOBE | ဆန် ၁၇၅၀၀ တန်ကုန်တင်ဆဲ |
| ဗိုလ်တစ်ထောင်ဆိပ်ကမ်း(၃) | - OEL MALAYSIA | ကုန်သေတ္တာ ၄၅၀လုံးကုန်တင်ဆဲ၊ |
| MITT | - Units Vehicle(RO/RO) | ၂၃၁တန်ကုန်ချဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၂) | - RONG HAI | Fertilizer& Steel ၃၁၄၇ တန်ကုန်ချဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၃) | - TAKE SHIO | Coal ၂၇၉၁၅ တန်ကုန်ချဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၄) | - LE MIN | Steel & Equipment<br>၁၀၀၅၁ တန် ကုန်ချဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၅) | -INFINITY V | Steel Product တန် ၃၀၀၀၀ကုန်ချဆဲ |
| နန်းသီတာဆိပ်ကမ်း | - | G/C တန် ၁၀၀၀ကုန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| GRAND DUKE | Units Vehicle(RO/RO) ၃၅၀တန်ကုန်ချဆဲ | | ၂ ◦ ၆ ◦ ၂၀၁၇ |
| BARGE NO 101 TASU | | SITTWE | ၃ ◦ ၆ ◦ ၂၀၁၇ |
| LEO STAR-1 | ဆန် ၂၀၅၀၀ တန်ကုန်တင်ရန် | | ၃ ◦ ၆ ◦ ၂၀၁၇ |
| DZ QINGDAO | (50)Units Truck & Steel၃၁၆၉၀ တန်ကုန်ချရန် | | ၃ ◦ ၆ ◦ ၂၀၁၇ |
| ASCL MICHELE | G/C ၂၁၀ တန်ကုန်ချရန် | | ၃ ◦ ၆ ◦ ၂၀၁၇ |
| GLOVIS PRESTIGE | Units Vehicle(RO/RO) ၁၃၁၀ တန် ကုန်ချဆဲ | | ၄ ◦ ၆ ◦ ၂၀၁၇ |
| ACACIA | Steel Bar ၁၀၆၂၄တန်ကုန်ချရန် | | ၄ ◦ ၆ ◦ ၂၀၁၇ |
| GRAND RACE | Units Vehicle(RO/RO) ၅၀ တန် ကုန်ချဆဲ | | ၅ ◦ ၆ ◦ ၂၀၁၇ |
| TETON | ဆန်တန် ၂၂၀၀၀ ကုန်တင်ရန် | | ၅ ◦ ၆ ◦ ၂၀၁၇ |
| DRESDEN | Units Vehicle(RO/RO)၂၀၀ တန် ကုန်ချဆဲ | | ၅ ◦ ၆ ◦ ၂၀၁၇ |
| GRAND DIAMOND | Units Vehicle(RO/RO)၃၅၀ တန် ကုန်ချဆဲ | | ၆ ◦ ၆ ◦ ၂၀၁၇ |
| DA QIANG | Ammonlum Nitlate ၃၀၁၁ တန်ကုန်ချရန် | | ၇ ◦ ၆ ◦ ၂၀၁၇ |
| SIGAP | Cement(In Bulk) ၈၀၀၀တန်ကုန်ချရန် | | ၇ ◦ ၆ ◦ ၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| DAWEI | SINGAPORE | ဗိုလ်တထောင်ဆိပ်ကမ်း | ၁◦၆◦၂၀၁၇ |
| ANAN BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၁◦၆◦၂၀၁၇ |
| SINAR BATAM | SINGAPORE | အေးရှားဝေါလ် | ၁◦၆◦၂၀၁၇ |
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း၊ | ၁◦၆◦၂၀၁၇ |
| SOUL OF LUCK | SINGAPORE | သီလဝါဆိပ်ကမ်း | ၂◦၆◦၂၀၁၇ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ် | ၂◦၆◦၂၀၁၇ |
| EVER APEX | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၂◦၆◦၂၀၁၇ |
| ANDAMAN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂◦၆◦၂၀၁၇ |
| RATANA THIDA | SINGAPORE | အလုံဆိပ်ကမ်း၊စက်မှုဆိပ်ကမ်း | ၃◦၆◦၂၀၁၇ |
| MCC SINGAPORE | SINGAPORE | သီလဝါ၊ စက်မှုဆိပ်ကမ်း | ၄◦၆◦၂၀၁၇ |
| NINOS | SINGAPORE | အေးရှားဝေါလ် | ၄◦၆◦၂၀၁၇ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ် | ၄◦၆◦၂၀၁၇ |
| SAN GIORGIO | SINGAPORE | သီလဝါ | ၄◦၆◦၂၀၁၇ |
| YANTRA BHUM | SINGAPORE | သီလဝါ၊ စက်မှုဆိပ်ကမ်း | ၄◦၆◦၂၀၁၇ |
| NESHAT | SINGAPORE | သီလဝါဆိပ်ကမ်း | ၄◦၆◦၂၀၁၇ |
| TOVE MAERSK | SINGAPORE | စက်မှုဆိပ်ကမ်း | ၅◦၆◦၂၀၁၇ |
| KOTA HARTA | SINGAPORE | စက်မှုဆိပ်ကမ်း၊အေးရှားဝေါလ် | ၅◦၆◦၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN EAGLE | ဒီဇယ် | - | ၁◦၆◦၂၀၁၇ |
| MT.YURU | ဒီဇယ် | - | ၁◦၆◦၂၀၁၇ |
| MT.FAIR ENERGY | ဒီဇယ် | MIEIK | ၂◦၆◦၂၀၁၇ |
| MT.GLORY STAR | ဒီဇယ် | - | ၂◦၆◦၂၀၁၇ |
| MT.GAEA | ဒီဇယ် | - | ၂◦၆◦၂၀၁၇ |
| MT.BTS CALYPSO | MOGAS 92 RON | - | ၃◦၆◦၂၀၁၇ |
| MT.INTAN GLORY | MOGAS 92 RON | - | ၄◦၆◦၂၀၁၇ |
| MT.OCEAN SUPREME | MOGAS 92 RON | - | ၄◦၆◦၂၀၁၇ |
| MT.FLY MARLIN | MOGAS 92 RON | - | ၆◦၆◦၂၀၁၇ |

## ၂၀၁၇ ခုနှစ်၊ မေလ မုံရွာကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့သီးနှံများ၏ ယခင်နှစ်ကာလတူ အချိန်ဖြစ်ပေါ်ခဲ့တဲ့ ဈေးနှုန်းနှင့် ဈေးကွက်

မုံရွာကုန်စည်ဒိုင်မှာ နေ့စဉ် အရောင်းအဝယ်ဖြစ်တဲ့ သီးနှံများရဲ့ ၂၀၁၆ ခုနှစ်၊ မေလနှင့် ယခုနှစ် ကာလတူ ရောင်းဝယ်လျက်ရှိတဲ့ပဲများအနက် ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း ဈေးကွက်အခြေအနေမှာ ၂၀၁၆ ခုနှစ်၊ မေလတွင် မတ်ပဲတစ်တင်း နိမ့်၊မြင့်ပေါက်ဈေးနှုန်းမှာ ကျပ် ၅၂၅၀၀၊ ကျပ် ၅၄၅၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်ခဲ့လို့ ယခုနှစ်ကာလတူ ပေါက်ဈေးမှာ ဈေးနိမ့်နေကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာ ကျပ် ၂၉၅၀၀ ပေါက်ပြီး နေ့စဉ်အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ပဲစင်းငုံသီးနှံရဲ့ ၂၀၁၆ ခုနှစ်၊ မေလအတွင်းဖြစ်ပေါ်ခဲ့သော နိမ့်၊ မြင့်ပေါက်ဈေးနှုန်းမှာ ကျပ် ၄၈၁၀၀၊ ကျပ် ၄၉၈၀၀ နှုန်းဖြစ်လို့ ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ထက်ဝက်နီးပါးလျော့နည်းနေကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာ ကျပ် ၁၉၈၀၀ နှုန်းဖြစ်ပြီး အိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကာ ပြည်ပဝယ်လက် ပဲဈေးကွက်သာမက ပြည်တွင်းဝယ်လက်ပဲဈေးများထက် လျော့နည်းနေကြောင်းသိရပါတယ်။

ပဲတီစိမ်းသီးနှံမှာ ၂၀၁၆ ခုနှစ်၊ မေလအတွင်း ဖြစ်ပေါ်ခဲ့သော နိမ့်၊မြင့်ပေါက်ဈေးနှုန်းမှာ ကျပ် ၃၀၀၀၀၊ ကျပ် ၃၄၀၀၀ နှုန်းနဲ့အရောင်းအဝယ်ဖြစ်ပြီး ယခုနှစ်ကာလတူပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးမြင့်လျက်ရှိပြီး အရောင်းအဝယ်အသွက်ဆုံးသီးနှံဖြစ်ကြောင်း သိရပါတယ်။ ယခုနှစ် မေလအတွင်း ပဲဝင်ရောက်မှုများလာပြီး အဝင်ရှိသလောက် အဝယ်သွက်နေကြောင်းသိရပါတယ်။

ပြည်တွင်းဝယ်လက်ပဲများဖြစ်တဲ့ ကုလားပဲဖြူလုံးကြီး၊ 929၊ ပဲကြီးသီးနှံများမှာ နေ့စဉ်အဝယ်ရှိသော်လည်း ဈေးအနည်းငယ်ကျ၍ အရောင်းအေးနေကြောင်းသိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် 929 သီးနှံမှာ ၂၀၁၆ ခုနှစ်၊ မေလအတွင်းဖြစ်ပေါ်ခဲ့သော နိမ့်၊မြင့်ပေါက်ဈေးနှုန်းမှာ ကုလားပဲဖြူလုံးကြီးတစ်တင်း ကျပ် ၃၇၃၀၀၊ ကျပ် ၃၉၆၀၀၊ 929 တစ်တင်း ကျပ် ၃၆၂၀၀၊ ကျပ် ၃၈၂၀၀ နှုန်းနှင့် အရောင်းအဝယ်ဖြစ်ပြီး ယခုနှစ်ကာလတူပေါက်ဈေးနှုန်းမှာ ကုလားပဲဖြူလုံးကြီးတစ်တင်း ကျပ် ၃၆၅၀၀၊ ကျပ် ၃၉၂၀၀ နှုန်းပေါက်လျက် 929 တစ်တင်း ကျပ် ၄၀၈၀၀၊ ကျပ် ၄၉၀၀၀ နှုန်းပေါက်လျက် ယခင်နှစ်ကာလတူဈေးနှုန်းထက် ဈေးမြင့်နေပြီး ပြည်ပဝယ်လက်ပဲများ ပေါက်ဈေးထက် ဈေးမြင့်နေကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာ ကုလားပဲဖြူလုံးကြီးတစ်တင်း ကျပ် ၄၁၃၀၀၊ 929 တစ်တင်း ကျပ် ၃၈၅၀၀ နှုန်းအသီးသီးပေါက်လျက် အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

ပဲကြီးသီးနှံမှာ ၂၀၁၆ ခုနှစ်၊ မေလအတွင်းဖြစ်ပေါ်ခဲ့သော နိမ့်၊မြင့်ပေါက်ဈေးနှုန်း ကျပ် ၂၅၀၀၀၊ကျပ် ၂၆၅၀၀ နှုန်းနှင့် အရောင်းအဝယ်ဖြစ်လျက်ရှိကာ ယခုနှစ်ကာလတူ ဈေးမှာ ဈေးမြင့်လျက်ရှိကြောင်းတွေ့ရပါတယ်။ ပဲကြီးသီးနှံကို ပြည်တွင်းသုံးအနေနဲ့ ပဲကြော်ဖိုသမားများ ဝယ်ယူမှုရှိတာကြောင့် အရောင်းအဝယ်ဖြစ်လျက်ရှိကာ ပြည်ပဝယ်လက်ပဲများထက်ဈေးအမြင့်ရနေပြီး ယခုတစ်ပတ် ပေါက်ဈေးမှာ ကျပ် ၄၉၅၀၀ နှုန်းပေါက်လျက်ရှိပြီး အိတ် ၃၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ပြည်တွင်းဝယ်လက်ပဲများဖြစ်တဲ့ ကုလားပဲ၊ ပဲကြီးသီးနှံများအပြင် စွန်တာနီ၊ ထောပတ်၊ မြေထောက်ပဲ၊ ပဲယင်း၊ ပဲလွန်းပြာ၊ စီပီပြောင်း စသည့်သီးနှံများလည်း ဒေသတွင်းသုံးဝယ်လက်ရှိလို့ အရောင်းအဝယ်ပုံမှန် ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ စွန်တာနီပဲမှာ ၂၀၁၆ခုနှစ်၊ မေလအတွင်းဖြစ်ပေါ်ခဲ့သော နိမ့်၊ မြင့် ပေါက်ဈေးနှုန်းကျပ် ၁၄၂၀၀၊ ကျပ် ၁၅၆၀၀ နှုန်းနဲ့ အရောင်းအဝယ် ဖြစ်လျက်ရှိကာ ယခုနှစ်ကာလတူပေါက်ဈေးနှုန်းမှာ ဈေးမြင့်နေ ကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ်ဖြစ်ပေါ်ခဲ့သော ပေါက်ဈေးနှုန်းမှာ ကျပ် ၂၅၀၀၀ နှုန်းနဲ့ အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ထောပတ်ပဲရဲ့ ယခုနှစ် မေလဖြစ်ပေါ်ခဲ့သော နိမ့်၊မြင့်ပေါက်ဈေးနှုန်းမှာ ကျပ် ၂၁၀၀၀၊ ကျပ် ၂၂၀၀၀ နှုန်းနှင့် အရောင်းအဝယ်ဖြစ်ကာ ယခင်နှစ်ကာလတူပေါက်ဈေးထက် ဈေးမြင့်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် ပေါက်ဈေးနှုန်းမှာ ကျပ် ၂၈၀၀၀ နှုန်းနဲ့ အိတ်၃၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ မြေထောက်ပဲသီးနှံရဲ့ ယခုနှစ်မေလအတွင်းဖြစ်ပေါ်ခဲ့သော နိမ့်၊ မြင့်ပေါက်ဈေးနှုန်းမှာ ကျပ် ၂၈၀၀၀၊ ကျပ် ၃၀၀၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိကာ ယခင်နှစ် ကာလတူဈေးထက် ဈေးမြင့်နေကြောင်း သိရပါတယ်။ ယခုတစ်ပတ် ပေါက်ဈေးနှုန်းမှာ ကျပ် ၃၀၀၀၀ နှုန်းနဲ့ အိတ်၁၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ပဲယင်းသီးနှံရဲ့ ၂၀၁၆ခုနှစ်၊ မေလအတွင်းဖြစ်ပေါ်ခဲ့သော နိမ့်၊ မြင့်ပေါက်ဈေးနှုန်းကျပ် ၁၄၅၀၀၊ ကျပ် ၁၄၇၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခုနှစ်ကာလတူ ပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးမြင့်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် ပေါက်ဈေးနှုန်းမှာ ကျပ် ၁၇၅၀၀ နှုန်းနဲ့ အိတ် ၃၀၀ခန့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ပဲလွန်းပြာသီးနှံကတော့ ယခုနှစ် မေလအတွင်း ဖြစ်ပေါ်ခဲ့သော နိမ့်၊ မြင့် ပေါက်ဈေးနှုန်းမှာကျပ် ၂၀၀၀၀၊ ကျပ် ၂၃၀၀၀ နှုန်းဖြစ်ပေါ်ပြီး ယခင်နှစ် ကာလတူပေါက်ဈေးနှုန်းထက် ဈေးမြင့်လျက်ရှိကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ်ဖြစ်ပေါ်သော ပေါက်ဈေးနှုန်း မှာကျပ် ၂၀၀၀၀ နှုန်းနဲ့ ဈေးကျလျက်ရှိပြီး အိတ် ၁၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုနှစ် မေလအတွင်း ဖြစ်ပေါ်ခဲ့သော စီပီပြောင်း နိမ့်၊ မြင့် ပေါက်ဈေးနှုန်းမှာ ကျပ် ၇၀၀၀၊ ကျပ် ၇၄၀၀ နှုန်းနှင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်နှစ်ကာလတူဈေးအောက် လျော့နည်းနေကြောင်းတွေ့ရပါတယ်။ ယခုတစ်ပတ် ပေါက်ဈေးနှုန်းမှာကျပ် ၇၅၀၀ နှုန်းနဲ့ အိတ်၅၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက်မှာ ၂၀၁၇ခုနှစ်၊ ယခုတစ်ပတ်အထိ ပြည်တွင်းဝယ်လက်ပဲများအားလုံး ယခင်နှစ်ကာလတူဖြစ်ပေါ်ခဲ့သော ပေါက်ဈေးနှုန်းထက် ဈေးမြင့်နေကြောင်း တွေ့ရပါတယ်။

ဆီထွက်သီးနှံဈေးကွက်မှာ ယခုတစ်ပတ် မြေပဲဆန်တစ်ပိဿာပေါက်ဈေးမှာ မြေပဲလုံးဆန် ၂၄၇၅ ကျပ်နဲ့ အိတ် ၅၀၀ ခန့်၊ မြေပဲဆန်နီ ၂၃၂၅ ကျပ်နဲ့ အိတ် ၃၀၀ခန့် ဆီဆန် ကျပ် ၂၀၅၀ နဲ့ အိတ် ၂၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်သတင်းရပ်ကွက်မှသိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## မုံရွာကုန်စည်ဒိုင်သို့ မိုးပဲတီစိမ်းသစ်များ ဈေးနှုန်းမြင့်တက်ပြီး အရောင်းအဝယ်သွက်

မေလဆန်းမှစ၍ မိုးပဲတီစိမ်းသီးနှံသစ်များ မုံရွာကုန်စည်ဒိုင်သို့ စတင်ဝင်ရောက်လျက်ရှိကြောင်းသိရပါတယ်။ မိုးပဲတီစိမ်းကို မုံရွာ၊ ရွှေဘို၊ စစ်ကိုင်းစသည့်ခရိုင်တို့မှ အများဆုံးစိုက်ပျိုးပြီး မုံရွာကုန်စည်ဒိုင်သို့ ရေဦး၊ မုံရွာ၊ ချောင်းဦးမြို့နယ်များမှနေ့စဉ်အိတ် ၂၀၀၀ကျော် ဝင်ရောက်နေကြောင်းသိရပါတယ်။ပဲတီစိမ်းသီးနှံကို တရုတ်ဝယ်လက်ရှိ၍ မန္တလေးအဝယ်လိုင်းသမားက အဝင်ရှိသလောက် ဝယ်ယူလျက်ရှိကြောင်းသိရပါတယ်။ ပဲတီစိမ်းသီးနှံပေါက်ဈေးနှုန်းမှာ ယခင်တစ်ပတ်က တစ်တင်းကျပ် ၂၀၀၀ကျော်မြင့်တက်ခဲ့ရာမှ ယခုတစ်ပတ်အတွင်း တစ်တင်းကျပ် ၃၀၀၀၊ ကျပ် ၃၅၀၀ အထိ ဆက်လက်မြင့်တက်လာခဲ့ပြီး ပြည်ပဝယ်လက်ပဲများအနက် ဈေးအမြင့်ဆုံးနဲ့ အရောင်းအဝယ်အသွက်ဆုံးသီးနှံ ဖြစ်ကြောင်းသိရပါတယ်။ယခုတစ်ပတ် ပဲတီစိမ်းသီးနှံတစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၄၂၅၀၀ နှုန်းပေါက်လျက်ရှိပြီး ယခင်နှစ်ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက ယခုနှစ်ပေါက်ဈေးမှာ ဈေးမြင့်နေတာတွေ့ရပါတယ်။ **ကြည်ကြည်နွယ်(မုံရွာ)**

## ကြက်သွန်နီ

# မူဆယ်နယ်စပ်ရော မြဝတီနယ်စပ်မှပါ ကြက်သွန်နီတင်ပို့

မေ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၆၅ သန်းတန်ဖိုးရှိ ကြက်သွန်နီ ၁၂၀၅ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၄၀၁ တန်နဲ့ နှိုင်းယှဉ်ပါက ၁၉၆ တန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်ကတော့ အမေရိကန်ဒေါ်လာ ၁၂၇၉၂ တန်ဖိုးရှိ ကြက်သွန်နီ တန် ၃၀ ကိုလည်းကောင်း၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ် လာ ၁၄၇၀၀၀ တန်ဖိုးရှိ ကြက်သွန်ဖြူ တန် ၁၀၀ ကိုလည်းကောင်း ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် ကတော့ မြဝတီမှ ကြက်သွန်နီ တင်ပို့မှုမရှိဘဲ တာချီလိတ်မှ ကြက်သွန်နီ ၁၂၅ တန်နဲ့ ကြက်သွန်ဖြူ တန် ၁၇၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ပြည်ကြက်သွန်နီဈေးကွက် အဝင်နည်းသလို အရောင်းအဝယ်လည်းအေး

ယခုတစ်ပတ် ပြည်ကြက်သွန်နီဈေးကွက်သို့ ကြက်သွန်နီများ ဝင်ရောက်မှု သိသိသာသာနည်းသွားကြောင်းသိရပါတယ်။ ယခုကာလမှာ မုန်တိုင်းကြောင့် မိုးရွာသွန်းမှုများပြီး ကြက်သွန်နီအဓိကစိုက်ပျိုးထွက်ရှိရာ မကွေးတိုင်း၊ မန္တလေးတိုင်းတို့မှ ထွက်ရှိတဲ့ကြက်သွန်နီများမှာ အစိုဓာတ်များပါဝင်ကာ အရည်အသွေးသိပ်မကောင်းတာတွေ့ရပါတယ်။ ပြည်ပွဲရုံ လုပ်ငန်းရှင်များကလည်း ကြက်သွန်နီ အရည်အသွေးမကောင်းတဲ့အတွက် မှာယူမှုနည်းနေကြောင်းသိရပါတယ်။ အရောင်းအဝယ်အနေနဲ့ ဒေသတွင်း ဝယ်လက်သမားများ၊ အိတ်ဆွဲဝယ် ရောင်းသမားများနှင့် ဧရာဝတီ၊ ရခိုင်တို့သို့ စားသုံးမှုအဖြစ် တင်ပို့မှုအပါအဝင် တစ်နေ့လျှင် ပိဿာ ၃၀ ဝင်အိတ် ၂၅၀ခန့်သာရှိ၍ အဝင်နည်းသလို အရောင်းအဝယ်မှာလည်း သိသိသာသာအေးနေတာတွေ့ရပါတယ်။ အရောင်းအဝယ်အေးပေမယ့် ဈေးနှုန်းကျဆင်းမှုမရှိဘဲ ယခင်တစ်ပတ်ဈေးအတိုင်း ပြောင်းလဲမှုမရှိတာ တွေ့ရပါတယ်။ ပြည်ပွဲရုံများတွင်လက်ကားတစ်ပိဿာကို(ကြီး/လတ်)ကျပ် ၈၀၀ မှ ၉၀၀၊ (အသေးစ)ကျပ်၇၅၀တို့ရှိပြီး လက်လီဈေးအသေးများတွင် (ကြီး/လတ်) ကျပ် ၁၀၀၀၊ ၁၁၀၀ မှ ၁၂၀၀၊ (အသေးစ) ကျပ် ၈၀၀ မှ ၉၀၀ တို့နှင့် အသီးသီးရောင်းဝယ်လျက်ရှိနေတာ တွေ့ရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

# မေလအတွင်း မုံရွာကြက်သွန်နီဈေးကွက် ဈေးငြိမ်အရောင်းအဝယ်အေး

မုံရွာ(ပွဲရုံ) စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ် ကြက်သွန်နီဈေးကွက်မှာ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်မှုကတော့ အနည်းငယ်အေးနေကြောင်းသိရပါတယ်။ ပွဲရုံသို့နေ့စဉ်ကြက်သွန်နီ ပိဿာချိန် ၂၅၀၀၀ခန့် အဝင်ရှိပြီး မုံရွာပွဲရုံများမှ ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းချပါတယ်။ အရောင်းအဝယ်ကတော့အခါတိုင်းထက်အေးနေကြောင်း မုံရွာကြက်သွန်နီပွဲရုံများမှ သိရပါတယ်။ ယခုတစ်ပတ် မုံရွာပွဲရုံများတွင် ကြက်သွန်နီတစ်ပိဿာ လက်ကားပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၇၅၀၊ (လတ်) ကျပ် ၇၀၀၊ (သေး)ကျပ် ၆၅၀နှုန်း ပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၁၀၀၀၊ (လတ်)ကျပ် ၉၀၀၊ (သေး) ကျပ် ၈၀၀ နှုန်းနဲ့ ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ်လက်ကားပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၇၅၀၊ (လတ်) ကျပ် ၇၀၀၊ (သေး)ကျပ် ၆၅၀ နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၇၅၀၊ (လတ်)ကျပ် ၇၀၀၊ (သေး) ကျပ် ၆၅၀ နှုန်းပေါက်လျက်ရှိပြီး ယခင်တစ်ပတ်ပေါက်ဈေးနှုန်းအတိုင်း ဈေးငြိမ်ကာ အရောင်းအဝယ်အေးနေကြောင်းသိရပါတယ်။

ကြက်သွန်ဖြူဈေးကွက်တွင် ဈေးအနည်းငယ် ကျဆင်းလျက်ရှိကြောင်း သိရပါတယ်။ ကြက်သွန်ဖြူဈေးနှုန်းကျဆင်းရခြင်းမှာ တရုတ်ကြက်သွန်ဖြူ (ကြူကုတ်)များ ဝင်ရောက် လာ၍ ဈေးနှုန်းကျဆင်းရခြင်းဖြစ်ကြောင်းသိရပါတယ်။ မုံရွာပွဲရုံသို့ ကြက်သွန်ဖြူ ပိဿာ ၃၀၀၀ခန့် အဝင်ရှိပြီး ယခုတစ်ပတ် ကြက်သွန်ဖြူတစ်ပိဿာ ပွဲရုံဈေးနှုန်းမှာ (ဗမာ) ကျပ် ၄၀၀၀၊ (ရှမ်း) ကျပ် ၂၅၀၀၊(ကြူကုတ်)ကျပ် ၂၀၀၀ နှုန်းဖြစ်ပြီး လက်လီပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၄၅၀၀၊ (ရှမ်း) ကျပ် ၃၀၀၀၊ (ကြူကုတ်) ကျပ် ၂၅၀၀ နှုန်း ပေါက်လျက်ရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် အနည်းငယ်ဈေး နှုန်းကျဆင်းလျက်ရှိကာ အရောင်းအဝယ်ကတော့ ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာ ကြက်သွန်နီပွဲရုံမှ သိရပါတယ်။

**ကြည်ကြည်နွယ် ( မုံရွာ )**

## ချင်း

# ပြည်ချင်း အဝင်အေး အရောင်းအေး

ယခုရက်သတ္တပတ်တွင် ပြည်ချင်းဈေးကွက်သို့ အောင်ပန်းချင်းပိဿာ ၃၀ ဝင်အိတ် ၂၀ ခန့်သာ ဝင်ရောက်တဲ့အတွက် ချင်းအဝင်နည်းတဲ့အချိန်ဖြစ်ပါတယ်။ ဈေးကွက်မှာပစ္စည်းလည်းရှား၊ အရောင်းအဝယ်ကလည်း ခပ်ပါးပါးဖြစ်ပေမယ့် ဈေးနှုန်းမှာ ယခင်တစ်ပတ်အတိုင်း ရှိပြီး တစ်နေ့ကို ပိဿာချိန် ၁၅၀ ခန့်နဲ့ အရောင်းအဝယ်အေးနေတာကို တွေ့ရပါတယ်။ ပြည်ဈေးကွက်မှာ ချင်းတစ်ပိဿာကို (ရှယ်) ကျပ် ၈၀၀ မှ ကျပ် ၁၀၀၀၊ (ဂွန်) ကျပ် ၅၀၀ မှ ကျပ် ၇၀၀ ရှိပြီး၊ ပြည်ဈေးကွက်မှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီး နှင့်ရခိုင်ပြည်နယ်သို့ ယခုတစ်ပတ်အတွင်း စားသုံးမှုအဖြစ် တစ်နေ့လျှင် ပိဿာချိန် ၃၀၀ ခန့် တင်ပို့နေတယ်လို့ သိရပါတယ်။

**ဝင်းဝင်းခိုင်**

# ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ချင်းစိုပိုမိုတင်ပို့ပြီး တရုတ်နယ်စပ်မှ ချင်းခြောက်လျော့နည်း တင်ပို့

မေ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ စစ်တွေနဲ့ မောင်တောကုန်သွယ်ရေးစခန်းတို့မှ အမေရိကန်ဒေါ်လာ ၆၀၄၈၀ တန်ဖိုးရှိ ချင်းစို ၁၈၇ တန်ကို ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ စစ်တွေမှ တန် ၃၀ နဲ့ မောင်တောမှ ၁၅၇ တန် ဖြစ်ပါတယ်။ ယခင်တစ်ပတ်က စစ်တွေမှ ၁၅ တန်နဲ့ မောင်တောမှ ၁၃၅ တန် စုစုပေါင်းတန် ၁၅၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်းစို ၃၇ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ စစ်တွေမှာ ချင်းစိုတစ်တန်ရဲ့ မိမိဘက်ပေါက်ဈေး ငွေလဲနှုန်းအရ ကျပ် ၁၀၃၄၅၅၀ ဈေးရှိတယ်လို့ သိရပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၁၉၈၄ တန်ဖိုးရှိချင်းခြောက်နှစ်တန်နီးပါး တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ၁၇ တန် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၁၅ တန် လျော့နည်း တင်ပို့ ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ချင်းခြောက်တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးက ငွေလဲနှုန်းအရ ကျပ် ၁၆၈၆၄၀၀ ခန့်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ချင်းတန်ချိန် ၅၀၀ ကျော်တင်ပို့

မေလ ၂၁ရက်မှ ၂၇ရက်အထိ သီတင်းပတ်အတွင်း ချင်း၁၈၇ဒသမ၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူ-နိုင်ငံသို့ ၁၀၈ တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၇၉ ဒသမ ၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ချင်းတန်ချိန် ၅၂၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန်၃၃၀ကျော် တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ၄၀၃၁၃ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။ ၂၀၁၇ ခု ဇန်နဝါရီလ ၁ရက်မှ မေလ၃၁ရက်အထိ ချင်း ၁၆၉၂ဒသမ ၆၅၅တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၆၁၆၀၄၈ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**

# ရှမ်းချင်း အဝင်နည်း

အောင်ပန်းဈေးကွက်မှာတော့ ချင်း(စို) အဝင်နည်းသွားပြီလို့သိရပါတယ်။ စိုက်ချိန်ပြန်ရောက်လာပြီဖြစ်လို့ ခြံရှင်၊ တောင်သူတွေ ပြန်ပြီးစိုက်ပျိုးနေတဲ့အတွက် ဈေးကွက်ကိုအဝင်နည်းလာတယ်လို့ သိရပါတယ်။ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ အိန္ဒိယ၊ သီရိလင်္ကာ၊ ပါကစ္စတန်စတဲ့နိုင်ငံတွေကတော့ ဘာသာရေးပွဲတော်မစမီမှာဝယ်ယူပေမယ့် ယခုဥပုသ်ကာလဖြစ်တာရယ်၊ မုန်တိုင်းဝင်လာတာရယ်ကြောင့် အဝယ်ရပ်သွားတယ်လို့သိရပါတယ်။

ပြည်တွင်းမှာလည်း ရာသီဥတုကူးပြောင်းလာပြီး မိုးရွာသွန်းမှုများနေတာကြောင့် အရောင်းအဝယ်လည်းအေးသွားတယ်လို့ သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ ချင်း(စို)တစ်ပိဿာပေါက်ဈေးတွေက အနိမ့်ဆုံး ကျပ် ၂၀၀ မှ အမြင့်ဆုံး ကျပ် ၄၇၀ ဈေးရှိပါတယ်၊ ချင်းခြောက်ကတော့ တစ်ပိဿာကို ကျပ် ၁၃၀၀ - ကျပ် ၁၄၀၀ ဈေးရှိပါတယ်။ ဟိုပုံးဈေးကွက်က ချင်း(စို)တွေကိုတော့ အိန္ဒိယဝယ်လက်က ဝယ်ယူမှုနည်းပြီး၊ တရုတ်ဝယ်လက်တွေသာ အဝယ်များပါတယ်။

လတ်တလောမှာတော့ စိုက်ပျိုးချိန်ရောက်လာတာကြောင့် အဝင်လည်း နည်းသွားပါတယ်။ ချင်းစိုကတော့ လက်ကျန်လည်းကုန်သလောက်ဖြစ်နေပါပြီ၊ တောင်သူတွေက မျိုးအတွက်လည်း ပြန်ပြီးဝယ်ယူနေလို့ ကုန် သလောက်ဖြစ်သွားတယ်လို့ သိရပါတယ်။ ချင်းခြောက်ကတော့ တစ်ပိဿာ ကျပ် ၁၃၅၀ ဈေးရှိတယ်လို့ ဒေသခံပွဲရုံတွေထံမှ သိရှိရပါတယ်။။

**ဧခိုင်-တောင်ကြီး**

## နနွင်း

# ဒီတစ်ပတ် နနွင်းတင်ပို့မှုလျော့

မေလ ၂၁ ရက်မှ ၂၇ရက်အထိ သီတင်းပတ်အတွင်း နနွင်း၆၆ဒသမ ၀၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ ၂၈ တန်နဲ့ အိန္ဒိယနိုင်ငံသို့ ၃၈ ဒသမ ၀၂ တန် တင်ပို့ခဲ့တယ်လို့သိရပါတယ်။

ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ နနွင်းတန်ချိန် ၂၄၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၁၇၀ ကျော် တင်ပို့မှုလျော့ခဲ့ပါတယ်။ နနွင်းတစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၂၀ ကျော်ရရှိခဲ့လို့ ဒီတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၄၂၃၈ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

၂၀၁၇ ခု ဇန်နဝါရီ ၁ ရက်မှ မေလ ၃၁ ရက်အထိ နနွင်း၃၅၃၆ဒသမ ၇၀၅ တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၅၆၈၆၃၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# ရှမ်းနနွင်းလက်ကျန်များပြီး အဝယ်အေး

ဟိုပုံးဈေးကွက်မှာတော့ နနွင်းလက်ကျန်တွေအတော်များများကျန်ရှိနေပါသေးတယ်။ ဝယ်လက်တွေကလည်း နနွင်းအရည်အသွေးပေါ်မူတည်ပြီး ဝယ်ယူတာကြောင့်ဈေးကွက်မှာဈေးအမျိုးမျိုးရှိနေပါတယ်။ နနွင်း(နီ)ကို ဝယ်လက်တွေက ပိုအကြိုက်တွေ့တာကြောင့် အကုန်မြန်တယ်လို့ သိရပါတယ်။ တရုတ်ဝယ်လက်တွေကတော့ ရွာတွေမှာအထိုင်ချပြီး ဝယ်ယူနေလို့ ထိပ်စတွေက ကုန်သလောက်ဖြစ်သွားပြီလို့လည်းသိရပါတယ်၊ မေလမှာ မိုးရွာသွန်းမှု များလာတာကြောင့် အရောင်းအဝယ်အေးသွားပြီး နနွင်းပေါက်ဈေးကတော့ အနိမ့်ဆုံး ကျပ် ၁၅၀၀မှ အမြင့်ဆုံး ကျပ် ၂၅၀၀ ဈေးရှိပါတယ်။

အောင်ပန်းဈေးကွက်မှာလည်း နနွင်းအဝယ်ကအေးနေပါတယ်။ ရာသီဥတုကြောင့် အရောင်းအဝယ်ပါးနေပြီး မူဆယ်ဝယ်လက်တွေက ဆင်တောင်နနွင်းကိုဈေးကွက်မှာတင်မကဘဲ ထွက်ရှိတဲ့ နေရာတွေဆီ အရောက်လိုက်ဝယ်နေတယ်လို့ လည်းသိရပါတယ်။

အောင်ပန်းဈေးကွက်ကတော့ နနွင်း (ဝါ) ကို တစ်ပိဿာ ပေါက်ဈေးက အနိမ့်ဆုံးကျပ် ၉၀၀ မှ ကျပ် ၁၂၀၀ ရှိပြီး၊ ဆင်တောင်နနွင်း ကတစ်ပိဿာ ကျပ် ၃၀၀၀ မှ ကျပ် ၃၅၀၀ ဈေးရှိပါတယ်။

**ဧခိုင်-တောင်ကြီး**

## မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံကျော်ရရှိပြီး

# ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ပိုမိုရရှိ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံ၊ နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မေလ ၂၆ ရက်အ ထိ မြန်မာနိုင်ငံရဲ့ ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံရရှိပြီး ကုန်သွယ်မှု ပမာဏ အနေဖြင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံကျော် ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ယခင်နှစ် ကာလတူထက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံနီးပါး ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း ကုန်သွယ်ရေး ဦးစီးဌာနရဲ့ စာရင်းဇယားများအရ သိရှိရပါတယ်။

ယခုနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ပို့ကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ဒသမ၇ ဘီလီယံ တင်ပို့နိုင်ခဲ့ရာ အုပ်စုလိုက် တင်ပို့မှုကို လေ့လာကြည့်ပါက စက်မှုကုန်ချော အုပ်စုက ၃၉ ရာခိုင်နှုန်းဖြင့် အများဆုံး တင်ပို့နိုင်ပြီး၊ လယ်ယာထွက်ကုန်ပစ္စည်းအုပ်စုက ၃၁ ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံး တင်ပို့နိုင်ခဲ့ကာ အခြားပစ္စည်းအုပ်စုက ၁၅ရာခိုင်နှုန်း ဖြင့်တတိယအများဆုံး တင်ပို့နိုင်ခဲ့ပါတယ်။ ကျန်ရေထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်းတွေကိုတော့ ၁၅ ရာခိုင်နှုန်းသာ တင်ပို့နိုင်ကြောင်း တွေ့ရှိရပါတယ်။




တဖန် မြန်မာနိုင်ငံမှတင်ပို့ခဲ့တဲ့ ပို့ကုန် များကို အသေးစိတ် လေ့လာကြည့်ရာမှာ အဓိက တင်ပို့ခဲ့တဲ့ကုန်ပစ္စည်းများမှာ သဘာဝဓာတ်ငွေ့၊ ချုပ်ပြီးအထည်၊ဆန်၊ဆန်ကွဲ၊မတ်ပဲ၊သတ္တုနှင့် သတ္တုရိုင်းများ၊ ပဲတီစိမ်း၊ ငါးမျိုးစုံ၊ ရော်ဘာစိမ်း၊ ပြောင်းနဲ့ ပဲစင်းငုံတို့ ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ယခုနှစ်မှာ ပို့ကုန်တင်ပို့မှုအနေနဲ့ အမေရိကန် ဒေါ်လာ ၁၇၁၁ သန်းရှိတဲ့အတွက် ယခင်နှစ် ကာလတူထက် အမေရိကန်ဒေါ်လာ သန်း ၂၇၀ နီးပါး ပိုမိုတင်ပို့ နိုင်ခဲ့တာကိုတွေ့ရှိရပါတယ်။ ပိုမိုတင်ပို့နိုင်တဲ့ ပစ္စည်းတွေကတော့ ဆန်၊ ဆန်ကွဲ၊ သတ္တုနှင့်သတ္တုရိုင်းများ၊ CMP ချုပ်ပြီး အထည်များ၊ Re-exportစနစ်နဲ့ တင်ပို့တဲ့ ဒီဇယ်၊ ရော်ဘာစိမ်း၊ ပြောင်း၊ ကုလားပဲ၊ ကျွန်းခွဲသားတို့ ဖြစ်ပါတယ်။

**၁-၄-၂၀၁၇ မှ ၂၆-၅-၂၀၁၇ ရက်နေ့အထိ ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ချက်စာရင်း**

တန်ဖိုး-ဒေါ်လာသန်း

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ | | ၂၀၁၆-၂၀၁၇ | | နှိုင်းယှဉ်ချက် (+)/(-) | |
|---|---|---|---|---|---|---|---|
| | | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး |
| ဆန်၊ ဆန်ကွဲ | တန် | ၃၉၉၀၃၂ | ၁၁၇.၃၂ | ၁၁၄၆၉၇ | ၄၀.၅၃ | ၂၈၄၃၃၄ | ၇၇ |
| သတ္တုနှင့် သတ္တုရိုင်းများ | တန် | ၂၈၇၉၄ | ၇၄.၂၀ | ၉၉၉၅ | ၁၆.၂၀ | ၁၈၇၉၉ | ၅၈ |
| ချုပ်ပြီးအထည် | ခု | ၄၄၇၅၁၀၆၅ | ၂၄၅.၈၅ | ၄၆၃၀၃၉၀၂ | ၁၉၀.၃၇ | -၁၅၅၂၈၃၇ | ၅၅ |
| အခြားသတ္တုတွင်းထွက် ပစ္စည်းများ | တန် | ၁၂၉၆၇ | ၄၅.၉၁ | ၄၄၂၁ | ၀.၅၀ | ၈၅၄၇ | ၄၅ |
| Re- Export (Hight Speed Diesel Oil) | တန် | ၂၄၆၉၉ | ၂၇.၀၇ | ၂၀၀၀ | ၀.၇၅ | ၂၂၆၉၉ | ၂၆ |
| ရော်ဘာစိမ်း | တန် | ၂၅၂၄၂ | ၄၁.၂၃ | ၁၇၅၂ | ၁၈.၆၅ | ၇၇၃၀ | ၂၃ |
| ပြောင်း | တန် | ၂၀၈၈၉၉ | ၃၇.၃၇ | ၅၈၇၆၀ | ၁၅.၂၄ | ၁၅၀၁၃၉ | ၂၂ |
| ကုလားပဲ | တန် | ၁၉၆၆၆ | ၁၇.၀၀ | ၄၂၀၈ | ၂.၉၆ | ၁၅၄၅၈ | ၁၄ |
| ကျွန်းသစ်ခွဲသား | တန် | ၇၆၆ | ၁၁.၁၅ | | | ၇၆၆ | ၁၁ |
| ကျောက်စိမ်း | တန် | ၇၀ | ၁၀.၁၄ | ၁၂ | ၀.၂၀ | ၅၈ | ၁၀ |



**ရှင်မင်းအုံ (တန့်ဆည်)**

ယခုဘဏ္ဍာနှစ်မှာ ဆန်နှင့်ဆန်ကွဲ တန်ချိန် လေးသိန်းနီးပါး တင်ပို့နိုင်ခဲ့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၈ သန်းရရှိခဲ့ပါတယ်။ ယခင်နှစ်ထက် တန်ချိန်တစ်သိန်းနီးပါး တင်ပို့နိုင်ခဲ့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၇၇ သန်းပိုမိုရရှိခဲ့ပါတယ်။ ယခုလို ပိုမိုရရှိခဲ့ခြင်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာ နှစ်မှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ နိုင်ငံ ၁၄ နိုင်ငံသို့ ဆန်ကိုတင်ပို့နိုင်ခဲ့ရာမှ ယခုနှစ်တွင် နိုင်ငံပေါင်း ၃၀ သို့တင်ပို့နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် ဈေးကွက် ပိုမိုရရှိတဲ့အပြင် ရရှိပြီးသား ဈေးကွက်များသို့လည်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ နယ်စပ် ကုန်သွယ်မှုအနေနဲ့လည်း ယခင်နှစ်ထက် တန်ချိန် ၁ဒသမ၅ သိန်း၊ တန်ဖိုးအမေရိကန် ဒေါ်လာသန်း ၄၀ နီးပါး ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်က မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အဓိက တင်ပို့သော်လည်း ယခုနှစ်တွင် လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီ အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စစ်တွေ၊ မောင်တောစခန်းများမှ တင်ပို့ခဲ့ကြောင်း တွေ့ရှိရပါတယ်။

Re –exportစနစ်ဖြင့် တင်ပို့တဲ့ High Speed Diesel ဟာ ယခုနှစ်မှာတန်ချိန် ငါးသောင်းခန့်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၀၇ သန်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ယခင်နှစ်က Re-export စနစ်နဲ့ သကြားတင်ပို့မှုမှာ တန်ချိန် ၂ဒသမ၉ သိန်းရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆၁ သန်း တင်ပို့နိုင်ခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၁ဒသမ ၃သိန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၈၅ သန်းသာ တင်ပို့နိုင်ခဲ့တဲ့အတွက် တန်ချိန် ၁ ဒသမ ၆ သိန်း၊တန်ဖိုး အမေရိကန် ဒေါ်လာ ၇၆ သန်းလျော့နည်း တင်ပို့ခဲ့တာ တွေ့ရပါတယ်။ ယခုလို လျော့နည်းတင်ပို့ရခြင်းမှာ ၂၀၁၇ ခုနှစ် မေလပထမပတ်နဲ့ ဒုတိယပတ်က တရုတ်နိုင်ငံ အဝေးပြေးလမ်းမကြီးများတွင် သကြားကားများကိုသာ အများအပြား ဖမ်းဆီးနေခြင်းနဲ့ သကြားဈေးနှုန်းများလည်း တစ်အိတ်လျှင် ၂၁၃ ယွမ်မှ ၂၀၃ ယွမ်သာ ရရှိ၍ သကြားတစ်အိတ်လျှင်ယွမ် ၁၀ နှုန်း ကျဆင်းသွားခြင်းကြောင့် ဖြစ်ကြောင်း မူဆယ်ကုန်သည် လုပ်ငန်းရှင်များထံမှ စုံစမ်းသိရှိရပါတယ်။

ရော်ဘာစိမ်းတင်ပို့မှုအနေဖြင့် ယခင်ဘဏ္ဍာ နှစ်ထက် တန်ချိန် ရှစ်ထောင်နီးပါး၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၂၃ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ပင်လယ်ရေကြောင်းမှ အနည်းငယ်သာ တင်ပို့လျက်ရှိပြီး နယ်စပ်ကုန်သွယ်မှုမှသာ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အဓိကတင်ပို့ပြီး ချင်းရွှေဟော်နှင့် မြိတ်စခန်းများမှ အနည်းငယ်တင်ပို့နိုင်ကြောင်း စုံစမ်းသိရှိရပါတယ်။ မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်တွင် ရော်ဘာတစ်တန်လျှင် ယွမ် ၁၁၀၀၀ (အမေရိကန်ဒေါ်လာ ၁၆၂၀)ရှိပြီး တစ်ဘက်နိုင်ငံတွင် ရော်ဘာတစ်တန်လျှင် ယွမ် ၁၁၃၀၀ (အမေရိကန် ဒေါ်လာ ၁၆၆၄) ရှိကြောင်း သိရပါတယ်။ ရော်ဘာဈေးအနည်းငယ် မြင့်တက်လာတဲ့အတွက် အရောင်းအဝယ် ပုံမှန်ရှိနေကြောင်း စုံစမ်းသိရှိရပါတယ်။ ၂၀၁၇ ခုနှစ်၊ မေလ၅ ရက်က ကရင်ပြည်နယ်၊ သီရိဘားအံခန်းမမှာ ကျင်းပခဲ့တဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာနတို့ ပူးပေါင်း စီစဉ်ကူညီပေးမှုဖြင့် International Research and Development Board နှင့် မြန်မာနိုင်ငံ ရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများ အသင်းတို့မှ ကြီးမှူးကျင်းပသော ရော်ဘာအထွက်နှုန်းတိုးတက်ရေး၊ အရည်သွေးမြှင့်တင်ရေးနှင့် ရေရှည်တည်တံ့နိုင်ရေးအတွက် ရော်ဘာခြံရှင်ငယ်များ သို့ နည်းပညာဖြန့်ဖြူးရေး အလုပ်ရုံဆွေးနွေးပွဲ (IRRDB MRPPA Workshop on TOT to Rubber Smallholders for Improved Productivity, Quality and Sustainability)အခမ်းအနားသို့ ပြည်ပနိုင်ငံများဖြစ်သော ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ သီရိလင်္ကာ နိုင်ငံတို့မှပညာရှင်များ IRRDB မှ အထွေထွေ အတွင်းရေးမှူးချုပ်နှင့် အဖွဲ့တို့မှ ၁၅ ဦး တက်ရောက်ပြီး စာတမ်း ၁၁ စောင် ဖတ်ကြားခဲ့ကြောင်း သိရှိရပါတယ်။

ပြောင်းတင်ပို့မှုအနေဖြင့် ယခင်ဘဏ္ဍာနှစ်ထက် တန်ချိန် ၁ ဒသမ ၅ သိန်း၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၂၂ သန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့ ပါတယ်။ ယခင်နှစ်က ပင်လယ်ရေကြောင်းမှ အနည်းငယ်သာ တင်ပို့မှုရှိခဲ့သော်လည်း ယခုနှစ် တွင် တန်ချိန် သုံးသိန်းနီးပါး ၊ တန်ဖိုး အမေရိကန် ဒေါ်လာငါးသန်းပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံသို့အများဆုံး တင်ပို့ပြီးမလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် တရုတ် (တိုင်ပေ) နိုင်ငံများသို့လည်း တင်ပို့နိုင်ခဲ့တာကြောင့် ပြောင်းဈေးကွက်ချဲ့ထွင်လာနိုင်ကြောင်း စုံစမ်းသိရှိရပါတယ်။ ပြည်ပပြောင်း တင်ပို့မှု၏ ၈၆ ရာခိုင်နှုန်းသည် နယ်စပ်ကုန်သွယ်မှုမှ တင်ပို့လျက်ရှိပြီး မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အဓိက အများဆုံး၊ လွယ်ဂျယ်စခန်းမှ ဒုတိယအများဆုံး တင်ပို့ပြီးချင်းရွှေဟော်၊ ကန်ပိုက်တီနှင့် တာချီလိတ်တို့မှာလည်း အနည်းငယ်တင်ပို့ကြောင်း စုံစမ်းသိရှိရပါတယ်။

ပဲမျိုးစုံတင်ပို့မှု၌ ကုလားပဲ တန်ချိန် တစ်သောင်းခွဲ ၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၁၄ သန်းကို ယခုနှစ်တွင် ထူးခြားစွာ ပိုမိုတင်ပို့နိုင်ကြောင်း တွေ့ရှိရပါတယ်။ မေလ ၂၆ ရက်၌ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ကုလားပဲဖြူလုံးကြီး တစ်တန်ကို ၁၃ဒသမ ၂၉ ကျပ်သိန်းဈေးဖြစ်၍ သယ်ယူစရိတ်နဲ့ ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ဆောင်ပြီး တွက်ချက်မယ်ဆိုရင် အရင်း ၁၀၀၂ အမေရိကန်ဒေါ်လာဖြစ်ပြီး FOB ရောင်းဈေးမှာ ၁၀၄၀ အမေရိကန်ဒေါ်လာဖြစ်တဲ့အတွက် ကုန်သည်ကြီးများ၊ ပို့ကုန်လုပ်ငန်းရှင်များ တွက်ခြေကိုက်မှုရှိကြောင်း လေ့လာသိရှိရပါတယ်။ ပင်လယ်ရေကြောင်းမှ တင်ပို့မှုအနေဖြင့်လည်း ယခင်က ၁၁ နိုင်ငံသာတင်ပို့ပြီး ယခုနှစ်တွင် ၁၈နိုင်ငံ တင်ပို့နိုင်ခဲ့သဖြင့် ဈေးကွက်သစ်များ ကျယ်ပြန့်စွာ တင်ပို့နိုင်ကြောင်း စုံစမ်းသိရှိရပါတယ်။

ယခုလို ပို့ကုန်များ ပိုမိုတိုးတက်လာနိုင်ခြင်းဟာ ဒီမိုကရေစီအစိုးရသစ်လက်ထက်၌ မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် ကဏ္ဍပေါင်းစုံကိုတွန်းအားပေး ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် “ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ” ကို ဖွဲ့စည်းခဲ့ကြောင်း၊ အဆိုပါကော်မတီတွင် လုပ်ငန်းကော်မတီငါးခု ထပ်မံဖွဲ့စည်းခဲ့ပြီး၊ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် လုပ်ငန်းရှင်များနှင့် အကြိမ်ကြိမ် တွေ့ဆုံပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ ဆောင်ရွက်ခြင်းဖြင့် ရရှိလာသော အကျိုး ရလဒ်များပင်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါတယ်။

## ခတ်ဆီ/ဒီဇယ်

### ယခုတစ်ပတ်ခတ်ဆီအဝင်လျော့ပြီး ဒီဇယ်အဝင်ပို

မေလ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၇၀၆၆၀၉၀ တန်ဖိုးရှိ ဒီဇယ် ၇၈၁၇၈ ဒသမ ၆၈၅ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၁၄၆၁၂၃၆ တန်ဖိုးရှိ ခတ်ဆီ ၃၈၉၈၈ ဒသမ ၂၇၇ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92)နဲ့ အောက်တိန်း(95)တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ခတ်ဆီတန်ချိန် ၄၃၁၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ခတ်ဆီတန်ချိန် ၄၁၀၀ ကျော် အဝင်လျော့ပြီး ယခင်သီတင်းပတ် က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၇၃၁၀၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၅၀၀၀ ကျော် အဝင်ပိုခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ခတ်ဆီအဝင်လျော့ပြီး ဒီဇယ် အဝင်ပိုခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၉၅၄၀ တန်ဖိုးရှိ ဒီဇယ် တန်ချိန် ၈၀ နဲ့ အမေရိကန်ဒေါ်လာ ၂၆၂၃၅ တန်ဖိုးရှိ အောက်တိန်း (92) ၄၅ တန်၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၆၄၀၃ တန်ဖိုးရှိခတ်ဆီ ၁၀ ဒသမ ၅၀ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၇၆၉၅၀၀ တန်ဖိုးရှိအဆင့်မြင့်ဒီဇယ် တန်ချိန် ၁၆၆၀နဲ့ အမေရိကန်ဒေါ်လာ ၄၉၃၄၃ တန်ဖိုးရှိ ခတ်ဆီ ၈၆ တန်ကိုလည်းကောင်း တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ခတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92)နဲ့ (95) မှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ် ကျပ် ၇၀၀၊ အောက်တိန်း (92) ကျပ် ၇၀၀၊ အောက်တိန်း (95) ကျပ် ၇၅၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၂၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မေ ၂၉ ရက် မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၄၀၀၀၀၊ ရောင်းဈေး ကျပ် ၁၄၂၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ဈေးနဲ့ နှိုင်းယှဉ်ရင် ဝယ်ဈေးရော ရောင်းဈေးပါဈေးငြိမ်နေတယ်လို့ သိရပါတယ်။ မေ ၂၉ ရက်မှာ ခတ်ဆီဝယ်ဈေး ကျပ် ၁၅၇၀၀၀၊ ရောင်းဈေး ကျပ် ၁၆၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇွန် ၂ ရက်တွင် ဝယ်ဈေး ကျပ် ၁၀၀၀ ဈေးမြင့်ခဲ့ သော်လည်း ၊ ရောင်းဈေး ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ရင် ဝယ်ဈေးကျပ် ၁၀၀၀၊ ရောင်းဈေး ကျပ် ၂၀၀၀ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီ တစ်ဂါလံဈေးများမှာ ဒီဇယ် ကျပ် ၃၀၀၀၊ ခတ်ဆီ တစ်ဂါလံ ကျပ် ၃၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)မှာဈေးငြိမ်နေပြီး အောက်တိန်း (95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ကျပ် ၈၃၅၊ ဒီဇယ် တစ်လီတာ ကျပ် ၇၂၀ ၊အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၇၃၅၊ အောက်တိန်း (92) တစ်လီတာ ကျပ် ၇၅၀ ၊ ခတ်ဆီ တစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မေ ၂၉ရက် မှာ ဒီဇယ်ဝယ်ဈေးကျပ် ၁၄၂၀၀၀၊ ရောင်းဈေး ကျပ် ၁၄၄၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဇွန်လ ၂ ရက်တွင် ဝယ်ဈေး ၊ ရောင်းဈေး ကျပ် ၂၀၀၀ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ပြင်ပဈေးကွက်တွင် ခတ်ဆီ အရောင်းအဝယ်မရှိဘဲ အောက်တိန်း (92) သာပီပါဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ် လို့ သိရပါတယ်။ အောက်တိန်း (92)ဈေးမှာ မေ ၂၉ ရက်တွင် ဝယ်ဈေး ကျပ် ၁၄၅၀၀၀၊ ရောင်းဈေးကျပ် ၁၄၉၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇွန် ၂ ရက်တွင် ဝယ်ဈေး ဈေးငြိမ်ခဲ့သော်လည်း ရောင်းဈေး ကျပ် ၂၀၀၀ ဈေးကျခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန် အရောင်းအဝယ်ဖြစ်ပြီး ခတ်ဆီ၊အဆင့်မြင့်ဒီဇယ် ၊ အောက်တိန်း (92) နဲ့ အောက်တိန်း (95) တို့ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးများမှာအဆင့်မြင့်ဒီဇယ် ကျပ် ၇၆၀ ၊ အောက်တိန်း(92) ကျပ် ၇၄၀၊ အောက်တိန်း (95) ကျပ် ၇၈၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၄၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၃၄၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၆၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

### ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်ငြိမ်သက်လျက်ရှိ

ပြီးခဲ့သည့်တစ်ပတ်က ဈေးအမြင့်ဖြင့် ဈေးငြိမ်ခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်ငြိမ်သက်လျက်ရှိကာ အရောင်းအဝယ်များဖြစ်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗဟိုဘဏ်က ဈေးစဖွင့်သည့် မေ ၂၉ ရက်က ၎င်း၏ရည်ညွှန်းငွေလဲနှုန်းကို ၁၃၆၅ ကျပ်ဟုသတ်မှတ်ခဲ့သည်။ ဇွန် ၁ ရက်တွင် ၁၃၆၃ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ပြီး ဇွန် ၂ ရက်တွင် ၁၃၆၁ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။ ငွေလဲနှုန်းများ ငြိမ်သက်လျက်ရှိသဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်များ ကောင်းလျက်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

"ငွေလဲနှုန်းတွေ ငြိမ်နေတာ သုံးပတ်လောက်ရှိသွားပြီ။ အတက်အကျ ရှိတယ်ဆိုပေမယ့် တစ်ကျပ်လောက်ကတော့ သိပ်မပြောပလောက်ဘူး။ ဈေးငြိမ်နေတဲ့အတွက် အရောင်းအဝယ်ကောင်းတယ်လို့ ပြောရမှာပါ။ ဈေးအတက်အကျများတဲ့ အချိန်ဆို အရောင်းအဝယ်သိပ်မကောင်းဘူး"ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ဆိုသည်။

ပုဂ္ဂလိကငွေလဲစင်တာများတွင် မေ ၂၉ ရက်က ရောင်းဈေး ၁၃၅၅ ကျပ်၊ ဝယ်ဈေး ၁၃၅၃ကျပ်ရှိခဲ့ပြီး ဇွန် ၂ ရက်တွင် ရောင်းဈေး ၁၃၅၅ ကျပ်၊ ဝယ်ဈေး ၁၃၅၂ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိသည်။

**မယ်သီတာ**

### ပြည်တွင်းရွှေဈေး ပြန်လည်မြင့်တက်လာ

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ကျဆင်းခဲ့သည့် ပြည်တွင်းရွှေဈေးများသည် ယခုတစ်ပတ်တွင် ပြန်လည်မြင့်တက်လာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကမ္ဘာ့ရွှေဈေးမြင့်တက်မှုကြောင့် ပြည်တွင်းရွှေဈေး မြင့်တက်လာရခြင်းဖြစ်ကြောင်း၊ ရွှေဈေးမြင့်တက်လာခြင်းကြောင့် ပြည်တွင်းရွှေဈေးကွက်တွင် အရောင်းအဝယ်များ ပြန်လည်ဖြစ်လာခဲ့ကြောင်း ရွှေကုန်သည်တစ်ဦးက သုံးသပ်ခဲ့သည်။

"ပြီးခဲ့တဲ့တစ်ပတ်တုန်းက ပြည်တွင်းရွှေဈေးက ကျပ် ၉၀၆၀၀၀ အထိကျဆင်းလာခဲ့ပေမယ့် ဈေးပြန်ဖွင့်တဲ့ရက်မှာ ကျပ် ၉၀၈၀၀၀ အထိ မြင့်တက်လာခဲ့တယ်။ ကမ္ဘာ့ရွှေဈေးကလည်း အမေရိကန်ဒေါ်လာ ၁၂၈၀ အထိ မြင့်တက်သွားခဲ့တော့ ပြည်တွင်းရွှေဈေးလည်း လိုက်ပြီး မြင့်တက်လာရတာပါ။ ဒီနေ့ ဇွန် ၃ ရက်ဆိုရင် ပြည်တွင်းရွှေဈေးကွက်မှာ ကျပ် ၉၁၀၀၀၀ အထိရောက်သွားပါပြီ"ဟု ရွှေကုန်သည် ဦးစံမြင့်ကဆိုသည်။

ပြည်တွင်းရွှေဈေးသည် မေ ၂၉ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၀၈၀၀၀ ရှိခဲ့ပြီး မေ ၃၀ရက်တွင် ကျပ် ၉၀၉၀၀၀ သို့ မြင့်တက်ခဲ့သည်။ ဇွန် ၃ ရက်တွင် ကျပ် ၉၁၀၀၀၀ သို့ ဆက်လက်မြင့်တက်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် မေ ၂၉ ရက်က တစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၁၂၆၇ရှိခဲ့ပြီး ဇွန် ၁ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၇၀ ရှိခဲ့သည်။ ဇွန် ၃ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၈၀ သို့ ဆက်လက်မြင့်တက်ခဲ့သည်။ **မယ်သီတာ**

### ဈေးကစားနေသူများကြောင့် ရှယ်ယာဈေးနှုန်းများ ဆက်လက်ကျဆင်း

ရန်ကုန် စတော့အိတ်ချိန်းတွင် ရောင်းချလျက်ရှိသည့် အစုရှယ်ယာဈေးနှုန်းများသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်ကျဆင်းလျက်ရှိကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ပြီးခဲ့သည့် တစ်ပတ်က ရန်ကုန်စတော့အိတ်ချိန်းတွင် ရောင်းချလျက်ရှိသည့် အစုရှယ်ယာလေးခုစလုံး ကျဆင်းလျက်ရှိရာ FMI ၏ ဈေးနှုန်းမှာ အစုရှယ်ယာတစ်စုလျှင် ကျပ် ၁၆၀၀၀ ရှိခဲ့ရာ ယခုတစ်ပတ်တွင်မူ ကျပ် ၁၅၅၀၀ သို့ရောက်ရှိခဲ့ရာ ကျပ် ၅၀၀ ကျဆင်းသွားခဲ့သည်။

MTSH ၏ အစုရှယ်ယာဈေးနှုန်းသည် ပြီးခဲ့သည့်တစ်ပတ်က အနိမ့်ဆုံးဈေးနှုန်းအဖြစ် အစုရှယ်ယာတစ်စုလျှင် ကျပ် ၃၈၀၀ သို့ ကျဆင်းခဲ့သည်။ ယခုတစ်ပတ်တွင်မူ အဆိုပါဈေးနှုန်းအောက်သို့ဆက်လက်ကျဆင်းခဲ့ရာ ကျပ် ၃၇၀၀ အထိ ရောက်ရှိခဲ့သည်။

သို့သော် MCB ၏ အစုရှယ်ယာဈေးနှုန်းများမူ ယခုတစ်ပတ်တွင် ကျပ် ၂၀၀ မြင့်တက်လာခဲ့ကာ အစုရှယ်ယာတစ်စုလျှင် ကျပ် ၉၁၀၀ ဖြင့် ရောင်းချလျက်ရှိသည်။

FPB ၏ အစုရှယ်ယာဈေးများသည် ပြီးခဲ့သည့်ရက်သတ္တပတ်က ကျပ် ၂၇၀၀၀ ဖြင့် ရောင်းချခဲ့ရာ ယခုတစ်ပတ်တွင်လည်း ထိုဈေးဖြင့်ပင် ရောင်းဝယ်လျက်ရှိသည်။

အစုရှယ်ယာများကို ဈေးကစားသူများရှိနေသဖြင့် ယခုကဲ့သို့ ဈေးနှုန်းများ ကျဆင်းနေရခြင်းဖြစ်သည်ဟု ဈေးကွက်အတွင်းမှ သိရှိရသည်။

**မယ်သီတာ**

### Currency Exchange Rate

June 2, 2017

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.35 |
| BDT | Bangladesh Taka | 80.68 |
| CAD | Canada Dollars | 1.35 |
| CNY | China Yuan Renminbi | 6.82 |
| EUR | Euro | 0.89 |
| H KD | Hong Kong Dollars | 7.79 |
| I NR | India Rupees | 64.44 |
| I DR | Indonesia Rupiahs | 13309.64 |
| JPY | Japan Yen | 111.60 |
| MYR | Malaysia | 4.28 |
| PKR | Pakistan Rupees | 104.85 |
| PHP | Philippines Pesos | 49.60 |
| RUB | Russia Rubles | 56.58 |
| SGD | Singapore Dollars | 1.39 |
| KRW | South Korea Won | 1122.10 |
| LKR | Sri Lanka Rupe | 152.76 |
| THB | Thailand Baht | 34.16 |
| GBP | United Kingdom Pounds | 0.77 |
| VND | VietnamDon | 22704.65 |

Source:xe.com

### World Gold Price

May - 2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 29 | 1267 | 1267 | 1267 |
| 30 | 1267 | 1268 | 1268 |
| 31 | 1263 | 1263 | 1263 |
| 1 | 1270 | 1268 | 1268 |
| 2 | 1263 | 1262 | 1262 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 29-5-2017 | 906.00 | 906.00 |
| 30-5-2017 | 908.00 | 908.00 |
| 31-5-2017 | 907.00 | 906.50 |
| 1-6-2017 | 907.00 | 906.50 |
| 2-6-2017 | 905.50 | 905.40 |

### နယ်စပ်ငွေလဲလှယ်နှုန်း

မေလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 29 | 6 .86 | 34.09 | 80.66 | 64.58 |
| 30 | 6. 86 | 34.15 | 80.68 | 64.64 |
| 31 | 6 .84 | 34.12 | 80.74 | 64.57 |
| 1 | 6 .80 | 34.16 | 80.75 | 64.48 |
| 2 | 6.82 | 34.16 | 80.68 | 64.44 |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 29-May | 17.30 | 2663.81 | 1976.13 | 5726.56 | 956.00 |
| 30-May | 17.40 | 2663.81 | 1978.59 | 5709.76 | 951.00 |
| 31-May | 17.25 | 2644.32 | 1947.23 | 5730.14 | 940.00 |
| 1-June | 17.26 | 2604.00 | 1957.31 | 5741.79 | 942.00 |
| 2-June | 17.16 | 2586.98 | 1955.07 | 5727.90 | 927.00 |

Source:kitco.com

### Energy NYMEX 2-6-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 47.85 | -0.51 | -1.05 |
| Brent Crude Futr (USD/bbl) | 50.17 | -0.46 | -0.91 |
| Gasoline Rbob Fut (Cent/gal) | 158.47 | -1.69 | -1.04 |
| Natural Gas Futr (USD/MMBtu) | 3.04 | 0.03 | 0.93 |
| Heating Oil Futr (Cent/gal) | 149.11 | -1.06 | -0.71 |

## ဘိလပ်မြေ

# ဘိလပ်မြေ တန်ချိန် ၈၀၀၀ ကျော်ဝင်

မေ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၄၄၇၀၅ တန်ဖိုးရှိ ဘိလပ်မြေ ၈၃၉၆ ဒသမ ၃၆၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ တန်ချိန် ၁၀၀၊ မလေးရှားနိုင်ငံမှ တန်ချိန် ၈၀၀၀ နဲ့ အီရန်နိုင်ငံမှ ၂၉၆ ဒသမ ၃၆၉ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၈၁၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၉၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# မကွေးနဲ့ မော်လမြိုင်ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

မေ ၂၁ ရက်မှ ၂၇ ရက် အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၈၃၉၀ကျော်အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၈၁၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၉၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ် နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ တန်ချိန် ၂၈၅၉၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၅၉၃၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၂၆၆၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းရော နယ်စပ်လမ်းပါ ဘိလပ်မြေ အဝင်ပိုခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီရက်ပိုင်း မိုးနည်းနည်းများလာတာကြောင့် ဘိလပ်မြေ အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ဈေးမြင့်ခဲ့တဲ့ ဘိလပ်မြေက ဒီတစ်ပတ်မှာတော့ ဈေးအပြောင်းအလဲမရှိဘဲ ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင် (ထိုင်း) ကျပ် ၅၉၀၀၊ စိန်(ထိုင်း) ကျပ်၅၉၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၉၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၂၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဆင်(ထိုင်း)နဲ့ အပါချီက ဈေးအနည်းငယ်ကျလာပြီး ကြံ့က ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ဆင် (ထိုင်း) ကျပ် ၆၂၀၀၊ အပါချီ (ထိုင်း) ကျပ် ၅၁၅၀၊ ကြံ့ ကျပ် ၅၇၀၀၊ မြင်းခေါင်း ကျပ် ၅၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မော်လမြိုင် ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ကျပ်၅၆၀၀၊ စိန်(ထိုင်း) ကျပ် ၅၆၀၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၉၅၀၊ မြန်မာဆင် ကျပ် ၅၁၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၂၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၇၀၀၊ ကမ္ဘောဇ ကျပ် ၄၉၀၀၊ နဂါး ကျပ် ၄၉၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

# ဒီတစ်ပတ် မြေဩဇာတန်ချိန် ၁၁၀၀၀ ကျော်ဝင်

မေလ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၁၈၂၉၈၃ တန်ဖိုးရှိ မြေဩဇာ ၁၁၂၄၉ ဒသမ ၄၄၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကနေဒါနိုင်ငံမှ တန်ချိန် ၁၀၀၀၊ တရုတ်နိုင်ငံမှ ၈၆၇၉ ဒသမ ၅၉၆ တန်၊ ဂျပန်နိုင်ငံမှ သုညဒသမ ၂၅တန်၊ မလေးရှားနိုင်ငံမှ သုည ဒသမ ၄၃၈ တန်၊ ထိုင်းနိုင်ငံမှ ၁၄၆၉ ဒသမ ၁၆၅ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၁၀၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်သွင်းခဲ့တဲ့ မြေဩဇာတန်ချိန် ၅၄၅၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၅၇၉၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ အမိုးနီးယားဆာလဖိတ်၊ ယူရီးယား၊ ဖလော်ရာ၊ အာမို (အနက်)၊အာမို (အပြာ)၊ ကွန်ပေါင်း၊ ကွန်ပေါင်း (၁၅း၅း၂၀)နဲ့ ဓာတ်ဆားတို့ ဖြစ်ပါတယ်။

**သီတာဝင်း (DOT)**

# မန္တလေးမြေဩဇာဈေးကွက် အရောင်းအေး

မေ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းတစ်ပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေဩဇာ တန်ချိန် ၁၁၂၄၀ ကျော်အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၅၄၅၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၅၇၉၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ် နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၂၆၄၅၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ တန်ချိန် ၃၆၆၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၀၂၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် မြေဩဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းမှ အဝင်ပိုပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းသွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုလဲအသေးနဲ့ တီစူပါ ဈေးငြိမ်နေပြီး ကွန်ပေါင်း ၁၅ ပတ်လည်က ဈေးအနည်းငယ် မြင့်လာတယ်လို့ စိုက်ပျိုးရေးပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၁၅၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၆၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၁၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၂၀၀၀၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ် နည်းနည်းသွက်တယ်။ ဒါပေမယ့် ဈေးငြိမ်နေတယ်လို့ စိုက်ပျိုးရေးပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (နေရွက်လှေ-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၁၉၈၀၀၊ ပိုတက်(အိန္ဒိယ) ကျပ် ၂၂၀၀၀၊ ကွန်ပေါင်း ၁၅ ပတ်လည် ကျပ် ၃၇၇၀၀၊ ကွန်ပေါင်း ၁၆ ပတ်လည် ကျပ် ၄၀၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်လည်း အရောင်းသွက်ပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၃၀၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၃၈၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၂၅၀၀၊ ပိုးသတ်ဆေး ကျပ် ၁၉၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၈၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၂၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၇၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၂၀၀၀ ၊ မြွားကမ္ဘာ ကျပ် ၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ အရင် ဒီအချိန်ဆိုနယ်ဘက်က အဝယ်ဆင်းတော့ အရောင်းအဝယ် ကောင်းတယ်။ ဒီနှစ်တော့ မိုးများနေတာကြောင့်အဝယ်မဆင်းလို့ အရောင်းအေးတယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ ဝန်ထမ်းတစ်ဦးက ပြောပါတယ်။ဒီတစ်ပတ် ယူရီးယား (ရွှေတောင်)နဲ့ ပန်းသီးစုံက ကျပ် ၁၀၀၊ ယူရီးယား (ပန်းဖူး)က ကျပ် ၃၀၀ ဈေးကျပြီး တီစူပါက ကျပ် ၂၀၀ ဈေးမြင့်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား(ရွှေတောင်-ပုလဲ)ကျပ် ၂၁၈၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၂၅၀၀၊ တီစူပါ ၄၆% ကျပ် ၁၉၈၀၀၊ မြွားသီးစုံ ကျပ် ၁၄၆၀၀၊ ပန်းသီးစုံ ကျပ် ၁၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# နို့ဆီတန်ချိန် ၃၀၀ ကျော်နဲ့ နို့မှုန့်တန် ၁၀၀ ကျော်တင်သွင်း

မေလ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၂၅၁၁၀ တန်ဖိုးရှိ နို့ဆီ ၃၀၆ ဒသမ ၄၃၁ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မာရီဂိုးနို့ဆီ ၈၇ ဒသမ ၅၅၂ တန်နဲ့ အိုကေနို့ဆီ ၂၁၈ ဒသမ ၈၇၉ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်သွင်းခဲ့တဲ့ တန်ချိန် ၈၂၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၅၁၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်နို့မှုန့်က နယူးဇီလန်နိုင်ငံမှ ၁၀၅ ဒသမ ၁၇၅ တန်၊ စင်ကာပူနိုင်ငံမှ ၁ ဒသမ ၈၁၄ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ သုည ဒသမ ၃၁၈ တန်၊ စုစုပေါင်း ၁၀၇ ဒသမ ၃၀၇ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့တန်ချိန် ၂၆၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၅၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရော နို့မှုန့်ပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၅၇၀ တန်ဖိုးရှိ နို့ဆီ ၂ ဒသမ ၇၃၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၅ မှ ၂၆/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၃/၅ မှ ၁၉/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၄၈၂.၅၀ | ၃၀၇.၄၅ | (+) | ၁၇၅.၀၅ |
| ၂။ | လွယ်ဂျယ် | ၈၆၀.၀၀ | ၆၉၂.၀၀ | (+) | ၁၆၈.၀၀ |
| ၃။ | ချင်းရွှေဟော် | ၅၁.၅၀ | - | (+) | ၅၁.၅၀ |
| ၄။ | ကန်ပိုက်တီ | ၄၂၂၁.၅၀ | ၅၃၄၄.၅၀ | (-) | ၁၁၂၃.၀၀ |
| ၅။ | တာချီလိတ် | ၃၀၀၀.၀၀ | ၅၀၀.၀၀ | (+) | ၂၅၀၀.၀၀ |
| ၆။ | မြဝတီ | ၄၅၂.၁၀ | ၃၄၂.၃၀ | (+) | ၁၀၉.၈၀ |
| ၇။ | ကော့သောင်း | ၁၆၂၃၂.၀၀ | ၈၇၅၀.၀၀ | (+) | ၇၄၈၂.၀၀ |
| ၈။ | မြိတ် | ၃၃၀၀.၀၀ | - | (+) | ၃၃၀၀.၀၀ |
| | စုစုပေါင်း | ၂၈၅၉၉.၆၀ | ၁၅၉၃၆.၂၅ | (+) | ၁၂၆၆၃.၃၅ |

မော်မော်အောင်

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၅ မှ ၂၆/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၃/၅ မှ ၁၉/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၇၅၃၇.၀၅ | ၂၆၄၉၉.၄၃ | (-) | ၈၉၆၂.၃၈ |
| ၂။ | လွယ်ဂျယ် | ၂၂၈.၂၀ | ၅၂၇.၀၀ | (-) | ၂၉၈.၈၀ |
| ၃။ | ချင်းရွှေဟော် | ၂၆၃၁.၅၀ | ၁၃၁၇.၀၀ | (+) | ၁၃၁၄.၅၀ |
| ၄။ | ကန်ပိုက်တီ | ၂၁၅၀.၀၀ | ၂၁၅၀.၀၀ | | - |
| ၅။ | မြဝတီ | ၃၆၃၃.၀၉ | ၁၂၂၃.၉၀ | (+) | ၂၄၀၉.၁၉ |
| ၆။ | ကော့သောင်း | - | ၃၁၉၅.၀၀ | (-) | ၃၁၉၅.၀၀ |
| ၇။ | မြိတ် | ၁၇၅.၀၀ | ၂၅၀.၀၀ | (-) | ၇၅.၀၀ |
| ၈။ | ရိုဒ် | ၁၀၀.၀၀ | ၁၅၀၀.၀၀ | (-) | ၁၄၀၀.၀၀ |
| | စုစုပေါင်း | ၂၆၄၅၄.၈၄ | ၃၆၆၆၂.၃၃ | (-) | ၁၀၂၀၇.၄၉ |

ခင်မိုးသူ

## နှမ်း

# မူဆယ်မှ နှမ်းပိုမိုတင်ပို့ပြီး ချင်းရွှေဟော်မှ လျော့နည်းတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ မေ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ် လာ သုညဒသမ ၂၆၆ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၂၀၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေကတော့ နှမ်းနက် ၁၃၇ တန်ကျော်၊ နှမ်းဖြူ ၃၇ တန်နဲ့ နှမ်းဖြူ(အခွံချွတ်) ၃၄ တန်ကျော်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ နှမ်းရောင်စုံ ၁၆၇ တန်တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်မှာ ၄၂ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပတယ်။ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ် လာ သုည ဒသမ ၁၇၁ သန်း တန်ဖိုးရှိ နှမ်းနက် ၁၂၈ တန်ကျော်နဲ့ နှမ်းဖြူ ၃ တန် စုစုပေါင်း တန်ချိန် ၁၃၁ တန်ကျော်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၄၄၂ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက တန်ချိန် ၃၁၀ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ မေ ၂၀ မှ ၂၆ ရက်အထိ ရက်သတ္တပတ်မှာ နှမ်းဖြူတစ်တန် ၁၃၃၈၅၂၀ ကျပ်နဲ့ နှမ်းနက်တစ်တန် ၂၁၁၆၇၃၂ ကျပ်ဈေးရှိကြောင်း၊ နှမ်းတစ်ပိသာသယ်ယူခမှာ ၆၀-၆၅ ကျပ်ဈေးရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ဆီစက်သမားများအဝယ်လိုက်တဲ့အတွက် ပြည်နှမ်းဈေး ပြန်လည်မြင့်တက်

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ နှမ်းနီကို ဆီစက်သမားများက အဝယ်ပြန်ရှိလာတဲ့အတွက် ဈေးအနည်းငယ်မြင့်တက်လာတာ တွေ့ရပါတယ်။ နှမ်းနက်နဲ့ စမုံနက်နှမ်းကို မန္တလေးဝယ်လက်များက အဝယ်ရှိနေသော်လည်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ မိုးနှမ်းစိုက်ပျိုးချိန်ဖြစ်တာကြောင့် တောင်သူများအနေနဲ့ မျိုးနှမ်းများ အဝယ်ရှိနေတာတွေ့ရပါတယ်။ နွေနှမ်းများပေါ် ချိန်ဖြစ်ပေမယ့် မိုးရွာသွန်းတဲ့အတွက် နှမ်းအထွက်နှုန်းနည်းသွားတယ်လို့ တောင်သူတစ်ဦးရဲ့ ပြောပြချက်အရ သိရပါတယ်။ ယခုအချိန် မျိုးနှမ်းဈေးမှာ နှမ်းနက် တစ်တင်းလျှင် ကျပ် ၄၈၀၀၀-၅၀၀၀၀ ရှိတာတွေ့ရပါတယ်။ ရိုးရိုးနှမ်းဈေးကတော့ ယခုတစ်ပတ်မှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၃၃၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၄၀၀၀၀ နှင့် စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၄၀၀၀၀ ဖြင့် ပြည်ဈေးကွက်တွင် ရံဖန်ရံခါမှသာ အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။ **ဝေဝေမင်း**

## စားအုန်းဆီ

# ပဲပုပ်ဆီဈေးကျဆင်းမှုနှင့် ရင်းဂစ်တန်ဖိုး မြင့်တက်မှုကြောင့် စတုတ္ထနေ့အဖြစ် စားအုန်းဆီဈေး ဆက်တိုက်ကျဆင်း

ပဲပုပ်ဆီဈေးနှုန်းကျဆင်းမှုနှင့် ရင်းဂစ်တန်ဖိုးမြင့်တက်မှုကြောင့် မလေးရှားစားအုန်းဆီကြိုရောင်းဈေးမှာ မေ ၃၁ ရက်က စတုတ္ထမြောက်နေ့အဖြစ် ဆက်တိုက်ကျဆင်းခဲ့ရာ တစ်လအတွင်း အနိမ့်ဆုံးအထိ ကျဆင်းခဲ့ကြောင်း ဘီရိုကော်ဒါသတင်းတွင် ဖော်ပြသည်။

ကုန်စည်စစ်တမ်းကောက်ယူရေး အေဂျင်စီများက ထုတ်ပြန်သော ကိန်းဂဏန်းအချက်အလက်များအရ မလေးရှားပို့ကုန်များ တိုးမြင့်လာလိမ့်မည်ဟု မျှော်လင့်ထားကြသည့်အတွက် စောစောပိုင်းက ဈေးကွက်အခြေအနေကောင်းမွန်ခဲ့သည်။ သို့သော်လည်း နောက်ပိုင်းတွင် ဈေးကွက်အခြေအနေကျဆင်းလာခဲ့ကြောင်း ကုန်သည်တို့က ပြောသည်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) တွင် ဈေးပိတ်ချိန်၌ ဩဂုတ်တွင် ပေးသွင်းရန် ချုပ်ဆိုသော စားအုန်းဆီ၏စံထားဈေးနှုန်းမှာ တစ်တန်ကို ၂၄၉၉ ရင်းဂစ် (အမေရိကန်ဒေါ် လာ ၅၈၄ ဒသမ ၀၁) နှုန်းရှိခဲ့သည့်အတွက် သုညဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ စောစောပိုင်းက တစ်တန်ကို ၂၄၆၉ ရင်းဂစ်နှုန်းထိ ကျဆင်းခဲ့ရာမှာ ဧပြီ ၂၅ ရက်နောက်ပိုင်း အနိမ့်ဆုံးနှုန်းဖြစ်ခဲ့သည်။

မေ ၃၁ ရက်ဈေးပိတ်ချိန်က စုစုပေါင်း ရောင်းချမှုပမာဏမှာ ၂၅ တန်ရှိ အတွဲပေါင်း ၆၀၆၅၉ တွဲရှိခဲ့သည်။

ပို့ကုန်ကိန်းဂဏန်းများမြင့်တက်ခဲ့သော်လည်း အမေရိကန်ပြည်ထောင်စု ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့နှင့်တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် ပဲပုပ်ဆီ ဈေးနှုန်းကျဆင်းမှုနှင့် ရင်းဂစ်တန်ဖိုးမြင့်တက်မှုတို့ကြောင့် စားအုန်းဆီဈေးနှုန်းများကျဆင်းခဲ့ကြောင်း ကွာလာလမ်ပူအခြေစိုက်ကုန်သည်တစ်ဦးက ပြောသည်။

စားအုန်းဆီရောင်းဝယ်ရာတွင် အသုံးပြုသော ရင်းဂစ်ဈေးနှုန်းမြင့်တက်မှုကြောင့် အခြားငွေကြေးများကို အသုံးပြုကာ ရင်းဂစ်ငွေကြေးဖြင့်ဖလှယ်၍ ဝယ်ယူရသူများအတွက် စားအုန်းဆီဈေး ပိုမိုကြီးမြင့်သကဲ့သို့ ဖြစ်သဖြင့် စားအုန်းဆီဝယ်လိုအားကျဆင်းကာ စားအုန်းဆီဈေးနှုန်းအပေါ် အကျိုးသက်ရောက်မှုရှိတတ်သည်။ ရင်းဂစ်တန်ဖိုးက မေ ၃၁ ရက် ညနေဈေးပိတ်ချိန်တွင် အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာ၌ သုည ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၄ဒသမ ၂၇၉၀ ရင်းဂစ်နှုန်းရှိခဲ့သည်။

အင်ဒိုနီးရှားပြီးလျှင် ကမ္ဘာ၌ စားအုန်းဆီ ဒုတိယအများဆုံးထုတ်လုပ်သော မလေးရှားနိုင်ငံမှ စားအုန်းဆီတင်ပို့မှုမှာ ဧပြီနှင့် နှိုင်းယှဉ်ပါက မေတွင်တင်ပို့မှုမှာ ၁၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းနှင့် ထိုသို့မြင့်တက်ခဲ့ရခြင်းမှာ အဓိကအားဖြင့် အိန္ဒိယနိုင်ငံသို့တင်ပို့မှုမြင့်တက်ခဲ့ရသည့်အတွက်ဖြစ်ကြောင်း ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့ဖြစ်သော ITS မှထုတ်ပြန်သော ကိန်းဂဏန်းများအရ သိရသည်။

အခြားကုန်စည် စစ်တမ်းကောက်ယူရေးအေဂျင်စီတစ်ခုဖြစ်သည့် Societe Generale de Surveillance ၏ အစီရင်ခံစာအရ အလားတူကာလအတွင်း တိုးတက်မှုမှာ ၁၅ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့သည်။

မူဆလင်ဥပုသ်လမတိုင်မီ ကာလဖြစ်သော မေလအတွင်းတွင် စားအုန်းဆီဝယ်လက်များက စားအုန်းဆီကို ဝယ်ယူသိုလှောင်လေ့ရှိသည်။ အထူးသဖြင့် အိန္ဒိယ ပါကစ္စတန်နှင့် အရှေ့အလယ်ပိုင်းဒေသတို့တွင် ချက်ပြုတ်ရန် အသုံးပြုမှုကြောင့် စားအုန်းဆီသုံးစွဲမှု ပိုမိုမြင့်တက်လာတတ်သည်။

စားအုန်းဆီနှင့် ပဲပုပ်ဆီတို့မှာ ကမ္ဘာ့ဟင်းရွက်ဆီ ဈေးကွက်တွင် ပြိုင်ဖက် သီးနှံများဖြစ်သဖြင့် ပဲပုပ်ဆီဈေးနှုန်းက စားအုန်းဆီဈေး အတက်အကျဖြစ်စေရန် ဂယက်ရိုက်ခတ်မှုရှိသည်။

ချီကာဂိုကုန်သွယ်မှုဘုတ်အဖွဲ့တွင် ပဲပုပ်ဆီဈေးက သုညဒသမ ၄ ရာခိုင်နှုန်းကျဆင်းပြီး ဒါလီယံကုန်စည်ဒိုင်တွင် စက်တင်ဘာအတွက် ချုပ်ဆိုသော ပဲပုပ်ဆီဈေးနှုန်းက ၃ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းသည်။

ဩဂုတ်အတွက် ချုပ်ဆိုသော စားအုန်းဆီဈေးနှုန်းသည် အမြင့်ဆုံးအဖြစ် တစ်တန်ကို ၂၅၂၃ ရင်းဂစ် နှုန်းအထိ မြင့်တက်ပြီး ပြန်လည်ကျဆင်းလာနိုင်ကြောင်း ရိုက်တာသတင်းဌာန ဈေးကွက်လေ့လာဆန်းစစ်ရေးမှူး ဝမ်တောင်းက ပြောသည်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂-၆-၂၀၁၇)

*ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ရန်ကုန် | ၄၈၀၀ | ၄၈၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၈၄၅ | ၁၇၈၀ | ▽ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၀၀ | ၁၈၆၀ | ▽ |
| ပဲခူး | ၄၂၀၀ | ၄၂၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၉၀၀ | ၁၈၈၀ | ▽ |
| မကွေး | ၄၂၀၀ | ၄၂၀၀ | □ | ၄၀၀၀ | ၄၂၀၀ | △ | ၂၁၀၀ | ၂၀၀၀ | ▽ |
| မုံရွာ | ၄၂၀၀ | ၄၂၀၀ | □ | ၃၇၀၀ | ၃၇၀၀ | □ | ၁၉၄၀ | ၁၉၂၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂-၆-၂၀၁၇ **US$/Ton**

| အမျိုးအစား | မေစတုတ္ထပတ် | မေပဥ္စမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၆၉၇.၅၀ | ၇၀၃.၅၀ | △ |
| **RBD P.Olein** | ၇၀၄.၅၀ | ၇၁၂.၀၀ | △ |
| **RBD P.Stearin** | ၆၁၆.၅၀ | ၆၂၉.၀၀ | △ |

***Source: bepi.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂-၆-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၆၅၆.၇၇ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၄.၁၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၂၈ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၉၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၀.၀၆ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၂.၆၁ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၇ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၈၁၃.၂၄၂ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂-၆-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၄၅ဒေါ်လာနှင့် USD ဈေး ၁၃၆၁ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂-၆-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၁ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# အထူးစီးပွားရေးဇုန်အကြောင်း တစေ့တစောင်း

မောင်ရင်မောင်

### အထူးစီးပွားရေးဇုန်

နိုင်ငံအသီးသီးမှာ စီးပွားရေးဇုန်တွေ အများကြီးရှိတဲ့အထဲက ထူးထူးခြားခြား အထူးစီးပွားရေးဇုန်လို့ ခေါ်ကတည်းက ထူးခြားလို့ပါလို့ ပြောရမှာဖြစ်ပါတယ်။ အထူးစီးပွားရေးဇုန်နဲ့ ပတ်သက်လို့ ဖွင့်ဆိုချက်တွေရှိကြတဲ့အထဲမှာ အထင်ရှားဆုံး ကိုးကားပြီးပြောနေကြတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကတော့ စီးပွားရေးပညာရှင် Farloe ရဲ့ ဖွင့်ဆိုချက်ဖြစ်ပါတယ်။ Farloe က အထူးစီးပွားရေးဇုန်ရဲ့ အဓိပ္ပာယ်ကိုဖွင့်ဆိုရာမှာ "နိုင်ငံတစ်နိုင်ငံအတွင်းမှာ သီးခြားသတ်မှတ်ထားတဲ့ ပထဝီဆိုင်ရာ ဧရိယာအစိတ်အပိုင်းတစ်ခုဖြစ်ပြီး စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နိုင်ရန် နိုင်ငံအတွင်းရှိ အခြားဒေသများနှင့် မတူ ကွဲပြားခြားနားတဲ့ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတွေ သီးခြားတစ်စိတ်တစ်ပိုင်း ပြဌာန်းသတ်မှတ် ဆောင်ရွက်ခွင့်ပြုထားတဲ့ နိုင်ငံရဲ့ နယ်ပယ်တစ်ရပ် ဖြစ်ပါတယ်။ ဒ့ါအပြင် အဲဒီ မတူကွဲပြားတဲ့ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတွေကို ရင်းနှီးမြှုပ်နှံမှုကိစ္စတွေ၊ နိုင်ငံတကာကုန်သွယ်မှုနဲ့အကောက်ခွန်လုပ်ငန်းတွေ၊ အခွန်စည်းကြပ် ကောက်ခံမှုနဲ့ သဘာဝဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းစဉ်စတာတွေမှာ သာမန်ပြဌာန်းချက်များနှင့်မတူ စည်းကမ်းတကျ ကျင့်သုံးဆောင်ရွက် အသုံးပြုမှာဖြစ်ပြီး စီးပွားရေးလုပ်ငန်းခွင်ဝန်းကျင် (Business Enviroment) ကို မူဝါဒရေးရာ ရှုထောင့်များအရ ပိုမိုလွတ်လပ်ခွင့်ပေးထားသလို အုပ်ချုပ်မှုရေးရာ ရှုထောင့်များအရလည်း ပိုမိုထိရောက် စွမ်းဆောင်ခွင့်ပြုပေးထားတဲ့ နိုင်ငံတော်ရဲ့ ဇုန်နယ်ပယ်တစ်ခုဖြစ်တယ်"လို့ ဖွင့်ဆိုပါတယ်။

Farloe ရဲ့အဆိုကို ဖြည့်စွက်ဖွင့်ဆိုကြရာမှာ အထူးစီးပွားရေးဇုန်ဆိုတာ နိုင်ငံတစ်နိုင်ငံအတွင်းမှာ သီးသန့်သတ်မှတ် ပိုင်းခြားထားတဲ့ ဧရိယာတစ်ခုဖြစ်ပြီး၊ စီးပွားရေးလုပ်ငန်းများကို သီးသန့်အုပ်ချုပ်မှု၊ ဥပဒေပြဌာန်းမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုများနှင့်အညီ နိုင်ငံအတွင်းရှိ အခြားဒေသများနှင့်မတူ ပိုမိုလွတ်လပ်စွာ ဆောင်ရွက်ခွင့်ရရှိထားတဲ့ ဧရိယာလည်း ဖြစ်တယ်လို့ ဆိုကြပါတယ်။ တစ်နည်းအားဖြင့် အထူးစီးပွားရေးဇုန်ဆိုတာ နိုင်ငံရဲ့ကျယ်ပြန့်တဲ့ စီးပွားရေးစွမ်းဆောင်မှုကို မြှင့်တင်ရာမှာ မရှိမဖြစ်လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေရရှိရေးကို ဟန့်တားကာကွယ် တားဆီးနေတဲ့ မူဝါဒရေးရာ ကန့်သတ်ချက်များ၊ အားနည်းသော အုပ်ချုပ်မှုစနစ်များ၊ လုံလောက်မှုမရှိသောလမ်း၊ တံတားစသည့် အခြေခံအဆောက် အအုံဆိုင်ရာ အားနည်းချက်များ၊ မြေအသုံးချမှုဆိုင်ရာ ပြဿနာများ စသည်တို့ကို ကျော်လွှားဖြေရှင်းပေးနိုင်တဲ့စီးပွားရေးဇုန်လို့လည်း ဆိုကြပါတယ်။

ဒ့ါအပြင် နိုင်ငံအလိုက် အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော် ဆောင်ရွက်ကြရာမှာ ထုတ်ပြန်တဲ့ သက်ဆိုင်ရာ ဥပဒေ ပြဌာန်းချက်တွေထဲမှာလည်း အထူးစီးပွားရေးဇုန်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သီးခြားဖော်ပြလေ့ ရှိကြပါတယ်။ ဒါတွေကိုတော့ သိပ်အကျယ် မပြောတော့ပါဘူး။

### အသွင်အမျိုးမျိုး

အထူးစီးပွားရေးဇုန်တွေကို အသွင်အမျိုးမျိုးနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ကြရာမှာ အကျုံးဝင်လာတဲ့ ဇုန်အမျိုးမျိုးရှိလာပါတယ်။ ဒါတွေကတော့ လွတ်လပ်စွာ ကုန်သွယ်ခွင့်ရဇုန်များ (Free Trade Zones)၊ ပြည်ပပို့ကုန် ထုတ်လုပ်မှုဇုန်များ (Export Processing Zones) ၊ စက်မှုလုပ်ငန်းဥယျာဉ်များ (Industrial Parks) ၊ စီးပွားရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုဇုန်များ (Economic and Technology Development Zones) ၊ အဆင့်မြင့်နည်းပညာ ဇုန်များ (High-tech Zones) ၊ သိပ္ပံနှင့်တီထွင်ဆန်းသစ်မှုဇုန်များ (Science and Innovation Parks) ၊ အကောက်အခွန်မဲ့ ဆိပ်ကမ်းများ (Free Ports) ၊ လုပ်ငန်းဆောင်ရွက်မှုဇုန်များ (Enterprise Zones) စသည်တို့ ဖြစ်ပါတယ်။

အထူးစီးပွားရေးဇုန်တွေကို လေ့လာစိစစ်သုံးသပ်ရာမှာ လွယ်ကူစေဖို့ ခွဲခြားသတ်မှတ်ထားတဲ့ ဇုန်အမျိုးအစားတွေလည်း ရှိပါသေးတယ်။ အကျဉ်းအားဖြင့် ဒါတွေကတော့ ကုန်သွယ်မှုကို အထောက်အကူပြုတဲ့ ဟက်တာ ၅၀ အောက် အကျယ်အဝန်းရှိ လွတ်လပ်စွာ ကုန်သွယ်ခွင့်ရဇုန်များ (Free Trade Zones, Commercial Free Trade Zones) ၊ သမားရိုးကျ ပြည်ပပို့ကုန် ထုတ်လုပ်ရေးဇုန်များဖြစ်ပြီး ဟက်တာ ၁၀၀ အောက် အကျယ်အဝန်းရှိဇုန်များ (Traditional Export Processing Zones) ၊ အကျယ်အဝန်းအားဖြင့် အနည်းဆုံး ကန့်သတ်ချက်မရှိသော လုပ်ငန်းဆောင်ရွက်မှုဇုန်များ (Free Enterprises)၊ ပြည်ပပို့ကုန် ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ပြီး ဟက်တာ ၁၀၀ အောက်ရှိ အထူးပြည်ပပို့ကုန် ထုတ်လုပ်မှုဇုန်များ (Hybrid Export Processing Zones) နဲ့ ဟက်တာ ၁၀၀၀ ကျော် ကျယ်ဝန်းပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ ရည်မှန်းဆောင်ရွက်သည့် ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်များ (Free Port/ Special Economic Zones) ဖြစ်ပါတယ်။

### သမိုင်းကြောင်း

တကယ်တော့ အထူးစီးပွားရေးဇုန်တွေဟာ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးကဏ္ဍမှာ ရှည်လျားတဲ့ သမိုင်းကြောင်းလည်း ရှိခဲ့ပါတယ်။ ဂျီဘရော်တာ၊ ဟမ်းဘတ်နှင့် စင်ကာပူတို့ဟာ နှစ်ပေါင်းများစွာကတည်းက သွင်းကုန်ထုတ်ကုန် လုပ်ငန်းများအတွက် ဗဟိုချက်မနေရာများ ဖြစ်ခဲ့ကြသလို လုံခြုံစိတ်ချရတဲ့ ကုန်သွယ်မှုလမ်းကြောင်း တစ်လျှောက် ကုန်ပစ္စည်းများ လွတ်လပ်စွာ သိုလှောင်ထားရှိခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းအတွက် အာမခံချက်ပေးနိုင်ခဲ့တဲ့ နေရာများလည်း ဖြစ်ပါတယ်။ ခေတ်မီလွတ်လပ်တဲ့ စက်မှုလုပ်ငန်းဇုန်ကိုတော့ ၁၉၅၉ ခုနှစ်က အိုင်ယာလန်၊ ရှန်နွန်ဒေသမှာ ပထမဆုံး ထူထောင်ခဲ့တယ်လို့ ဆိုပါတယ်။ ၁၉၇၀ ခုနှစ်နောက်ပိုင်းမှာတော့ အရှေ့အာရှနဲ့ လက်တင်အမေရိကနိုင်ငံတွေမှာ လုပ်အားအရင်းပြု အားသွန်ထုတ်လုပ်မှု လုပ်ငန်းများ Labour Intensive Manufacturing နဲ့ အထူးစီးပွားရေးဇုန်များ တည်ထောင်ဆောင်ရွက်နိုင်ဖို့ နိုင်ငံပေါင်းစုံ ကော်ပိုရေးရှင်းကြီးများ (Multi National Corporations) များကို ဆွဲဆောင်ခဲ့ကြပါတယ်။ အဲဒီဇုန်တွေဟာ သွင်းကုန်အစားထိုးမူဝါဒ (Import Substitution Policies)များ ကျင့်သုံးနေရာကနေ ပို့ကုန်ရှေ့ရှု ကြီးပွားရေးမူဝါဒမှ တစ်ဆင့် ကမ္ဘာ့ဈေးကွက်ကြီးများအတွင်း ဝင်ရောက်နိုင်ရေးအတွက် ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှု မူဝါဒများ ပြင်ဆင်ဆောင်ရွက်ရာမှာ သမိုင်းမှတ်တိုင်များလည်း ဖြစ်ခဲ့ကြပါတယ်။

### ရည်မှန်းချက်ကြီးများ

အထူးစီးပွားရေးဇုန်တွေရဲ့ ပင်ကိုသဘောသဘာဝကတော့ မူဝါဒဆိုင်ရာ ရည်မှန်းချက်ကြီးတွေ ချမှတ်ပြီး နိုင်ငံဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ကြတာဖြစ်ပါတယ်။ ပုံမှန်အားဖြင့် ချမှတ်လေ့ရှိတဲ့ မူဝါဒဆိုင်ရာ ရည်မှန်းချက်ကြီး လေးချက်ရှိပြီး အဲဒီရည်မှန်းချက်ကြီးတွေထဲက အနည်းဆုံး တစ်ချက်ကို အောင်မြင်အောင် ရည်မှန်းဆောင်ရွက်လေ့ရှိကြတယ်လို့ သုတေသီတွေက ဆိုကြပါတယ်။ ရည်မှန်းချက်လေးရပ်အနက် ပထမရည်မှန်းချက်ကတော့ နိုင်ငံရပ်ခြားက တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ကို ဆွဲဆောင်ဖို့ပဲ ဖြစ်ပါတယ်။ နိုင်ငံအသီးသီးမှာရှိကြတဲ့ အထူးစက်မှုဇုန်အားလုံးနီးပါးမှာ ဒီရည်မှန်းချက် ရှိကြပါတယ်။ ဥပမာအားဖြင့် ဘင်္ဂလားဒေ့ရှ့်မှာရှိတဲ့ သမားရိုးကျပြည်ပပို့ကုန် ထုတ်လုပ်မှုလုပ်ငန်းဇုန် (Traditional Export Processing Zone) ကနေ တရုတ်နိုင်ငံမှာရှိတဲ့ အကြီးစားအထူးစီးပွားရေးဇုန်များ (Large - scale SEZs) အထိ SEZ တိုင်းလိုလို အနည်းနှင့်အများ ဆိုသလို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်မှုပေးပြီး ဆောင်ရွက်ကြပါတယ်။

ဒုတိယရည်မှန်းချက်ကတော့ ကြီးမားတဲ့ အလုပ်လက်မဲ့ပမာဏ (Large-scale Unemployment) ကို လျှော့ချနိုင်ဖို့အတွက် ဖိအားထိန်းအဆို့ရှင် (Pressure valves) အဖြစ် အသုံးပြုရေးဖြစ်ပါတယ်။ တူနီးရှားနဲ့ ဒိုမီနီကန်သမ္မတနိုင်ငံတို့ဟာ အထူးစီးပွားရေးဇုန်များနဲ့ မိမိတို့နိုင်ငံရဲ့ စီးပွားရေးပုံသဏ္ဍာန်ကို ပြုပြင်ဖို့ကြိုးပမ်းခဲ့ကြပါတယ်။ အထူးစီးပွားရေးဇုန်များနဲ့ တစ်ခါတည်းတွဲပါလာတဲ့ သူတို့ရဲ့အလုပ်အကိုင် အခွင့်အလမ်းဖန်တီးခြင်း အစီအစဉ်များအပေါ် အသိအမှတ်ပြုခံကြရတဲ့ နိုင်ငံများ ဖြစ်ခဲ့ပါတယ်။

တတိယရည်မှန်းချက်ကတော့ ကျယ်ပြန့်တဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှု မဟာဗျူဟာတစ်ရပ် ချမှတ် ဆောင်ရွက်ရာမှာ အထောက်အကူပြုစေဖို့ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အထူးစီးပွားရေးဇုန်တွေကို နိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်အဖြစ် ဆောင်ကျဉ်းပေးမယ့် ယာဉ်အဖြစ်သာမက ပြည်ပပို့ကုန်တင်ပို့မှုလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်မှု ပေးစွမ်းနိုင်တဲ့ အရိုးရှင်းဆုံး လက်နက်ကိရိယာ တစ်ခုအဖြစ်လည်း အသုံးပြုဖို့ ဖြစ်ပါတယ်။ အထူးစီးပွားရေးဇုန်များဟာ ပြည်ပပို့ကုန် တင်ပို့မှုအပေါ် ဆန့်ကျင်မှုအစွဲတွေ လျှော့နည်းစေရုံသာမက တစ်ချိန်တည်းမှာ မိမိနိုင်ငံအကျိုးအတွက် ကာကွယ်တားဆီးထားရှိမှုတွေကိုလည်း ပျက်ယွင်းမှုမရှိအောင် ထိန်းသိမ်းထားရှိနိုင်စေပါတယ်။ တရုတ်၊ ကိုရီးယားသမ္မတနိုင်ငံ၊ မောရေရှသ်နဲ့ တရုတ်(တိုင်ပေ) တို့ဟာ ဒီပုံစံအတိုင်း သွားခဲ့ကြပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**



## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ပိုးသတ်ဆေးကြွင်းပါဝင်မှုပမာဏ အဆင့်မမီကြောင်း တွေ့ရှိခဲ့သည့်အတွက် တရုတ်နိုင်ငံမှ သစ်သီးများတင်သွင်းမှုအား အိန္ဒိယက ရပ်ဆိုင်း

အိန္ဒိယအစိုးရသည် တရုတ်နိုင်ငံမှတင်သွင်းလာသော ပန်းသီး၊ သစ်တော်သီးနှင့် ထပ်တစ်ရာပန်းစေ့များအား စစ်ဆေးရာ၌ ပိုးသတ်ဆေးကြွင်း ပါဝင်မှုများအား အကြိမ်ကြိမ် တွေ့ရှိခဲ့သည့်အတွက် အဆိုပါ ကုန်ပစ္စည်းတင်သွင်းမှုများအား ယာယီရပ်ဆိုင်းထားကြောင်း၊ အိန္ဒိယအာဏာပိုင်များအနေဖြင့် တရုတ်နိုင်ငံမှ လယ်ယာထွက်ကုန်များ တင်သွင်းခြင်းအား ပထမဆုံးအကြိမ် တားမြစ်ခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ဟင်းသီးဟင်းရွက်နှင့် သစ်သီးတင်သွင်းမှုအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့်မှာ ပန်းသီးနှင့် သစ်တော်သီး တင်သွင်းခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံ နယ်စပ်ပြဿနာ အငြင်းပွားမှုအပေါ် ချဉ်းကပ်ပုံချင်း မတူညီသည့်အတွက်ကြောင့် နှစ်နိုင်ငံဆက်ဆံရေး၌ မတည်မငြိမ်မှုများဖြစ်ခဲ့ပြီး၊ တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် One Belt One Road (OBOR) စီမံကိန်းနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံက ခပ်ခွာခွာနေခဲ့ပြီးနောက် ယင်းဖြစ်စဉ်ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံတာဝန်ရှိသူများ ဆွေးနွေးခဲ့ရာ အနည်းငယ် တိုးတက်လာခဲ့ပြီဖြစ်ကြောင်း၊ အိန္ဒိယအစိုးရအနေဖြင့် ဖော်ပြပါ ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ပိုးသတ်မှိုင်းတိုက်စစ်ဆေးသည့် လုပ်ငန်းစဉ်များ၊ ထုပ်ပိုးနည်းစနစ်များနှင့် သိုလှောင်ထားရှိသည့်စနစ်များ စသည့် လုပ်ထုံးလုပ်နည်းစံနှုန်းသတ်မှတ်ချက်များကို အသေးစိတ်သိရှိရန် လိုလားနေကြောင်း၊ တရုတ်နိုင်ငံ၊ General Administration of Quality Supervision, Inspection and Quarantine (AQSIQ) မှ တာဝန်ရှိသူများ အိန္ဒိယနိုင်ငံသို့ လာမည့် ဇူလိုင်လတွင် လာရောက်ပါက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးဖွယ်ရှိကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဖေဖော်ဝါရီလထိ ၁၁ လအတွင်း တရုတ်နိုင်ငံမှ ပန်းသီးနှင့်သစ်တော်သီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၂ သန်းခန့် တင်သွင်းခဲ့ပြီး၊ ယင်းပမာဏသည် ပြီးခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၀၀ ရာခိုင်နှုန်းခန့်မြင့်တက်လာခဲ့ကြောင်း၊ ယခုအခါ အိန္ဒိယအစိုးရသည် တရုတ်နိုင်ငံမှ အဆိုပါကုန်ပစ္စည်းသုံးမျိုး တင်သွင်းမှုအား ယာယီပိတ်ပင်ထားကြောင်း၊ထို့ပြင် တရုတ်နိုင်ငံမှ ချောကလက်၊ သကြားလုံးတို့ကဲ့သို့ နို့နှင့်နို့ထွက်ပစ္စည်းများတင်သွင်းမှုကိုလည်း အိန္ဒိယအစိုးရက တားမြစ်ထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ထိုင်းနိုင်ငံ အိမ်ခြံမြေဈေးကွက်တွင် တရုတ်လူမျိုးများ အများအပြား ဝယ်ယူလျက်ရှိ

ထိုင်းနိုင်ငံ၏ အိမ်ခြံမြေဈေးကွက်အတွင်း တရုတ်လူမျိုးများ၏ ဝယ်ယူမှုသည်မြင့်တက်လျက်ရှိရာဈေးနှုန်းနည်းပြီးအကျိုးအမြတ် ပြန်လည်ရရှိမှုကောင်းမွန်သည့် အိမ်ခြံမြေများကို ပိုမိုဝယ်ယူလျက်ရှိပါသည်။

ထိုင်းနိုင်ငံရှိ အိမ်ခြံမြေများကို ဝယ်ယူရန် တရုတ်နိုင်ငံသား အလယ်အလတ်အဆင့် လူတန်းစားများက အထူး စိတ်ဝင်စားလျက်ရှိကြောင်း၊ တရုတ်နိုင်ငံသားများသည်အိမ်ခြံမြေများကိုပြန်လည် ငှားရမ်းရန်အတွက် ဝယ်ယူခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၏ အိမ်ခြံမြေဈေးကွက်တွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံပါက အကျိုးအမြတ်ပြန်လည်ရရှိမှုကာလသည် တရုတ်နိုင်ငံ၏ အိမ်ခြံမြေဈေးကွက်ထက် ကာလတိုတောင်းကြောင်း၊ တရုတ်နိုင်ငံ၏အိမ်ခြံမြေဈေးကွက်တွင် ရင်းနှီးမြှုပ်နှံပါက အကျိုးအမြတ်ပြန်လည်ရရှိရန် Gaung Zhou မြို့တွင်လပေါင်း ၄၇၀၊ ပေကျင်းမြို့တွင် ၆၂၃ လ၊ ရှန်ဟိုင်းမြို့တွင် ၆၅၆ လ ကြာမြင့်ကြောင်း၊ သို့သော် ထိုင်းနိုင်ငံတွင် ၂၁၉ လသာ ကြာမြင့်ကြောင်း တွေ့ရှိရပါသည်။

တရုတ်ဘဏ်များ အနေဖြင့်လည်း ထိုင်းနိုင်ငံ၏အိမ်ခြံမြေများအား ဝယ်ယူနိုင်ရန် တရုတ်နိုင်ငံ သားများကို ပံ့ပိုးကူညီလျက်ရှိကြောင်း ဗန်ကောက်၊ ပတ္တယား၊ လယောင်း၊ ဖူးခက်၊ အူဒွန်ဌာနီ၊ အူဘွန်ရချဌာနီ စသည့် အဓိကမြို့များရှိ အိမ်ခြံမြေများကို ပိုမိုဝယ်ယူလျက်ရှိကြောင်းနှင့် တရုတ်ဘဏ်များသည် အိမ်ခြံမြေဈေးနှုန်း၏ ၇၀ ရာခိုင်နှုန်းထိ ချေးငွေထုတ်ပေးလျက်ရှိပါသည်။ တရုတ်နိုင်ငံသားများအနေဖြင့် ထိုင်းနိုင်ငံတွင် ဈေးနှုန်းဘတ်ငါးသန်းမှ ဘတ် ၁၀ သန်းကြားရှိ ကွန်ဒိုတိုက်ခန်းများကို အများဆုံး ဝယ်ယူလျက်ရှိပါသည်။ ထို့နောက် ဘတ် ၂ ဒသမ ၅သန်းနှင့်၃ ဒသမ ၅သန်းကြား တန်ဖိုးရှိသည့် ကွန်ဒိုတိုက်ခန်း ဝယ်ယူမှုသည်၂၂ ရာခိုင်နှုန်းရှိပါသည်။

တရုတ် ဝယ်ယူသူများအနေဖြင့် အိမ်ထောင်ပရိဘောဂ အပြည့်အစုံပါဝင်သည့် တိုက်ခန်းများကို အများဆုံး ဝယ်ယူကြပြီး တရုတ်လူမျိုးများ၏ နေထိုင်မှုနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် အခန်းပြင်ဆင်ခြင်းကို တိုက်ခန်းဈေးနှုန်း၏ ၂၀ရာခိုင်နှုန်းမှ ၃၀ရာခိုင်နှုန်းထိ ထပ်မံကျခံသုံးစွဲကြပါသည်။ တရုတ်နိုင်ငံသားများ၏ အိမ်ခြံမြေများကို အများဆုံးဝယ်ယူလိုသည့် ထိပ်ဆုံးငါးနိုင်ငံမှာ အမေရိကန်၊ ဩစတြေးလျ၊ ကနေဒါ၊ နယူးဇီလန်နှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြပါသည်။ထိုင်းနိုင်ငံ၏ အိမ်ခြံမြေဈေးကွက်တွင် တရုတ်နိုင်ငံသားများ၏ ဝယ်လိုအား တိုးတက်မှုသည် ၂၀၁၅ ခုနှစ် ဒုတိယသုံးလပတ်တွင် ၃၇ ရာခိုင်နှုန်းရှိရာမှ ၂၀၁၆ ခုနှစ် ဒုတိယသုံးလပတ်တွင် ရာခိုင်နှုန်း ၁၈၀ ထိမြင့်တက်လာကြောင်း၊ တရုတ်နိုင်ငံသားအများဆုံး ဝယ်ယူလိုသည့်မြို့မှာ ဗန်ကောက်မြို့ဖြစ်ပြီး ၂၉ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း၊ ၂၁ ဒသမ ၈ ရာခိုင်နှုန်းသည်ချင်းမိုင်မြို့၊ ၁၇ ဒသမ ၃ ရာခိုင်နှုန်းသည် ဖူးခက်မြို့၊ ၁၅ ဒသမ ၈ ရာခိုင်နှုန်းသည် ပတ္တယားနှင့် ၁၅ ဒသမ ၈ ရာခိုင်နှုန်းသည် အခြားမြို့များတွင်ဝယ်ယူရန် ဆန္ဒရှိကြပါသည်။ ဗန်ကောက် အိမ်ခြံမြေဈေးကွက်သည် ဈေးနှုန်းတည်ငြိမ်ပြီး ဆက်လက်မြင့်တက်ရန် အလားအလာ အကောင်းဆုံးမြို့ ဖြစ်ပါသည်။

ထို့နောက် အိမ်ခြံမြေဈေးနှုန်းနိမ့်ကျခြင်း၊ ကျန်းမာရေး ဝန်ဆောင်မှုနှင့် ပညာရေးဝန်ဆောင်မှုများ ကောင်းမွန်သည့် ချင်းမိုင်မြို့တွင်လည်း ဝယ်ယူရန် ဆန္ဒရှိကြပါသည်။ တရုတ်နိုင်ငံ၏ ပင်လယ်ကမ်းခြေဒေသရှိ အဓိကကျသည့်မြို့များသည် ပြည်မရှိ ရှန်ဟိုင်းနှင့် ပေကျင်းမြို့များကဲ့သို့ အိမ်ခြံမြေဈေးနှုန်း အလွန်မြင့်မားသဖြင့် ထိုင်းနိုင်ငံရှိ ထင်ရှားသော ပင်လယ်ကမ်းခြေမြို့များဖြစ်သော ဖူးခက်နှင့် ပတ္တရားမြို့များတွင်လည်းဝယ်ယူလိုကြကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# The Belt & Road Initiative အတွက် ငွေကြေးအထောက်အပံ့တိုးမြှင့်သုံးစွဲမည်ဟု တရုတ်သမ္မတရှီကျင့်ဖျင့် ပြောကြား

ပေကျင်း၌ မေ ၁၄ ရက်နှင့် ၁၅ ရက်၌ ပထမအကြိမ် ကျင်းပခဲ့သည့် The Belt & Road Forum ၌ သမ္မတရှီကျင့်ဖျင့်က စီမံကိန်းများအား လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရန် ပိုးလမ်းမရန်ပုံငွေအတွက် တရုတ်ယွမ် ဘီလီယံ ၁၀၀ (အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၄၉ ဘီလီယံ)ထပ်မံထည့်ဝင်မည်ဖြစ်ကြောင်း အဖွင့်မိန့်ခွန်း၌ ပြောကြားခဲ့ပါသည်။

၂၀၁၃ ခုနှစ်တွင် သမ္မတရှီကျင့်ဖျင့်က B&R Initiative ကို နိုင်ငံတော်မဟာဗျူဟာအဖြစ်စတင် ဆောင်ရွက်ခဲ့ပြီးနောက် ဖိုရမ်ကို ပထမအကြိမ် ကျင်းပခဲ့ခြင်းဖြစ်သည်။ အဆိုပါဖိုရမ်သို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင် ၂၉ ဦး နှင့် နိုင်ငံပေါင်း ၁၃၀ ကျော်မှ အစိုးရအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ၊ နိုင်ငံတကာ အဖွဲ့အစည်းမှ ခေါင်းဆောင်များ၊ ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် သတင်းမီဒီယာများ စုစုပေါင်း ၁၅၀၀ ကျော် တက်ရောက်ခဲ့ပါသည်။ ဖိုရမ်၌ နိုင်ငံပေါင်း ၆၈ နိုင်ငံနှင့် B&R Initiative အပါအဝင် အခြားစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးခဲ့ပါသည်။

အဆိုပါဖိုရမ်တွင် နိုင်ငံအသီးသီး၊ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးတို့နှင့် ဆက်လက်ဆောင်ရွက်မည့် အချက် ၇၆ ချက်ကို သဘောတူညီခဲ့ပါသည်။ အဓိကအားဖြင့် ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုမူဘောင်အောက်၌ စီးပွားရေးလမ်းဖွင့်ဆောင်ရွက်ရေး၊ လွတ်လပ်၍ အားလုံးပါဝင်နိုင်သည့် ရှုထောင့်ဖြင့် ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် ကမ္ဘာ့ကုန်သွယ်မှုအသိုက်အဝန်း၌ ကိုယ်ကျိုးစီးပွားကာကွယ်မှုများကို ဆန့်ကျင်ရေး (Opposing all forms of trade protectionism) ကို ဆွေးနွေးသဘောတူခဲ့ကြပါသည်။

ထို့ပြင် ဖွံ့ဖြိုးရေးမူဝါဒ ချိတ်ဆက်မှုအနေဖြင့် တရုတ်သည် နိုင်ငံပေါင်း ၃၀ ကျော်နှင့် ထုတ်လုပ်မှု စွမ်းဆောင်ရည်တိုးမြှင့်မှုဆိုင်ရာပူးပေါင်း ဆောင်ရွက်မှု မူဘောင် ၃၀ ကိုလက်မှတ်ရေးထိုးခဲ့ပါသည်။ အခြေခံအဆောက်အအုံ ချိတ်ဆက်မှုတွင် ပြည်သူများအတွက် ပိုမိုကောင်းမွန်သော လူမှုဘဝဖန်တီးပေးနိုင်ရန်နှင့် ရေရှည်တိုးတက်မှုအတွက် အခြေခံအဆောက်အအုံချိတ်ဆက်မှုကွန်ရက်ကိုဦးစားပေးဆောင်ရွက်ရန် ကုန်းလမ်း၊ ရေကြောင်းဆိပ်ကမ်း၊ ရထားလမ်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပူပေါင်းဆောင်ရွက်မှုသာမက Cyberspace ကွန်ရက်ဆက်သွယ်မှုတွင်ပါ ပေါင်းစပ်မှုပိုမိုမြှင့်တင်မည်ဖြစ်သည်။ ကုန်သွယ်ရေးချိတ်ဆက်မှုတွင် တရုတ်နှင့် The Belt & Road နိုင်ငံများအကြား ကုန်သွယ်မှုပမာဏမှာ ၂၀၁၄ မှ ၂၀၁၆ ခုနှစ်အထိ အမေရိကန်ဒေါ်လာသုံးထရီလီယံရှိခဲ့ပြီး အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀ ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် ၅၆ ခုကို နိုင်ငံပေါင်း ၂၀ ၌ ဆောင်ရွက်နေပြီး စုစုပေါင်း အလုပ်အကိုင် ၁၈၀,၀၀၀ကို ဖန်တီးပေးနိုင်ခဲ့ကြောင်းသိရှိရပါသည်။ ဘဏ္ဍာရေးချိတ်ဆက်မှုတွင် အာရှအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်၏ ပိုးလမ်းမရန်ပုံငွေမှ စီမံကိန်းကိုးခုအတွက် ချေးငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ ရယူထားပြီးဖြစ်ပါသည်။ ထို့အပြင် ဘဏ္ဍာရေး၊ အခြေခံအဆောက်အအုံနှင့် ကုန်ထုတ်စွမ်းအားစု (Production Capacity) တိုးမြှင့်ရေးတို့အတွက် အဓိကသုံးစွဲမည့် ချေးငွေပမာဏအား China Development Bank (CDB) က ယွမ် ဘီလီယံ ၂၅၀ နှင့် China EXIM Bank က ယွမ်ဘီလီယံ ၁၃၀ အသီးသီး သုံးစွဲမည်ဖြစ်ကြောင်း ဖိုရမ်၌ ကြေညာခဲ့ပါသည်။ ထို့အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်း များအတွက် တရုတ်ယွမ်ဘီလီယံ ၆၀ ကို လာမည့် သုံးနှစ်အတွင်း ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ထို့နောက် The Belt & Road တစ်လျှောက်ရှိ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ယွမ်နှစ်ဘီလီယံတန်ဖိုးရှိ Food aid program၊ 100 happy home projects ၊100 poverty alleviation projects နှင့် 100 healthcare & rehabilitation projects အသီးသီးကို အကူအညီပေးသွားမည်ဖြစ်ကြောင်း သိရှိရပါ သည်။

ဒုတိယအကြိမ် The Belt & Road Forum ကို ၂၀၁၉ ခုနှစ်တွင် ပေကျင်း၌ ကျင်းပမည်ဖြစ် ကြောင်း သိရပါသည်။

တရုတ်၏ Belt & Road Initiative သည် ကမ္ဘာလုံးဆိုင်ရာ အခြေခံအဆောက်အအုံဆက်သွယ်မှု ကွန်ရက်တိုးမြှင့်ရန် ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ဦးစားပေးသည့် မဟာဗျူဟာဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ အထူးသဖြင့် အခြေခံအဆောက်အအုံ လိုအပ်ချက်ရှိနေသော နိုင်ငံများအတွက်အခွင့်အလမ်းတစ်ခုလည်းဖြစ်သည်။ သို့ရာတွင် Belt & Road မှ တစ်ဆင့် ရရှိလာမည့် ချေးငွေ၊ အထောက်အပံ့၊ အကူအညီကို ထိရောက်စွာလက်ခံရရှိနိုင်ရန် မိမိတို့ပြည်တွင်းမူဝါဒများ၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ အဆင်သင့်ဖြစ်ရန် လိုအပ်ပါသည်။ ပူးပေါင်းဆောင်ရွက်မည့် ပုဂ္ဂလိကကဏ္ဍ အားကောင်းရန် လိုအပ်ပါကြောင်း သုံးသပ်ရရှိပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂-၆-၂၀၁၇)

ဇော်ဝင်း

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းကြီးဈေး ဆက်လက်တက်ရိပ်ပြသော်လည်း မတ်ပဲဈေးငြိမ်ကာ ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပဲတီစိမ်းကြီး ထိပ်စ (အသစ်) ဈေးဆက်လက်တက်ရိပ်ပြခဲ့ပါတယ်။ မန္တလေး တင်ပို့မည့်သူများက ဝယ်လိုအားကောင်းတာကြောင့် ယခင်တစ်ပတ်က ဈေးမြင့်ပြီး အရောင်းအဝယ်လည်း များလာခဲ့တဲ့ ပဲတီစိမ်းကြီးထိပ်စ (အသစ်) တစ်ပိဿာ ၂၀၁၆ ကျပ် ထိဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၂၂၇၉ ကျပ် (တစ်တန် ကျပ် ၁၃၉၅၆၃၀) နဲ့ ဆက်လက်ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ မြို့ခံပဲခွဲစက်လုပ်ငန်းများမှ ပုံမှန် ဝယ်လိုအားရှိနေတဲ့ မတ်ပဲကတော့ ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာ ကျပ် ၁၅၀၀(တစ်တန်ကျပ် ၉၁၈၅၈၀) နဲ့ ဆက်လက် ဈေးငြိမ်ခဲ့ပြီး တစ်နေ့အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၁၀၃၀ နဲ့ ဈေးကျဆင်းခဲ့တဲ့ ပဲစင်းငုံနီ ယခုတစ်ပတ်မှာ တစ်ပိဿာ ၉၈၅ ကျပ် (တစ်တန် ကျပ် ၆၀၃၂၀၀) ထိ ဆက်လက် ဈေးကျဆင်းခဲ့ပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်နဲ့ လှောင်လက်များက ပုံမှန်ဝယ်လိုအား ရှိပေမယ့် အရောင်းနည်းတာကြောင့် တစ်နေ့အိတ် ၆၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၂၁၄၂ ကျပ်ထိ ဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၁၈၄ ကျပ်(တစ်တန်ကျပ် ၁၃၃၇၄၅၀) ထိ ပြန်လည်ဈေးမြင့်ခဲ့ကာ မြို့ခံပဲခွဲစက်များက ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ အလားတူ ယခင်တစ်ပတ်က ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၁၈၉၅ ကျပ်ထိ ဈေးကျခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၉၇၄ ကျပ် (တစ်တန် ကျပ် ၁၂၀၈၈၅၀) ထိ ပြန်လည်ဈေးမြင့်ခဲ့ပြီး မန္တလေးဝယ်လက်များက ဝယ်ယူမှုရှိကြောင်း သိရပါတယ်။ မြို့ခံ အစာစပ်လုပ်ငန်းများက ဝယ်လိုအားရှိနေတဲ့ အစေ့ထုတ်ပြောင်းကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၄၁၈ ကျပ်ထိ ဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၄၂၉ ကျပ် (တစ် တန် ကျပ် ၂၆၂၇၁၀) ထိ ပြန်လည်ဈေးမြင့်ခဲ့ပြီး တစ်နေ့ အိတ် ၃၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေး ဆက်လက်ကျ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေး ဆက်လက်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ(RC) က တစ်တန် ကျပ် ၉၃၂၀၀၀ ထိ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်တန်ကို ကျပ် ၈၉၄၀၀၀ ထိဈေးကျဆင်းခဲ့တာကြောင့် တစ်တန်ကို ကျပ် ၃၈၀၀၀ ထပ်မံကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ SQ (RC) က တစ်တန်ကို ကျပ် ၁၁၈၀၀၀၀ ထိဈေးရခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်တန်ကို ကျပ် ၁၁၂၇၀၀၀ ထိဈေးကျခဲ့တာကြောင့် တစ်တန်ကို ကျပ် ၅၃၀၀၀ ထပ်မံကျဆင်းခဲ့ပါတယ်။ အလားတူ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်တန်ကျပ် ၆၆၁၅၀၀ နဲ့ ဈေးကျခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်တန်ကျပ် ၆၃၁၀၀၀ထိ ဈေးဆက်လက်ကျဆင်းခဲ့တာကြောင့် ယခင်တစ်ပတ်ထက် တစ်တန်ကို ကျပ် ၃၀၅၀၀ ဈေးထပ်မံကျဆင်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတ ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေး ဆက်လက်တက်ရိပ်ပြပြီး မတ်ပဲဈေးဆက်လက်ကျ

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေးဆက်လက်တက်ခဲ့ပြီး ယခင်တစ်ပတ်က တစ်ပိဿာ ၃၈၅ ကျပ်ထိ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၄၁၀ (တစ်တန် ကျပ် ၂၅၁၀၇၀) ထိ ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ အစေ့ထုတ်ပြောင်းကို ရန်ကုန်ဝယ်လက်များက ဝယ်ယူမှုပုံမှန်ရှိနေပြီး တစ်နေ့အိတ် ၂၀၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၁၅၅၀ နဲ့ ဈေးကျခဲ့တဲ့ မတ်ပဲက ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၁၄၉၀ (တစ်တန် ကျပ် ၉၁၂၄၆၀) ထိ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ မတ်ပဲကို ရန်ကုန်ဝယ်လက်နဲ့ ဝယ်ရောင်းကုန်သည်များက ဝယ်ယူမှုရှိပြီး တစ်နေ့ အိတ် ၃၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေး ဆက်လက်ကျဆင်း

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ဈေး ဆက်လက်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ၁၅၁၇ ကျပ်အထိ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာကျပ် ၁၄၆၇ ကျပ် (တစ်တန် ကျပ် ၈၉၈၃၇၀) အထိ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်နဲ့ မြို့ခံပဲခွဲစက်များက ပုံမှန်ဝယ်ယူမှုရှိတာကြောင့် တစ်နေ့လျှင် မတ်ပဲအိတ် ၅၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အလားတူပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၁၀၀၈ ကျပ်နဲ့ ဈေးကျခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၉၈၃ ကျပ် (တစ်တန် ကျပ် ၆၀၁၉၇၀) နဲ့ဈေးဆက် လက်ကျဆင်းခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်နဲ့ လှောင်လက်များက ပုံမှန်ဝယ်ယူနေ ပြီး ပဲစင်းငုံနီတစ်နေ့ အိတ် ၆၀၀ ခန့် အရောင်း အဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲတီစိမ်း(အညာ)ရွှေဝါက ယခင်တစ်ပတ်က တစ်ပိဿာ ၂၀၇၁ ကျပ်နဲ့ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၂၂၅၈ ကျပ် (တစ်တန်ကျပ် ၁၃၈၂၇၇၀) နဲ့ ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ ပဲတီစိမ်း(အညာ) ရွှေဝါကတော့ တစ်နေ့ကို အိတ် ၁၀၀၀ မှ ၁၅၀၀ထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် နှမ်းနက်ရိုးရိုးက ယခင်တစ်ပတ်အထိ တစ်ပိဿာ ၂၁၇၈ ကျပ်နဲ့ ဈေးငြိမ်နေခဲ့ရာက ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၂၂၂ကျပ် (တစ်တန်ကျပ် ၁၃၆၀၇၃၀) နဲ့ ဈေးပြန်မြင့်ခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာကျပ် ၂၈၀၀ မှ ယခုတစ်ပတ်မှာ ၂၇၅၆ ကျပ် (တစ်တန်ကျပ် ၁၆၈၇၇၄၀) နဲ့ နှမ်းဖြူထိပ်စကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၂၃၁၁ ကျပ် ထိဈေးမြင့်ခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၂၈၉ကျပ် (တစ်တန် ကျပ် ၁၄၀၁၇၆၀) နဲ့ အသီးသီးဈေးကျခဲ့ပြီး နှမ်းမျိုးစုံ တစ်နေ့အိတ် ၅၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်းဈေး ဆက်လက်တက်ရိပ်ပြပြီး မတ်ပဲ၊ ပဲစင်းငုံနီ ဈေးကျဆင်း

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲတီစိမ်းဈေးဆက်လက် တက်ရိပ်ပြခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း တစ်ပိဿာ ကျပ် ၁၉၂၀ နဲ့ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၂၀၀၀ (တစ်တန် ၁၂၂၄၇၈၀) နဲ့ ဆက်လက်ဈေးမြင့်ခဲ့ပြီး တစ်နေ့အိတ် ၂၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းဈေး ဆက်လက်တက်ရိပ်ပြပေမယ့် ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ကျပ် ၁၅၄၀ နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၁၅၀၀ (တစ်တန်ကျပ် ၉၁၈၅၈၀) နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ပြီး တစ်နေ့အိတ် ၂၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။အလားတူ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ကျပ် ၁၀၀၀ ထိဈေးကျခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၉၇၅ ကျပ် (တစ်တန်ကျပ် ၅၉၇၀၈၀ )ထိ ဈေးဆက်လက်ကျဆင်းခဲ့ကာ တစ်နေ့ အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနေနဲ့ ယခုတစ်ပတ်မှာ ဈေးမြင့်ခဲ့ပြီး ယခင်တစ်ပတ်က နှမ်းဖြူထိပ်စ တစ်ပိဿာ ၂၃၅၅ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၄၀၀ (တစ်တန် ၁၄၆၉၇၃၀)၊ ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ကျပ် ၂၆၀၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၇၁၀(တစ်တန် ၁၆၅၉၅၇၀) နဲ့ အသီးသီး ဈေးအမြင့်နဲ့အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းဆက်လက် ဈေးငြိမ်သော်လည်း ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေး ဆက်လက်ဈေးငြိမ်နေခဲ့ပေမယ့် ပဲစင်းငုံနီကတော့ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းဈေးကတော့ ရက်သတ္တ ခြောက်ပတ်ဆက်တိုက် တစ်ပိဿာ ၁၅၇၅ ကျပ် (တစ်တန် ကျပ် ၉၆၄၅၁၀) နဲ့ ဆက်လက်ဈေးငြိမ်နေခဲ့ ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၁၀၂၀ နဲ့ ဈေးပြန်လည်ကျဆင်းခဲ့တဲ့ ပဲစင်းငုံနီက ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၉၈၀ (တစ်တန်ကျပ် ၆၀၀၁၄၀) နဲ့ ဈေးဆက်လက် ကျဆင်းခဲ့ပါတယ်။ နှမ်းမျိုးစုံအနက် နှမ်းနီတစ်ပိဿာ ကျပ် ၂၀၀၀(တစ်တန် ၁၂၂၄၇၈၀)၊ နှမ်းနက် တစ်ပိဿာ ကျပ် ၂၁၁၀ (တစ်တန် ၁၂၉၂၁၄၀) နဲ့ သိပ္ပံနှမ်းတစ်ပိဿာ ကျပ် ၂၅၈၀ (တစ်တန် ကျပ် ၁၅၇၉၉၆၀) နဲ့ ယခင်တစ်ပတ်ဈေးအတိုင်း ဆက်လက်ဈေး ငြိမ်ကာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးငြိမ်

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေး ဆက်လက်ငြိမ်နေခဲ့ကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ ယခင်တစ်ပတ်က ၅၀ ကီလိုတစ်အိတ်ကို ယွမ် ၇၀ မှ ယွမ်၈၀ (တစ်တန် ယွမ် ၁၄၀၀မှ ယွမ် ၁၆၀၀ ) နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ တစ်ဖက်နိုင်ငံသို့ တင်ပို့နိုင်မှုမှာ ယခင်တစ်ပတ်က တန်ချိန် ၁၂၃၀၀ သာ တင်ပို့နိုင်ခဲ့ပြီး ယခုတစ်ပတ်မှာ တန်ချိန် ၁၄၀၀၀ ကျော် တင်ပို့နိုင်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်သော်လည်း အရောင်းအဝယ်သွက်

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးက ရက်သတ္တ လေးပတ်ဆက်တိုက် ဆက်လက်ဈေးငြိမ်နေကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ ယခင်တစ်ပတ် ဈေးအတိုင်း တစ်ပိဿာ ကျပ် ၄၂၀ (တစ်တန်ကျပ် ၂၅၇၂၀၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ၂၉၁၄၂၉၅ ပိဿာရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ ၃၈၆၆၃၀၅ ပိဿာရှိခဲ့တာမို့ အရောင်းအဝယ်သွက်ခဲ့ပြီး သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှ မူဆယ်အထိ ပြောင်းတစ်ပိဿာကျပ် ၃၀ ရှိကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာပြောင်းဈေးငြိမ်သော်လည်း အရောင်းအဝယ်အေး

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးက ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ တစ်ပိဿာ ကျပ် ၃၆၀ (တစ်တန်ကျပ် ၂၂၀၄၆၀) နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ပိဿာချိန် ၆၀၀၀၀၀ ကျော်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ ပိဿာချိန် ၄၅၀၀၀၀ ကျော်သာရှိခဲ့တာကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း သိရပါတယ်။

# t&nftaoG;@aps;uGufxGufoD;ESrf; xbkzmufif&mufEkba&;twGufcyrf;csuf

| မျိုးသူ (ကုန်သွယ်မြှင့်) |

ယနေ့ ကျွန်တော်တို့ရုံးမှာ အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy) အကောင်အထည်ဆောင်ရွက်မှုမှာ ပါဝင်တဲ့ လုပ်ငန်းတစ်ခုဖြစ်တဲ့ ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး Project တစ်ခုမှ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ ဆွေးနွေးခဲ့ရပါတယ်။ သူတို့က အောင်လံမှာကွင်းဆင်းပြီး အပြန်မှာ လာတွေ့ကြတာလို့ သိရပါတယ်။ သူတို့ အကောင်အထည်ဖော်နေတဲ့ ဆီထွက်သီးနှံများ အရည်အသွေးမြင့်မားရေး၊ အပင်ပိုးမွှားရောဂါ ကင်းရှင်းရေး၊ စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ (Good Agriculture Practice- GAP) များကို တောင်သူများလိုက်နာ ဆောင်ရွက်နိုင်ရေး စတဲ့လုပ်ငန်းများကို လက်တွေ့ကွင်းဆင်းပြီး တောင်သူများနဲ့တွေ့ဆုံရာမှ သိရှိရတဲ့ အတွေ့အကြုံများကို နားထောင်ခဲ့ရပါတယ်။

သူတို့ပြောတဲ့စကားတွေ နားထောင်ကြည့်ရတာ ကျွန်တော်တို့တွေ တော်တော်လုပ်ရဦးမယ်လို့ တွေးမိပါတယ်။ အခုမှ အစလိုလာဖြစ်နေသလား၊ အရင်က Good Agriculture Practice (GAP) များမလုပ်ခဲ့ဖူးဘူးလားလို့လည်း ကိုယ့်ဘာသာ မေးမိပါတယ်။ ကျွန်တော်မှတ်မိသလောက် စိုက်ပျိုးရေးဦးစီးဌာနဟာ အရင်က မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဆိုတဲ့ အင်တာပရိုက်ပုံစံမျိုးနဲ့ လုပ်ခဲ့တာပါ။ အဲဒီတုန်းက တောင်သူလယ်သမား စာအုပ်ဆိုတာလေးတွေ မြင်ဖူးပါတယ်။ အဲဒီစာအုပ်မှာရေးသွင်းထားတဲ့ အကြောင်းအရာတွေက ယခု Good Agriculture Practice (GAP) လို့ခေါ်နေတဲ့ အချက်အလက်တွေကို အသေးစိတ် စနစ်တကျ ရေးသွင်းမှတ်သားမှုမျိုးနဲ့ ဆင်တူတယ်ထင်ပါတယ်။ ကျွန်တော်တော့ အဲဒီလို စနစ်ကောင်းကလေးတွေကို ပြန်အသက်သွင်းဖို့ကောင်းတယ်လို့ စိုက်ပျိုးရေးက ဆရာကြီးတွေကို ကြုံတိုင်းပြောမိပါတယ်။ ကျေးလက်မန်နေဂျာလို့ ယခင်က ကျေးရွာအုပ်စုတိုင်းမှာရှိခဲ့ပြီး၊ တောင်သူတွေ အားထားရာ နေရာတစ်ခုဖြစ်တဲ့ ကျေးလက်ပညာပေးစိုက်ပျိုးရေး ပညာပေးစခန်းများလည်း ပြန်လည်ရှိသင့်တယ် ထင်ပါတယ်။ ကျေးရွာအုပ်စုတိုင်းမှာ မထားနိုင်တောင် နှစ်ခုလောက်မှာ တစ်ယောက်နဲ့ တစ်ရုံးထားသင့်ပါတယ်။ အခုတော့ ငါးအုပ်စု ခြောက်အုပ်စုမှ တစ်ယောက်လောက်ပဲထားနိုင်တယ်လို့ သိရပါတယ်။ ကျေးရွာတွေမှာမေးရင် ကျေးဂျာဆိုတာ မသိတော့ဘူး၊ စိုက်ပျိုးရေးကလူတွေ မလာဘူးဘဲ ပြောနေတတ်ပါတယ်။

ယခု အရည်အသွေးကောင်းတဲ့ ဆီထွက်သီးနှံများရရှိရေးအတွက် တောင်သူ၊ ကုန်သည်ပွဲစား၊ ဆီစက်သမား၊ ပြည်ပ တင်ပို့သူရယ်လို့ ခွဲခြားဆောင်ရွက်ပေးတဲ့နေရာမှာ Good Agriculture Practice (GAP) အပိုင်းကို တောင်သူများကို သင်ကြားပေးပြီး၊ Hazard Analysis and Critical Control Points (HACCP) အပိုင်းကို ကုန်သည်ပွဲစား၊ ဆီစက်ပိုင်ရှင်များနှင့် ပြည်ပတင်ပို့သူများအား သင်ကြားပြသ လေ့ကျင့်ပေးလျက်ရှိပါတယ်။ မန္တလေး၊ မကွေးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးသုံးခုမှာ အကောင်အထည် ဖော်နေတာပါ။ အမျိုးသားပို့ကုန်မဟာဗျူဟာနဲ့ ပတ်သက်ပြီး ရေးသားထားတာတွေ ဖတ်ဖူးပါတယ်။ ဒေါက်တာသစ်သစ်လွင်တို့ ရေးတာတွေလည်း ရှိပါတယ်။ ကျွန်တော်က ကျွန်တော့်အမြင်နဲ့ ကျွန်တော့်အတွေးကို ရေးပြချင်လို့ပါ။ ယခု လက်တွေ့ကွင်းဆင်းပြီး တောင်သူများကို သွားရောက်တွေ့ဆုံရာမှာ အောင်လံ၊ ပခုက္ကူ၊ မကွေး၊ မြင်းခြံ၊ မုံရွာ၊ စစ်ကိုင်း စတဲ့ မြို့တွေက ကျေးရွာဆယ်ရွာမှ တောင်သူလေးရာလောက်နဲ့ တွေ့ဆုံပြီး စိုက်ပျိုးရေးဆိုင်ရာအလေ့အထကောင်းများကို လက်တွေ့သင်ကြားပြသပေးခဲ့တယ်လို့ သိရပါတယ်။ အလေ့အကျင့်ဆိုတဲ့ အတိုင်း ပုံစံစာအုပ်လေးနဲ့ ဘယ်နေ့မှာ စိုက်တယ်၊ ဘယ်နေ့မှာ ဘယ်ပိုးသတ်ဆေးဖျန်းတယ်၊ ဘယ်လောက်ဖျန်းတယ်၊ ဘာပိုးကျလို့ ဘယ်ပိုးသတ်ဆေး ဘယ်လောက်ကုန်တယ်။ ဘယ် မြေဩဇာကို အရေအတွက်ဘယ်လောက်ကို ဘယ်နှုန်းနဲ့ဖျန်းတယ် စသည်ဖြင့် ရေးသွင်းမှတ်တမ်းတင်ထားကြဖို့ဖြစ်ပါတယ်။

ကျွန်တော်တို့ တောင်သူတွေထဲမှာ အခုလို ခေတ်မီတဲ့ အတွေး၊ စနစ်တကျ ဆောင်ရွက်လိုသူတွေ များလာတာက ကောင်းသောအလားအလာပါ။ တကယ်တော့ ကျွန်တော်တို့က တောင်သူတွေ စိုက်ပျိုးထုတ်လုပ်သမျှကို ဝယ်ယူစားသုံးနေကြတဲ့ သူတွေ သက်သက်သာဖြစ်ပါတယ်။ ကောင်းမွန်စိတ်ချရတဲ့ အစားအစာဆိုတာက စိုက်ပျိုးထုတ်လုပ်တဲ့သူတွေ၊ ကုန်သည် ပွဲစားတွေရဲ့ ကိုင်တွယ်ထိန်းသိမ်းမှုတွေအပေါ်မှာ ကျွန်တော်တို့ရဲ့ ကျန်းမာရေးတွေ တည်မှီနေပါတယ်။ ပြည်ပကို တင်ပို့မယ်ဆိုရင်လည်း စိုက်ရိတ်ဝယ်သယ်လှောင်ကြိတ်ဖြန့် ပြည်ပတင်ပို့စတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်တိုင်းက အရေးပါနေပြီး ကျန်းမာရေးအတွက် အရေးကြီးသလို ကိုယ်တင်ပို့တဲ့နိုင်ငံရဲ့ စံချိန်စံညွှန်းတွေနဲ့မကိုက်လို့ ငြင်းပယ်ခံရတာမျိုးဆိုရင် တင်ပို့သူမှာ နစ်နာသလို နိုင်ငံအနေနဲ့လည်း ဂုဏ်သိက္ခာ ထိခိုက်ပါတယ်။ နောက်ရောင်းချင်ရင်လည်း နာမည်ပျက်ပြီး အရောင်းအဝယ်မှာ ထိခိုက်ပါတယ်။ ဒါကြောင့် လူတွေက အရမ်းအရေးပါပါတယ်။

လက်တွေ့ ကွင်းဆင်းပြီးပြောကြားကြ၊ သင်ကြားပြသပေးကြတဲ့အခါမှာ နားလည်တတ်ကျွမ်းမှု အားနည်းတာက အဓိကအားနည်းချက်ဖြစ်ပေမယ့် ဒီအချက်ကို သင်ကြားပြသပေးတဲ့အတိုင်းသာလုပ်ရင် လေ့လာရင် ကျော်လွှားနိုင်ပါတယ်။ ဒါပေမယ့် တောင်သူတွေ ကိုယ်တိုင်က မိမိတို့ လိုချင်တဲ့ နှမ်းက အရည်အသွေးကောင်းမွန်တဲ့ နှမ်းဖြစ်ဖို့ထက် အမြတ်များတဲ့ နှမ်းကိုဈေးတက်ချိန် ရောင်းချရရေးကိုသာ အရေးကြီးတယ်လို့ ထင်ကြတာက ခက်ခဲနေတာပါ။တစ်နည်းပြောရရင်စိုက်ပျိုးတဲ့ တောင်သူအနေနဲ့ ဆင်းရဲတဲ့အတွက် ဈေးကောင်းလိုချင်၊ လိုချင်သော်ငြားဖြစ်သလိုသွား၊ ဖြစ်သလိုသွားလို့ ဈေးမကောင်း၊ ဈေးကောင်းမရလို့ ဆင်းရဲနဲ့ အဆိုးသံသရာထဲလည်နေကြတာပါ။ အရည်အသွေးကောင်းရရှိရေးကို ဦးတည်ပြီး အကောင်အထည်ဖော်ဖို့ လိုအပ်နေပြီဆိုတာကိုတော့ တွေ့ခဲ့ရတဲ့ တောင်သူများ သဘောပေါက်နေတာ သိရပါတယ်။ တောင်သူအများစုကြီး နားလည်ဖို့နဲ့ စည်းကမ်းတကျ လုပ်ဖို့ကတော့ ကြိုးစား ရပါဦးမယ်။ တောင်သူက နားလည်လက်ခံသော်ငြားလည်း တောင်သူတွေမှာရှိတဲ့ လယ်ယာသုံးကိရိယာတွေ၊ စက်ပစ္စည်းတွေ၊ ဝယ်ယူသုံးစွဲရတဲ့ မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေ၊ ရေရရှိရေး နည်းလမ်းတွေ၊ နည်းစနစ်တွေက အရည်အသွေးကောင်း နှမ်းနဲ့ဆီထွက်သီးနှံရရှိအတွက် အံချော်မှုတွေ အများအပြား ရှိနေသေးတယ်လို့ သိရပါတယ်။

နှမ်းအနက်ဆိုရင် ဂျပန်ဈေးကွက်က အရမ်းကို ကြီးမားကြောင်း သိရပါတယ်။ မြန်မာတွေ ပဲဆီနဲ့မှ ဟင်းချက်ချင်သလိုပဲ၊ ဂျပန်မှာလည်း နှမ်းလှော်ဆီမွှေးနဲ့မှ ဟင်းချက်ချင်ကြောင်း၊ မပါမပြီးကြောင်း သိရပါတယ်။ နှမ်းချည်းပဲလည်း မုန့်တွေမှာ ထည့်သုံးတတ်ပါသေးတယ်။ ကျွန်တော်တို့ ဆရာတစ်ယောက် ဂျပန်မှာ နှမ်းစက်ရုံကို ရောက်ရှိလေ့လာခဲ့စဉ်မှာ ဂျပန်ကို မြန်မာ့နှမ်းတင်ပို့မှုက တန်ချိန် ၈၀၀၀ လောက်ပဲရှိကြောင်း၊ ဂျပန်ကလိုချင်တာက တန်ချိန် သိန်းချီလိုချင်တာ ဖြစ်ကြောင်း၊ မြန်မာ့နှမ်းက အရည်အသွေးသာ ကောင်းမယ်ဆိုရင် ပို့သလောက် ဝယ်နိုင်ကြောင်း ပြောပြတာကို မှတ်သားခဲ့ဖူးပါတယ်။ ကျွန်တော်တို့ဆီမှာ နှမ်းလဲစိုက်တယ်၊ ထွက်လည်း ထွက်တယ်၊ ပို့လည်းပို့ချင်တယ်။ ဂျပန်ကလည်း ဝယ်ချင်တယ်၊ ဝယ်နိုင်တယ်။ ဈေးကောင်းလည်း ပေးတယ်။ ဒါပေမယ့် များများစားစား မပို့နိုင်တာ ဘာဖြစ်လို့လဲလို့ကြည့်ရင် အရည်အသွေးကို ဝယ်သူအကြိုက်ပေးနိုင်ဖို့ပါ။ ဂျပန်ကတော့ ကောင်းမှ၊ စားသုံးသူအတွက် စိတ်ချရမှ ဝယ်မှာပါ။ ကျွန်တော်တို့က သူတို့လိုချင်တဲ့ အရည်အသွေးမျိုးဖြစ်အောင် စိုက်ပျိုးသည်မှ ပြည်ပမှာရှိတဲ့ စားသုံးသူဆီ ရောက်သည်အထိ Seed to mouth လို့ ပြောရမယ်ထင်ပါတယ်။ တစ်လျှောက်လုံး ကောင်းရမယ်ပေါ့ဗျာ၊ စနစ်ကျရမယ်။ ဆေးတွေ နည်းရမယ်၊ ဓာတုဆေးဝါးသုံးစွဲမှု ဆေးကြွင်းကျန်မှု အလွန်နည်းပါးရပါမယ်။ ဒါမျိုး ထုတ်လုပ်တင်ပို့နိုင်ရင် မြန်မာ့ နှမ်း၊ ကမ္ဘာမလွှမ်းဘဲ မနေဘူးထင်ပါတယ်။

ကျွန်တော်တို့ရဲ့ နှမ်းကို စိုက်ပျိုးချိန်တွင်သာမက ရိတ်သိမ်းချိန်လွန် နောက်ပိုင်း နှမ်းကိုရိတ်ပြီးကတည်းက အက်စစ်ဓာတ်



မများရေး ဘယ်လိုထားမယ်၊ မခြွေမီ ကိုင်တွယ်ပုံစနစ်တွေ၊ သိုလှောင်မှု အပိုင်းတွေ၊ အဆင့်ဆင့် လက်လွှဲမှုများတာတွေ စတဲ့ အဆင့်တိုင်းမှာ အားနည်းချက်တွေကို ကောင်းတဲ့ အလေ့အကျင့်များ၊ နည်းစနစ်များနဲ့ ကျော်လွှားပြီး ပြုပြင်ကြရမယ်ထင်ပါတယ်။ ကျွန်တော်တို့ဆီမှာက တောင်သူဆီမှာ စနစ်တကျ သိုလှောင်နိုင်မှု မရှိသလို၊ ကုန်သည်ပွဲစားကလည်း သိုလှောင်မှုကို အရည်အသွေး ထိန်းသိမ်းထားနိုင်တဲ့ သိုလှောင်မှုမျိုးမလုပ်နိုင်သေးတာ တွေ့ရမှာပါ။ သိုလှောင်ရာမှာ ရှေးစကားတစ်ခုရှိပါတယ်။ စပါးကြာရွှေဖြစ်၊ နှမ်းကြာမြေဖြစ်ဆိုတာကြည့်ရင် ဒီအတိုင်း သာမန်သိုလှောင်မှုကာလ ကြာရှည်လာရင် နှမ်းကပျက်စီးလွယ်တယ်ဆိုတာ တွေ့နေရပါတယ်။ တာရှည်သိုလှောင်ရင်၊ လက်ပြောင်း လက်လွှဲများလေလေ အရည်အသွေးပိုင်းက နိမ့်ကျလေလေဆိုတာ တွေ့ရမှာပါ။

ပွဲစားကုန်သည် တော်တော်များများက အရည်အသွေးမကျဆင်းရေးထက်၊ အလေးချိန်မပျောက်ရေးကိုပဲ အဓိကထားတတ်ကြပါတယ်။ အလေးချိန်နဲ့ပဲ ရောင်းတတ်ကြလို့ပါ။ ဖုံသဲခဲနည်းရင် အရည်အသွေးပိုင်းကောင်းတာပဲလို့လည်း ထင်တတ်ပါတယ်။ ကြာကြာသိုလှောင်မယ်ဆိုရင် ပိုးသတ်တဲ့ အလုပ်ကိုလည်း လုပ်ရပါတယ်။ ပိုးသတ်တဲ့အလုပ်ကို လုပ်ရပြီဆိုရင်လည်း ကုန်သည်ပွဲစားက ကိုယ်တိုင်သတ်ခဲပါတယ်။ အလုပ်သမားကိုပဲ ခိုင်းကြတာပါ။ အလုပ်သမားက နည်းစနစ်မှန်မှန်နဲ့ ပိုးသတ်တဲ့ လုပ်ငန်း knowledge ကို မသိဘူးဆိုရင် သွားပြီ၊ တစ်အိတ်ကို ဆဲလ်ဖော့စ် တစ်ပြားထည့်တာတွေဘာတွေ ဖြစ်ကုန်တာပါပဲ။ ပိုးသတ်တာကို များသောအားဖြင့် စနစ်တကျသုံးစွဲနိုင်မှု အလွန်နည်းပါသေးတယ်။ ပိုးသတ်ဆေးကြွင်းကို သတ်မှတ်ချက်ထက်များပိုသွားရင် အလွန်အကဲဆတ်တဲ့ ဂျပန်ဈေးကွက်မျိုးကို တိုးဖို့ မလွယ်ပါဘူး။ ပိုးသတ်ဆေးသုံးတဲ့နေရာက စိုက်ပျိုးချိန်ရယ်၊ သိုလှောင်ချိန်ရယ်မှာ အဓိက သုံးစွဲကြတာပါ။ နောက်ကုန်သည်ပွဲစားတချို့က နှမ်း ဒီအိတ်ကောင်းပြီဆိုရင် နောက် အမြင်ညံ့တဲ့ တစ်အိတ်နှစ်အိတ်နဲ့ ရောသမမွှေတတ်တာပါပဲ။ မကောင်းလည်း ဒီဈေး၊ ကောင်းလည်း ဒီဈေးဆိုတာဖြစ်ရင်တော့ ခပ်ညံ့ညံ့ ပစ္စည်းပဲရတော့တာပါ။ ဒါကြောင့် ပြည်ပတင်ပို့သူဆီကို အဆင့်ဆင့် ဖြတ်သန်းမှုများပြီးမှ နှမ်းက ရောက်လာရင် အရည်အသွေးက များများ ကျဆင်းလာတတ်ပါတယ်။ နှမ်းကို ပြည်ပတင်ပို့မယ်ဆိုရင် ပြည်ပတင်ပို့မယ့် ကုန်သည်အနေနဲ့ ကန်ထရိုက် စိုက်ပျိုးရေးစနစ်မျိုးနဲ့လုပ်ပြီး တောင်သူနဲ့ ပြည်ပတင်ပို့သူကြား လက်မများအောင်လုပ်နိုင်မှ ကောင်းမယ်ထင်ပါတယ်။ အရည်အသွေးပိုင်းမှာ စိတ်ချရတဲ့ ကုန်သည်အချင်းချင်းဆီကပဲ ဝယ်သင့်ပါတယ်။ ပြောချင်တာကတော့ တောင်သူနဲ့ ပို့ကုန်လုပ်ငန်းရှင်ကြားမှာ အဆင့်မများဖို့ လိုတာသေချာနေပါပြီ။ အခုဆို နှမ်းကို ပြည်ပတင်ပို့တဲ့ ကုမ္ပဏီကြီးတချို့က စုပေါင်းလယ်ယာစနစ်တွေ လုပ်လာကြပါပြီ။

ကျွန်တော်တို့ National Export Strategy(NES) ရဲ့ ကဏ္ဍတစ်ခုဖြစ်တဲ့ ဆီထွက်သီးနှံကဏ္ဍရဲ့ ပရောဂျက်တစ်ခုဖြစ်တဲ့ ဆီထွက်သီးနှံ အများဆုံးစိုက်ရာ မန္တလေး၊ မကွေးနဲ့စစ်ကိုင်းတိုင်းဒေသကြီးမှာ အကောင်အထည်ဖော်နေတဲ့ ဆီထွက်သီးနှံ အရည်အသွေးမြင့်မားရေး စီမံချက်ပါ ရည်မှန်းချက်များအတိုင်း တောင်သူ၊ ကုန်သည်ပွဲစား၊ ဆီစက်၊ ပြည်ပတင်ပို့သူတို့ ကွင်းဆက်မိမိ စနစ်တကျ ဆောင်ရွက်နိုင်လျှင် မြန်မာ့နှမ်း ကမ္ဘာကို လွှမ်းနိုင်မှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

Vol: 17, No.21 Monday June 5 2017

## ချင်းရွှေဟော်မှ သကြားပိုမိုတင်ပို့ပြီး မူဆယ်မှ လျော့နည်းတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ မေ ၂၀ ရက် မှ ၂၆ ရက်ထိရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၁၅သန်း တန်ဖိုးရှိ Re-export သကြား ၅၅၈၂ တန်ကျော်နဲ့ သကြားဖြူ ၉၀၂ တန်ကျော် စုစုပေါင်း ၆၄၈၄ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၆၁၈ တန်ကျော်နဲ့ နှိုင်းယှဉ် ပါက ယခုတစ်ပတ် ချင်းရွှေဟော်မှ သကြား ၄၈၆၆ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၅၈၈ သန်း တန်ဖိုးရှိ Re Export သကြား ၁၃၂၁၂ တန်ကျော်တင်ပို့ခဲ့ရာ ယခင် တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၇၅၆၂ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၄၃၄၉ တန် လျော့နည်း တင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ သကြားတစ်တန်ကိုကျပ် ၇၅၂၇၀၀ ရှိပြီး တစ်ဖက်နိုင်ငံ ဝယ်ဈေးမှာ ယွမ် ၃၈၆၀ ရှိတယ်လို့ သိရပါတယ်။

မော်မော်အောင်

## ယခုတစ်ပတ် အိန္ဒိယသို့ ကွမ်းသီးတင်ပို့မှု လျော့ကျ

မြန်မာ-အိန္ဒိယ နယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းနဲ့ ရိဒ်ကုန်သွယ်ရေးစခန်းတို့မှ မေ ၂၀ ရက်မှ ၂၆ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၇၆၀ သန်း တန်ဖိုးရှိ ကွမ်းသီး ၉၃၈ တန်ကို တင်ပို့ခဲ့ ပါတယ်။ ယခင်တစ်ပတ်က ၁၀၉၈ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၁၆၀ လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီး ပိုမိုတင်ပို့နိုင်သော်လည်း တမူးကုန်သွယ်ရေးစခန်းမှ လျော့နည်းတင်ပို့ခဲ့တဲ့အတွက်ကြောင့်ဖြစ်တယ်လို့ သိရပါ တယ်။

ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန် ဒေါ်လာ သုည ဒသမ ၂၃၃ သန်း တန်ဖိုးရှိ နန့်ဖာလုံအမယ်စုံနဲ့ စီးကရက်တို့ကို ၉ တန်ကျော်၊ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၁၃၃ သန်း တန်ဖိုးရှိ စီးကရက်နဲ့ မုန့်မျိုးစုံတို့ကို ၉၂ တန် တင်ပို့နိုင်တယ်လို့ သတင်း ရရှိပါတယ်။

ခင်မိုးသူ

## မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်တင်ပို့မှု တန်ချိန် အနည်းငယ်လျော့နည်းပေမယ့် တန်ဖိုးပိုမို

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီ၊ ကော့သောင်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းများမှ မေ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၃၉ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၄၆၅ တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၃၄ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၂၀၇၅ တန် တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ် မှာ တန်ဖိုးအားဖြင့် သုည ဒသမ ၁၀၅ သန်း ပိုမိုခဲ့ပြီး တန်ချိန်အားဖြင့် ၆၀၉ တန်ကျော် လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

စခန်းအလိုက် တင်ပို့မှုကို ကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၉၃ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်တို့ကို ၇၅ တန်ကျော်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၀၄ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ ရေဘဝဲတို့ကို ၆၃၃ တန်ကျော်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄၂ သန်း တန်ဖိုးရှိ ကဏန်းပျော့၊ ရေခဲငါး၊ ရေခဲပုစွန်၊ ငါးမှုန့်၊ ကင်းမွန်၊ ရေဘဝဲတို့ကို ၇၅၆ တန် တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

ခင်မိုးသူ

## ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ရေထွက်ကုန် တန် ၁၃၀ ခန့်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ မေ ၂၀ မှ ၂၆ ရက်ထိ သီတင်းပတ်အတွင်းမှာ ရေထွက်ကုန် တင်ပို့နိုင်ခြင်းမရှိသော်လည်း မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၂၀၈ သန်း တန်ဖိုးရှိငါးနီတူခြောက်၊ အာပြဲခြောက်၊ ငါးသလောက်၊ငါးစုံလေးခြောက် တို့ကို တန် ၁၃၀ ခန့်တင်ပို့ခဲ့ပါတယ်။ မောင်တောကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန် ၁၂၄ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ခြောက်တန်ခန့် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ယခုတစ်ပတ်မှာ ရေထွက်ကုန်တင်ပို့မှု မရှိသော်လည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၅ သန်း တန်ဖိုးရှိ ချင်းစို၊ မန်ကျည်းစေ့၊ ဆီးသီးခြောက်၊ ဧည့်မထ ၂၅ မှတ်ဆန်တို့ကို ၁၃၅တန် တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

ခင်မိုးသူ

## တရုတ်၊ ထိုင်းနဲ့ အိန္ဒိယ ဆိုင်ကယ်များ တင်သွင်းမှု လျော့ကျ

တရုတ်၊ ထိုင်းနဲ့ အိန္ဒိယနယ်စပ်မှ မေ ၂၀ မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၁၇ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၁၂၈၇၄ စီးကို မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၄၃၃၀ စီးတင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၄၅၆ စီးလျော့နည်း တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ကန်ပိုက်တီကုန်သွယ်ရေး စခန်း၊ မူဆယ် ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နဲ့ တမူးကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်တင်သွင်းမှုလျော့ကျခဲ့တဲ့အတွက်ကြောင့် ယခုကဲ့သို့ လျော့နည်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၃၆ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၁၀၂၇ စီး၊ မြဝတီကုန်သွယ် ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၆၄ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၇၅၄ စီး၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၇ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၃ စီး၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၃ သန်း တန်ဖိုးရှိ ဆိုင်ကယ်အစီး ၈၀ တို့ကို အသီးသီး တင်သွင်းနိုင်တယ်လို့ သတင်းရရှိပါတယ်။

ခင်မိုးသူ

## ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ မြန်မာ့ဝါးများ ပုံမှန်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တော ကုန်သွယ်ရေးစခန်းမှ မေ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၇၃၄ တန်ဖိုးရှိ ဝါးလုံး အကြီး ၄၆ တန်ကျော်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၄၇ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် မောင်တောနယ်စပ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်သို့ မြန်မာ့ဝါးများ ပုံမှန်တင်ပို့နေတာ တွေ့ရပါတယ်။ ဝါးလုံးအကြီး/အသေးပေါ်မူတည်ပြီး လိုင်စင်ဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၈၀ ခန့် ရှိတယ်လို့ သိရပါတယ်။

မော်မော်အောင်

## မူဆယ်မှ ပရဆေးကုန်ကြမ်း တင်ပို့မှုလျော့နည်း

မေ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ် နယ် စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၆၆၁ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် (၁၀) မျိုး၊ တန်ချိန်အားဖြင့် ၆၃၈ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ပရဆေး ၉၉၁ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၃၅၃ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲ စေ့၊ ကြောင်လျှာစေ့၊ မာလာဉ၊ မာလာဉခေါင်း၊ တောချင်း၊ ချင်းခြောက်၊ နနွင်းတက်၊ ဆီးဆန်နဲ့ ဒရင်ကောက်မြစ်တို့ ဖြစ်ပါတယ်။ အလားတူ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၀ သန်း တန်ဖိုးရှိကြက်ဆူစေ့ ၁၅၇ တန်ကျော် တင်ပို့ခဲ့တာ တွေ့ရပါတယ်။

ပရဆေးကုန်ကြမ်းများကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိသလို မြန်မာ-အိန္ဒိယ နယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၄၂၂၄၀ တန်ဖိုးရှိ တောင်လုံးကျော် နှစ်တန်ခွဲကို မြန်မာနိုင်ငံသို့ တင်သွင်းလာခဲ့တယ်လို့သိရပါတယ်။

မော်မော်အောင်

## ပြည်မြကျောက်သရက် ဈေးကွက် အတွင်း ရောင်းဝယ်မှုများလာ

ယခုကာလအတွင်း ပြည်မြို့ရဲ့ သစ်သီးဝလံဈေးကွက်၌ သရက်သီးမျိုးစုံ ရောင်းဝယ်လျက်ရှိသော်လည်း မြကျောက် သရက်မှာ အရောင်းအဝယ်သွက်နေတာကို တွေ့ရပါတယ်။ သီးနှံလှိုင်လှိုင် ထွက်ပေါ်လာပြီဖြစ်လို့ ဈေးကွက်သို့လည်း ပိုမိုဝင်ရောက်လာတာကို တွေ့ရပြီး ပြည်မြို့ရဲ့ ဈေးများထဲမှာရော၊ ပြည်ညဈေးအပြင် ပြည်တစ်ဖက်ကမ်း ရွှေဘုံသာဘုရားကြီးရဲ့ ဈေးတန်းမှာပါ အများအပြား ရောင်းချနေတာကို တွေ့လာရပါတယ်။

ဒါကြောင့် ဈေးလည်း သင့်တင့်လာခဲ့လို့ အလုံး အကြီး၊ အသေးအပေါ်မူတည်ပြီး တစ်လုံးလျှင် ကျပ် ၂၀၀ မှ ကျပ် ၅၀၀ အထိ ဝယ်ယူခဲ့ကြရတယ်လို့ ဝယ်ယူစားသုံးသူ များထံမှ သိရပါတယ်။ မြကျောက်သရက်က ပြည်လက်ဆောင်ဒေသထွက် သီးနှံတစ်မျိုးအဖြစ်လည်း ယခုအချိန်မှာ ရောင်းဝယ်မှုများခဲ့တဲ့ သစ်သီးဝလံဖြစ်တယ်လို့ သိရပါတယ်။

ခင်ဆွေဝင်း

## မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ကော်ဖီစေ့တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် မေ ၂၀ ရက်မှ ၂၆ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၁၇၅ တန်ဖိုးရှိ ကော်ဖီစေ့ သုံးတန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က မူဆယ်မှ ကော်ဖီစေ့ တင်ပို့မှုမရှိဘဲ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှသာ ကော်ဖီစေ့ နှစ်တန်ကျော်ကို ထိုင်း နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ရှမ်းဒေသထွက် ကော်ဖီဟာ အထူးတန်းဝင်ကော်ဖီအဖြစ် ကမ္ဘာ့ကော်ဖီဈေးကွက်တွင် သတ်မှတ်ခံထားရပြီး ထိုင်း၊ မလေးရှားနဲ့ တရုတ်နိုင်ငံက ဝယ်ယူကြောင်း၊ ကမ္ဘာ့ကော်ဖီဈေးကွက်တွင် ဝယ်လိုအားအကောင်းဆုံးနဲ့ ဈေးအမြင့်ဆုံးရရှိတဲ့ ကော်ဖီအမျိုးအစားဖြစ်ကြောင်း၊ ရှမ်းမြို့နယ်အတွင်း ကော်ဖီ စိုက်ပျိုးရေးလုပ်ငန်းကို ၂၀၀၆-၂၀၀၇ ခုနှစ်က စိုက်ဧက ၄၀၀၀ ကျော်ဖြင့် စတင်ခဲ့ပြီး ယခုအခါ စိုက်ဧက ၈၀၀၀ ခန့်ရှိလာကြောင်း ရှမ်းမြို့နယ် ကော်ဖီအသင်းမှ သတင်းရရှိပါတယ်။

မော်မော်အောင်

# လျှော်ဖြူ(ဆေးကုလားမ) ဈေးကွက်တိုးချဲ့ရေး ဆောင်ရွက်မည်

ပြည်ပ ဝယ်လိုအားကောင်းလာသော အမယ်သစ်သီးနှံဖြစ်သည့် လျှော်ဖြူကို စစ်ကိုင်းတိုင်းဒေသကြီးတွင် ဧက ၈၀၀၀၊ မကွေးတိုင်းဒေသကြီးတွင် ဧက ၅၀၀၀ နှင့် မန္တလေးတိုင်းဒေသကြီးတွင် ဧက ၃၇၀၀ စိုက်ပျိုးထားကြောင်း မေ ၂၇ ရက်က မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနတွင် ကျင်းပခဲ့ သော လျှော်ဖြူစိုက်ပျိုး ထုတ်လုပ်မှုနှင့် ဈေးကွက်တိုးချဲ့ရေး ဆွေးနွေးပွဲတွင် လျှော်ဖြူအစုအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းညွန့်က ပြောကြားခဲ့သည်။

လျှော်ဖြူကို ယခင်က ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့သော်လည်း ယခုအခါတွင် တရုတ်မှ ဝယ်လိုအားရှိလာသဖြင့် လျှော်ဖြူဈေးကောင်းလာသည်မှာ နှစ်နှစ် ခန့်ရှိပြီဖြစ်ကြောင်း၊ လက်ရှိ လျှော်ဖြူတစ်ပိဿာ ပေါက်ဈေးမှာကျပ် ၃၅၀၀၀ ရှိပြီး ခြံအရောက်လာရောက်ဝယ်ယူနေကြောင်း သိရသည်။ လျှော်ဖြူဈေးမှာ ဒေသ တစ်ခုနှင့်တစ်ခု ဈေးနှုန်းမတူဘဲ ဈေးနှိမ်ခံရသည့် ပြဿနာများကို ဖြေရှင်းနိုင်ရန် အစုအဖွဲ့မှ ဈေးနှုန်းသတင်းများကို အချင်းချင်းဖလှယ်သည့်စနစ်ကို တယ်လီဖုန်း၊ FaceBook တို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစုအဖွဲ့အနေနှင့် ၂၀၁၇ ခုနှစ်၊ မြန်မာ့သရက်သီးပွဲတော် ပထမအကြိမ် မြန်မာ့လက်ဖက် ပွဲတော်၌ ပါဝင်ပြသခဲ့သည်။ မလေးရှားနိုင်ငံမှ လာရောက် ရင်းနှီးမြှုပ်နှံမည့်ကိစ္စရပ်များ၊ လျှော်ဖြူအစုအဖွဲ့အနေနှင့် အများပိုင်ကုမ္ပဏီတည်ထောင်ရေးကိစ္စရပ်များကို အဆိုပါဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။ **သင်းသင်းမြတ်၊ မန္တလေး**

# စစ်ကိုင်းတိုင်းဒေသကြီးအဆင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာအလုပ်ရုံဆွေးနွေးပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြသလ္လာခန်းမ၊မုံရွာမြို့တွင် စစ်ကိုင်းတိုင်းဒေသကြီးအဆင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(တတိယမူကြမ်း) နှင့်စပ်လျဉ်း၍ ပြည်သူများ၏ သဘောထားအမြင်နှင့် အကြံဉာဏ်များ ရယူရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို မေ ၃၀ ရက်ကကျင်းပခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးကမ်ဇာမုံ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအရာရှိများ၊ အသင်းအဖွဲ့များ၊ တောင်သူများ တက်ရောက်ခဲ့ပါသည်။



အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်က အဖွင့်အမှာ စကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ညွန့်က တိုင်းဒေသကြီး၏ လယ်ယာသားငါး၊ ကျေးလက်ကဏ္ဍ၏ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ၊ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာအား ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ချက်များကို ရှင်းလင်းခြင်း၊ ADS National Consultant ဦးစံသိန်းက မြန်မာ့လယ်ယာသားငါးကဏ္ဍ (၂၀၁၆ ခုနှစ်)၏ အနာဂတ်လားရာ အမြင်နှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကိုဆွေးနွေးပြီး စိုက်ပျိုးရေးပညာရှင် တိုင်းငါးလုပ်ငန်းအဖွဲ့ချုပ် နှင့် တောင်သူကိုယ်စားလှယ်တစ်ဦးက ဖြည့်စွက်ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်ပြီး တက်ရောက်လာသူအားလုံးမှ ၁၀ ဦးစီပါဝင်သော ဆွေးနွေးပွဲအဖွဲ့ငယ်များ (အချိုးကျ) ဖွဲ့စည်းပြီး မြန်မာတစ်နိုင်ငံလုံးအနေဖြင့် လယ်ယာထွက်ကုန်ကြမ်းသာ ရောင်းနေရသည့်ဘဝမှ တန်ဖိုးမြှင့်ထုတ်ကုန်ကို ဈေးကောင်းကောင်းဖြင့် ရောင်းချနိုင်ရေးအတွက် မိမိတိုင်းဒေသ၊ ပြည်နယ်တွင် တွေ့ကြုံရသည့် အခက်အခဲ စိန်ခေါ်မှုနှင့် နိုင်ငံ၏ GDP ကို တိုးမြှင့်ပေးနိုင်သော မိမိဒေသတွင်းရှိ အခွင့်အလမ်းများ၊ လယ်ယာ သားငါး၊ ကျေးလက်ကဏ္ဍတစ်ခုလုံးပေါ် သက်ရောက်နေသူအားလုံးနှင့် အကျုံးဝင်သောကိစ္စရပ်များ (Cross Cutting Issue) ကို ကိုင်တွယ်ဖြေရှင်းရေး၊ လုပ်ကွက်ငယ်တောင်သူများ၏ မြေယာပိုင်ဆိုင်ခွင့် လုံခြုံရေး၊ တောင်သူများ အကြွေးသံသရာမှ ရုန်းထွက်နိုင်ရေး၊ ရာသီဥတုဖောက်ပြန်မှုကို ကြံ့ကြံ့ခံနိုင်စွမ်းနှင့် တုံ့ပြန်နိုင်စွမ်းရှိရေး၊ ခိုင်မာသောဈေးကွက် လက်လှမ်းမီရေး၊ သီးနှံသားငါး အသေးစား အလတ်စား လုပ်ငန်းတို့အတွက် အားနည်းချက်၊ အားသာချက်၊ အခွင့်အလမ်းနှင့်စိန်ခေါ်မှု (SWOT Analysis) ဆန်းစစ်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်းသိရှိရပါသည်။

**ZTC (MWA)**

စာမျက်နှာ - ၃ ဒုတိယဝန်ကြီး ဦးအောင်ထူး ကရင်ပြည်နယ်အတွင်း ....မှအဆက်

ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ OSS အဖွဲ့၏ ဌာနအလိုက် လုပ်ငန်းများဆောင်ရွက်နေမှု၊ ဘဏ္ဍာနှစ်အလိုက် ပို့ကုန် သွင်းကုန် လုပ်ငန်းအခြေအနေတို့အား ပါဝါပွိုင့်များဖြင့် ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာ ဌာနတာဝန်ခံများက မိမိတို့လုပ်ငန်းကဏ္ဍအလိုက် ကုန်သွယ်မှုပြုရာတွင် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များအား ရှင်းလင်းတင်ပြကြရာ ရှင်းလင်းတင်ပြချက်အပေါ် ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး သက်ဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ပေးခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် မေ ၂၈ ရက်က မြဝတီမြို့ "သောင်ရင်း"ခန်းမ၌ မြဝတီမြို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြဝတီနယ်စပ်ကုန်သည်ကြီးများ၊ ဂိုဒေါင်ပိုင်ရှင်များ၊ မော်တော်ယာဉ်ဂိတ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာ၌ ဒုတိယဝန်ကြီးက မြဝတီဒေသရှိ ပြည်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ ကုန်သွယ်မှုပိုမိုလွယ်ကူစွာဆောင်ရွက်နိုင်စေရန်နှင့် ကုန်သွယ်မှုနှင့် ဆက်စပ်နေသောလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးရန် တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ ကုန်သွယ်မှုပြုလုပ်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် နိုင်ငံတော်မှ လုပ်ဆောင်ပေးသင့်သည့်လုပ်ငန်းများအား ဆောင်ရွက်ပေးနိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ဆက်စပ်နေသည့် ပြည်သူလူထုအနေဖြင့် တင်ပြလိုသည့်ကိစ္စရပ်များအား ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြစေလိုကြောင်း ပြောကြားခဲ့ပြီး တက်ရောက်လာကြသော ကုန်သည်လုပ်ငန်းရှင်များ၊ ဂိုဒေါင်ပိုင်ရှင်များ၊ မော်တော်ယာဉ်ဂိတ်အသီးသီးမှ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြကြရာ တင်ပြချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **MOC (IR)**




# ဂျပန်နိုင်ငံသို့ အမယ်သစ်အဖြစ် Medicine Plant Roots လေးမျိုးကို စမ်းသပ်တင်ပို့

MMK Supporting Consultant Co,Ltd သည် ဂျပန်နိုင်ငံမှ မျိုးစေ့ ယူဆောင်လာ၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် ၊ပြင်ဦးလွင်မြို့၊ ဗိုလ်ချုပ်ရွာ B2 တွင် Bupleurum Root (ဂျပန်စမုံစပါး) ၊ Saposhnikovia Divaricata (Boufu) (တရုတ်နံနံပင်)၊ Scutellaria Baicalensis (Ougon) (မွန်ဂိုလီယံပင်ပွ)၊ Platycodon Grandiflorus (ဘောလုံးပန်း) တို့အား ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာခန့်မှစ၍ မြေစမ်းစတင်စိုက်ပျိုးခဲ့ပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ဆေးမြစ်များတူးဖော်၍ သဘာဝနည်းဖြင့် အခြောက်ခံကာ ၂၀၁၇ ခုနှစ် ဇွန်လတွင် အဆိုပါဆေးမြစ်များအား ဈေးကွက်သစ်ရရှိရေးအတွက် စမ်းသပ်ကာလအဖြစ် အမေရိကန်ဒေါ်လာ ၂၆၃ ဒသမ ၈၀ တန်ဖိုးရှိ ဆေးမြစ် လေးမျိုး စုစုပေါင်း ၇၅ ဒသမ ၉ ကီလိုကို ဂျပန်နိုင်ငံ၊ ကိုဘီမြို့သို့ ပင်လယ်ရေကြောင်းမှ ပြန်လည်တင်ပို့နိုင်ခဲ့ပါသည်။

အဆိုပါ ဆေးမြစ်များအား သမားရိုးကျ ဘောင်တန်းစနစ်ဖြင့် စိုက်ပျိုးပြီး အကျယ်သုံးပေ၊ အရှည် ပေ ၂၀ ခန့် ဖြင့် ပြင်ဦးလွင် မြို့တွင် စိုက်ဧက တစ်ဧက စိုက်ပျိုးခဲ့ပါသည်။ အပင်များ၏ အရွယ်အစားမှာ အမြင့်ပေ နှစ်ပေမှသုံး ပေခန့်အထိသာရှိပါသည်။ ဂျပန်နိုင်ငံတွင် ဂျပန်စမုံစပါးအမြစ်ကို အသည်းအားဆေးတွင် လည်းကောင်း၊ တရုတ်နံနံပင်အမြစ်ကို အဖျားပျောက်ဆေးတွင် လည်းကောင်း၊ မွန်ဂိုလီယံပင်ပွအမြစ်ကို နုပျိုဆေးနှင့် ဘောလုံးပန်းအမြစ်ကို ချောင်းဆိုးပျောက်ဆေးများ ဖော်စပ်ရာတွင်လည်းကောင်း အရန်ဆေးအဖြစ်ထည့်သွင်းဖော်စပ်ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ ၎င်းဆေးမြစ်လေးမျိုးအား ဂျပန်နိုင်ငံတွင် အာနိသင် စမ်းသပ်စစ်ဆေးရန်အတွက် နမူနာအဖြစ်တင်ပို့ခဲ့ပြီး ဆေးမြစ်များ၏ အာနိသင် အကျိုးရလဒ်ကောင်းမွန်ပါက နောင်တွင် မြန်မာနိုင်ငံ၌စီးပွားဖြစ်စိုက်ပျိုး၍ ပြည်ပပို့ကုန်အဖြစ် တွင်တွင်ကျယ်ကျယ် တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း သိရပါသည်။

**ပို့ကုန်(ရန်ကုန်)**

စာမျက်နှာ - ၃ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံ ....မှအဆက်

ဦးဇော်မင်းဝင်း၊ ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း၊ JICA မှ တာဝန်ရှိသူများ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းတွင် လာရောက်ပို့ချခဲ့သော ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးအောင်ထူးက ယခုအချိန်တွင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုသည် Global Supply Chain Trade ဖြစ်လာသည့်အတွက် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရန်အခွင့်အရေးများ အထူးရှိနေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် SME လုပ်ငန်းများရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းအားများကို မြှင့်တင်နိုင်ရန်အတွက် ပိုမိုလေ့လာပြီး ပိုမိုပူးပေါင်းဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ထို့အပြင် ပို့ကုန်ကိုလည်း ပိုမိုတင်ပို့နိုင်အောင်ကြိုးစားရမည့် အချိန်အခါပင်ဖြစ်ကြောင်း၊ ထို့ကြောင့်လိုအပ်သည့်ပံ့ပိုးမှုများကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် အစွမ်းကုန်ဖြည့်ဆည်းပေးသွားမည်ဖြစ်ပြီး ကုန်သွယ်မှုနှင့်ဆိုင်သည့် အခြားဝန်ကြီးဌာနများနှင့်လည်း ဆက်စပ်ပူးပေါင်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ သင်တန်းသူသင်တန်းသားများအနေဖြင့် မိမိတို့ သင်ယူတတ်မြောက်ထားသည့် ပြည်တွင်း၊ ပြည်ပ ကုန်သွယ်ရေးဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများ၊ လက်တွေ့ပိုင်းဆိုင်ရာ လုပ်ငန်းအကြောင်းအရာများကို မိမိတို့၏လုပ်ငန်းနယ်ပယ်တွင် ပြန်လည်အသုံးချကာ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေ၍ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြု ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၉)သို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၉၃ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ လေးလကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **မယ်သီတာ**

# (၂၅) နှစ်ပြည့် ငွေရတုမင်္ဂလာ ကျေးဇူးတင်လွှာ

## Myanmar Citizens Bank Ltd.
## မြန်မာနိုင်ငံသားများဘဏ်လီမိတက်

မြန်မာနိုင်ငံသားများဘဏ်လီမိတက် (**Myanmar Citizens Bank Ltd.**) ၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ( ၂ ) ရက်နေ့တွင် ပြည့်မြောက်သည့် နှစ်ဆယ့်ငါးနှစ်မြောက် ငွေရတု အခါသမယတွင် မြန်မာနိုင်ငံသားများဘဏ်လီမိတက်အား ဦးဆောင်လမ်းညွှန်မှုပေးပါသော ယခင် ကုန်သွယ်ရေးဝန်ကြီးဌာန၊ ယခုစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကနဦး ပထမဒါရိုက်တာအဖွဲ့ဝင်လူကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အစုရှယ်ယာရှင်များ၊ အစိုးရဘဏ်များနှင့် ညီနောင်ပုဂ္ဂလိကဘဏ်များ၊ နိုင်ငံခြားဘဏ်ခွဲများ၊ ကိုယ်စားလှယ်ရုံးခွဲများ၊ မြန်မာနိုင်ငံသားများဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်ကြသည့် ကုမ္ပဏီလုပ်ငန်းရှင်ကြီးများ၊ မြန်မာနိုင်ငံသားများဘဏ်ကို ယုံကြည်စိတ်ချစွာဖြင့် (၂၅) နှစ်တာ စဉ်ဆက်မပြတ် အားပေးဆက်ဆံကြသည့် မိတ်ပြည်သူများ၊ **Customer** များ၊ ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် စီးပွားဥစ္စာများ တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

(၂၅) နှစ်တာ အေးချမ်းတည်ငြိမ် တိုးတက်အောင် ဆောင်ရွက်ခဲ့သော မြန်မာနိုင်ငံသားများဘဏ်လီမိတက်ကို ဆထက်ထမ်းပိုး တိုးတက်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ငွေရတုသဘင် မင်္ဂလာအခမ်းအနားအား နှစ်ပတ်လည် အထွေထွေအစည်းအဝေးနှင့်အတူ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင် တစ်ပေါင်းတည်း ကျင်းပသွားရန် ရည်ရွယ်ထားပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်

# ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

## Myanmar Citizens Bank Ltd.

## မြန်မာနိုင်ငံသားများဘဏ်လီမိတက်

မြန်မာနိုင်ငံသားများဘဏ်လီမိတက် (**Myanmar Citizens Bank Ltd.**) ၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့တွင် ပြည့်မြောက်သည့် (၂၅) နှစ်မြောက် ငွေရတု အခါသမယတွင် မြန်မာနိုင်ငံသားများဘဏ်၏ ရှယ်ယာရှင်များ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ငွေရတုနှစ်မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် ဆထက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

New Golden Gate (1991) Co.,Ltd.

Capital Diamond Star Group Ltd.

GBS YOUR GOOD BROTHER

Shwe Me` Co.,Ltd.

Zeya and Associates Co.,Ltd.

Ahtar Oo Co., Ltd.

FARMER PHOYARZAR Group of Companies

STEEL KING COMPANY LIMITED Since 1986

# ပုသိမ်မြို့တွင် ယှဉ်ပြိုင်မှု မူဝါဒနှင့်ဥပဒေ အကျိုးကျေးဇူးများနှင့်စိန်ခေါ်မှုများအကြောင်း ဟောပြောဆွေးနွေး




ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် ကုန်သွယ်ရေးဦးစီးဌာန၊ ယှဉ်ပြိုင်မှုမူဝါဒဌာနခွဲက "ယှဉ်ပြိုင်မှု မူဝါဒနှင့်ဥပဒေ အကျိုးကျေးဇူးများနှင့်စိန်ခေါ်မှုများအကြောင်း" ဟောပြောဆွေးနွေးပွဲကို မေ ၃၀ ရက်က ပုသိမ်ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်း၊ ကရင်တိုင်းရင်းသားဝန်ကြီး၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ယှဉ်ပြိုင်မှု မူဝါဒဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စပယ်ကြည်မောင်နှင့်အဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးများ၊ မအူပင်၊ မြောင်းမြ၊ ပုသိမ်ခရိုင် ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများ၊ ARCCI အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်နှင့် အဖွဲ့ဝင်များ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၇၀ ဦးခန့် တက်ရောက်ကြပါသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်က စီးပွားရေးလုပ်ငန်းရှင်များအတွက် အရေးကြီးသော ယှဉ်ပြိုင်မှု မူဝါဒနှင့် ဥပဒေကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ရေးဆွဲခဲ့ပြီး ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလကစတင်ပြဌာန်းခဲ့ကြောင်း၊ တိုင်းအတွင်း၌ရှိသော စီးပွားရေးလုပ်ငန်းရှင်များနှင့် အစိုးရဝန်ထမ်းများအတွက် မြန်မာနိုင်ငံယှဉ်ပြိုင်မှုဥပဒေ အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ ယှဉ်ပြိုင်မှု ဥပဒေသည် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်အာဏာသက်ဝင်ခဲ့ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် နည်းဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း၊ ယှဉ်ပြိုင်မှုကော်မရှင်နှင့် ကော်မရှင်ရုံးဖွဲ့စည်းနိုင်ရေး ပြင်ဆင်ခြင်း၊ ဝန်ထမ်းများကို စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းသာမက ပြည်သူလူထုအား အသိပညာဖြန့်ဝေပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မြို့များ၌ ယှဉ်ပြိုင်မှုဆိုင်ရာ ပြည်တွင်းအလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများပြုလုပ်ပေးလျက်ရှိကြောင်း၊ ကုန်သွယ်မှုမြင့်မားသည့် မြို့ကြီးများမှာ ယှဉ်ပြိုင်မှုဆိုင်ရာ အသိပညာပေး ဟောပြောပွဲများကို ဆက်လက်ပြုလုပ်သွားရန် အစီအစဉ်များချမှတ်၍ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Trade Development Program-TDP) ၏ အထောက်အပံ့နှင့်မူဆယ်၊ တာချီလိတ်၊ ကျိုင်းတုံ၊ မြဝတီ၊ မုံရွာ၊ မြိတ်မြို့တွေမှာ ယှဉ်ပြိုင်မှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

ယှဉ်ပြိုင်မှု မူဝါဒဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စပယ်ကြည်မောင်က စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့နိုင်ငံရဲ့ ယှဉ်ပြိုင်မှုဆိုင်ရာဥပဒေများကို သိရှိနားလည်စေရန်နှင့် စီးပွားရေးလုပ်ငန်းရှင် တစ်ဦးအနေနဲ့ အခြား စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက မတရားအနိုင်ကျင့်ခံရပါက တိုင်ကြားနိုင်ပုံ စသည့် မြန်မာနိုင်ငံယှဉ်ပြိုင်မှုဥပဒေ နဲ့ပတ်သက်၍ အသိပညာပေး ဗီဒီယိုဇာတ်လမ်းဖြင့် ရှင်းလင်းပြသပြီး တက်ရောက်လာသူများကလည်း အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရပါသည်။

**ထွန်းထွန်း(ပုသိမ်)**

# ပြည်ဈေးကွက်သို့ ကြက်သွန်ဖြူ ဝင်ရောက်မှုသွက်

ပြည်ဈေးကွက်အတွင်း ကြက်သွန်ဖြူပွဲရုံသို့ ရှမ်းပြည်နယ်နဲ့ တရုတ်နိုင်ငံထွက် ကြက်သွန်ဖြူများ ဝင်ရောက်မှုလှိုင်နေတာ တွေ့ရပါတယ်။ အစိုဓာတ်များတဲ့အတွက် အရောင်းအဝယ် အနည်းငယ်ကျသွားပေမယ့် ယခုနှစ် ဇွန်လ ပထမပတ်တွင် အစိုဓာတ်အနည်းငယ်သာရှိပြီး၊ အရောင်ရော အရွယ်အစားပါ ကောင်းမွန်လာတာကြောင့် အရောင်းအဝယ် ပြန်ဖြစ်နေတာကို တွေ့ရပါတယ်။ ဈေးနှုန်းမှာလည်း တဖြည်းဖြည်း ကျလာတာကြောင့် သုံးစွဲသူများလာတဲ့အတွက် ပွဲရုံ(ဈေး)များအတွင်း အိတ်ဆွဲများလာခြင်းဖြစ်ပါတယ်။

ယခင် ကြက်သွန်ဖြူ(အဟောင်း) လက်ကျန်ပြတ်ခဲ့တာကြောင့် အသစ်ဝင်ရောက်ချိန်တွင် အရောင်းအဝယ်သမားများနှင့် ပွဲစားများ၊ လက်လီသမားများကြောင့် အရောင်းအဝယ်သွက် လျက်နေပါတယ်။ ဇွန်(ပထမပတ်) ရဲ့ ကြက်သွန်ဖြူဈေးတွေကတော့ တစ်ပိဿာလျှင် (ပွဲရုံဈေး) ရှမ်းစ ကျပ် ၂၅၀၀ မှ ကျပ် ၃၀၀၀ ထိရှိပြီး ကြူကုတ်စကတော့ ကျပ် ၂၀၀၀ မှ ကျပ် ၂၈၀၀ ထိ ပေါက်ဈေးများဖြင့် ရောင်းချနေပါတယ်။ ဒေသတွင်း လက်လီဈေး မှာတော့ (ရှမ်းစ) ကျပ် ၃၀၀၀ မှ ကျပ် ၃၅၀၀ ထိ၊ ကြူကုတ်စ ကျပ် ၃၅၀၀ ဈေး တို့ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိကြပါတယ်။ ဒေသတွင်းနှင့် အနီးပတ်ဝန်းကျင်နယ်များမှ အဆွဲများတာကြောင့်လည်း အရောင်းအဝယ်သွက်နေပါတယ်။ ပြည်ပွဲရုံတွင် တစ်ပတ်အတွင်း ကြက်သွန်ဖြူအိတ် ၃၂၀ ကျော် အရောင်းအဝယ်ဖြစ်သွားကြောင်းလည်း သိရပါတယ်။

**နီနီဝင်း**

# တရုတ်နယ်စပ်မှ ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော် စခန်းစုံမှ မေ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၃၅ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၂၀၆၆၈ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၁၆၀၈၈ တန်၊ လွယ်ဂျယ်မှ ၃၄၉၃ တန်ကျော်နဲ့ ချင်းရွှေဟော်မှ ၁၀၈၇ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်၊လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီစခန်းစုံမှ ပြောင်း ၂၀၄၄၈ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၁၉ တန်ကျော်ကို ပိုမိုတင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ် ကန်ပိုက်တီမှ ပြောင်းတင်ပို့မှု မရှိတာတွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ မေ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း ပြောင်းတစ်တန်ဈေး ၂၄၉၅၁၃ ကျပ်ရှိရာမှ မေ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်မှာ ၂၄၉၀၂၇ ကျပ်သို့ ဈေးအနည်းငယ် ကျဆင်းခဲ့ကြောင်း၊ မူဆယ်မှာ ပြောင်းတစ်ပိဿာ သယ်ယူခမှာ ၆၀-၆၅ ကျပ်ရှိပြီး ပြောင်းကားစီးရေ ၆၂၇ စီး ဝင်ရောက်ခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံဝယ်ဈေးမှာ တစ်တန်ကို ယွမ် ၁၈၆၀ ဈေးရှိကြောင်း၊ နယ်အစုံက ပြောင်းတွေအဝင်သွက်နေသလို တရုတ်ဘက်က ဝယ်လက်ပုံမှန်ရှိပေမယ့် ဈေးကွက်ကို ပစ္စည်းအဝင်လှိုင်လို့ ဈေးကျဆင်းရတာဖြစ်ကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# ကန်ပိုက်တီမှ တစ်သျှူးငှက်ပျော ပိုမိုတင်ပို့ပြီး လွယ်ဂျယ်မှ လျော့နည်းတင်ပို့

မေ ၂၀ ရက်မှ ၂၆ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၆၃၇၂၈၁ တန်ဖိုးရှိ တစ်သျှူးငှက်ပျော ၈၉၇၅ တန်ကို လည်းကောင်း၊ လွယ် ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၁၈၄၀၀ တန်ဖိုးရှိတစ်သျှူးငှက်ပျော ၉၆ တန်ကိုလည်းကောင်း တရုတ်နိုင်ငံသို့ အသီးသီးတင်ပို့ခဲ့ပါတယ်။

ယခင်ရက်သတ္တပတ်က ကန်ပိုက်တီမှ ၂၂၅၀ တန်နဲ့ လွယ်ဂျယ်မှ ၁၂၈ တန် စုစုပေါင်း ၂၃၇၈ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ကန်ပိုက်တီမှ တစ်သျှူးငှက်ပျော ၆၇၂၅ တန်ပိုမိုတင်ပို့ပြီး လွယ်ဂျယ်မှ ၃၂ တန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ကချင်ပြည်နယ်တွင် တစ်သျှူးငှက်ပျောကို ဘိန်းအစားထိုး သီးနှံအဖြစ် စိုက်ပျိုးကြကြောင်း ၂၀၁၆ ခုနှစ်က ကချင်ပြည်နယ်တွင် တစ်သျှူးငှက်ပျောစိုက်ဧက စာရင်းကောက်ယူရာတွင် ဝိုင်းမော်မြို့နယ် အတွင်းရှိကုမ္ပဏီ ၁၃ ခုမှ စိုက်ဧကပေါင်း တစ်သောင်းခြောက်ထောင်ကျော်ရှိကြောင်း မြစ်ကြီးနားမြို့နယ် တာလောကြီးဒေသမှ တောင်သူတစ်ဦးက ပြောပါတယ်။

**မော်မော်အောင်**

# ပခုက္ကူခရိုင်ဦးစီးမှူးရုံးတွင် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (Consumer Information and Complaint Center) ဖွင့်လှစ်

မကွေးတိုင်းဒေသကြီး၊ စာသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူခရိုင်ဦးစီးမှူးရုံးအနေဖြင့် ခရိုင်ဦးစီးမှူး ဦးဆောင်၍ ဇွန် ၁ ရက်က စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး စင်တာ (CICC) ကို စားသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူ ခရိုင် ဦးစီးမှူးရုံးတွင် ဖွင့်လှစ်ခဲ့ပါသည်။

အဆိုပါ စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) တွင် စားသုံးသူ ပြည်သူများအမှန်တကယ် ထိခိုက်နစ်နာဆုံးရှုံးမှုများအား အချိန်တိုအတွင်း ကုစားဖြေရှင်းပေးနိုင်ရေး၊ စားသုံးသူ အခွင့်အရေးများ အပြည့်အဝ ရရှိရေး၊ စားသုံးသူ မိဘပြည်သူများ ယုံကြည်အားကိုးမှု ရရှိရေး၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရေးတို့အတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး စားသုံးသူက တိုင်ကြားခြင်းသည် စီးပွားရေးလုပ်ငန်းရှင်များကို ထိခိုက်စေရန် ရည်ရွယ်၍ တိုင်ကြားခြင်းမျိုးမဟုတ်ဘဲ အမှန်တကယ်နစ်နာဆုံးရှုံးမှုများရှိလျှင် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC) သို့ စာဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း တိုင်ကြားနိုင်ပြီး စားသုံးသူ တိုင်ကြားမှုပုံစံများနှင့် လုပ်ထုံးလုပ်နည်းများကို ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးက ဝန်ထမ်းများအား ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါသည်။

**သူဇာကျော် (ပခုက္ကူ)**

# Hayman Capital(Micro Finance Institution) က May Bank ထံမှ အမေရိကန်ဒေါ်လာ တစ်သန်းနှင့် ညီမျှသော မြန်မာကျပ်ငွေ ချေးယူ




အသေးစား ငွေရေးကြေးရေး ကုမ္ပဏီတစ်ခုဖြစ်သည့် Hayman Capital အနေဖြင့် လုပ်ငန်းဆောင်ရွက်မှု တိုးချဲ့ရန်အတွက် လိုအပ်လျက် ရှိသော လုပ်ငန်းလည်ပတ်ငွေအား May Bank ထံမှ ချေးယူခဲ့ကြောင်း သိရသည်။

Hayman Capital သည် May Bank ထံမှ အမေရိကန်ဒေါ်လာတစ်သန်းနှင့်ညီမျှသော မြန်မာကျပ်ငွေကို ချေးယူခဲ့ခြင်းဖြစ်သည်။

အဆိုပါချေးငွေယူခြင်းအတွက် သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲကို မေလ ၂၉ ရက်က Melia ဟိုတယ်တွင် ကျင်းပခဲ့သည်။

Hayman Capital သည်စင်ကာပူနိုင်ငံအခြေစိုက် အသေးစာငွေရေးကြေးရေးလုပ်ငန်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်မှ စတင်ကာ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့်ကုမ္ပဏီတစ်ခုဖြစ်သည်။

Hayman Capital သည် ၂၀၁၅ ခုနှစ်မှစတင်ကာ အင်းစိန်၊ သယ်န်းကျွန်း၊ လှည်းကူးမြို့နယ်နှင့် ပဲခူးမြို့တို့တွင် ရုံးခွဲများဖွင့်လှစ်ထားရှိကာ လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ခဲ့သည်။

Hayman Capital အနေဖြင့် လုပ်ငန်းစတင်ဆောင်ရွက်သည်မှ ယနေ့အထိ ပြည်သူပေါင်း နှစ်ထောင်ကျော်ကို ချေးငွေများ ထုတ်ချေးပေးနိုင်ခဲ့ကြောင်း၊ ချေးငွေများ ထုတ်ချေးရာတွင် ဗဟိုဘဏ်မှ သတ်မှတ်ပေးထားသည့် အတိုးနှုန်း ၂ ဒသမ ၅ ရာခိုင်နှုန်း ကောက်ယူပါကြောင်း၊ ယနေ့အထိ ထုတ်ချေးငွေပေါင်း သန်း ၂၀ အထိရှိနေပြီဖြစ်ပါကြောင်း၊ Hayman Capital အနေဖြင့် လုပ်ငန်းရှင်ငယ်လေးများနှင့် လယ်ဧကအနည်းငယ်သာ ပိုင်ဆိုင်သော လယ်သမားများအား ထုတ်ချေးလျက်ရှိပါကြောင်း Hayman Capital မှ ဘဏ္ဍာရေးအရာရှိဖြစ်သူ ဒေါ်ရည်မွန်ဦးက ပြောကြားခဲ့သည်။

**မယ်သီတာ**

# မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များ အသင်းနှင့် မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်တို့က ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) နှင့် မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MICS-TUsF) တို့က မေလ ၂၇ ရက် ရက်စွဲဖြင့် ပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်ကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ပူးတွဲကြေညာချက်တွင် အလုပ်ရှင်နှင့် အလုပ်သမားများအကြား လုပ်ငန်းခွင်ဆက်ဆံရေး (Industrial Relations) မြှင့်တင်နိုင်ရန်အတွက် အစွမ်းကုန် ပူးပေါင်းဆောင်ရွက်ကြရန်၊ ဘေးအန္တရာယ်ကင်းရှင်းသော လုပ်ငန်းခွင်များ ဖော်ဆောင်ရာတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ကြရန်၊ ကုန်ထုတ်လုပ်မှုတိုးတက်စေရေးအတွက် အလုပ်ရှင်နှင့်အလုပ်သမား နှစ်ဦးနှစ်ဖက် ပူးပေါင်းညှိနှိုင်းလက်တွဲဆောင်ရွက်သွားရန်၊ အလုပ်ရှင်နှင့် အလုပ်သမားများအကြား ပွင့်လင်းမြင်သာ၍ ရင်းနှီးနွေးထွေးသည့် ဆက်ဆံရေးတစ်ရပ်ကို ရှင်သန်ကြီးထွားအောင် တိုးမြှင့်တည်ဆောက်ကြရန် သဘောတူညီခဲ့ကြကြောင်း ဖော်ပြထားသည်။

**မယ်သီတာ**

# နိုင်ငံတော်အရန်ရိက္ခာအတွက် ဝယ်ယူထားသည့် ပဲလက်ကျန်များအား ဖြန့်ဖြူးရောင်းချရန် အခက်အခဲများနှင့် အိန္ဒိယအစိုးရ ရင်ဆိုင်နေရဟုဆို

အိန္ဒိယအစိုးရအနေဖြင့် နိုင်ငံတော် အရန်ရိက္ခာအတွက် ပဲတန်ချိန် သိန်း ၂၀ ကို ဝယ်ယူထားခဲ့ရာ အဆိုပါ အရန် ပဲလက်ကျန်များကို ဖြန့်ဖြူးရောင်းချရန်အတွက် ပြဿနာများနှင့် ရင်ဆိုင်နေရကြောင်း အိန္ဒိယစားနပ်ရိက္ခာနှင့်စားသုံး သူရေးရာဝန်ကြီးဌာန ဝန်ကြီး ရမ်ဗီလာ ပါဆွမ်က ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရသည် နိုင်ငံအတွင်း၌ ပဲဈေးနှုန်းတည်ငြိမ်စေရေးအတွက် ဈေးနှုန်းထိန်းညှိရေး ရန်ပုံငွေကို အသုံးပြု၍ ပဲများကို ပြည်တွင်း၊ ပြည်ပရှိ ပဲကုန်သည်များထံမှ ဝယ်ယူခဲ့ကာ နိုင်ငံတော်၏ အရန်ရိက္ခာအဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

"အခုဆိုရင် အရန်ပဲတန်ချိန် သိန်း ၂၀ ရှိနေပါတယ်။ ပြည်တွင်းက ၁၆ ဒသမ ၂၇ တန်ဝယ်ယူခဲ့ပြီး ပြည်ပက ၃ ဒသမ ၇၉ တန်ကိုဝယ်ယူတင်သွင်းခဲ့တာပါ။ အခုလက်ရှိရင်ဆိုင်နေရတဲ့ ပြဿနာက အဲဒီဝယ်ယူထားတဲ့အရန်ပဲတွေကို ပြန်လည်ဖြန့်ဖြူးရေးမှာ ဘယ်လိုလုပ်ရမလဲဆိုတာပါပဲ"ဟု ပါဆွမ်က သတင်းထောက်များကို ပြောကြားခဲ့သည်။

အဆိုပါအရန်ပဲများကို ပြန်လည်ရောင်းချရန်အတွက် ပြည်နယ်အသီးသီးမှ ဝန်ကြီးများနှင့် အေဂျင်စီများသို့ ဆက်သွယ်ထားပြီးဖြစ်ကြောင်း၊ အရန်ပဲလက်ကျန်များအနက် အချို့ကို တပ်မတော်ရိက္ခာနှင့် မသန်စွမ်းစစ်သည်များအတွက် ရောင်းချရန် စီစဉ်ထားပြီး အခြားသော ပြည်နယ်အစိုးရများထံသို့



ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ပါဆွမ်က ထပ်မံ ပြောကြားခဲ့သည်။

၂၀၁၆-၁၇ပဲရာသီတွင် ပဲထွက်ရှိမှုပမာဏမှာ မက်ထရစ်တန်ချိန် ၂၂ ဒသမ ၄၀ ခန့်ရှိကြောင်း၊ ၂၀၁၆-၁၇ ပဲရာသီမှာ လာမည့်ဇွန်လကုန်တွင် ကုန်ဆုံးမည်ဖြစ်ကြောင်း၊ ယခင်နှစ်ရာသီကမူ တန်ချိန် ၁၆ ဒသမ ၃၅ မက်ထရစ်တန်ရှိခဲ့သဖြင့် ယခုနှစ်ပဲရာသီတွင် ပဲထွက်ရှိမှုမှာ ယခင်နှစ်ကထက် များစွာ ပိုမိုခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် ပဲဝယ်လိုအားနှင့်ရောင်းလိုအားကွာဟချက်မှာ မက်ထရစ်တန်ချိန် နှစ်သန်းမှ သုံးသန်းအထိရှိနေသဖြင့် ပြည်ပမှ ပဲတင်သွင်းမှုအပေါ် မှီခိုနေရခြင်းကို အတန်အသင့် လျှော့ချနိုင်မည်ဖြစ်ကြောင်း Inida Express သတင်းတွင် ဖော်ပြထားသည်။

ပဲဈေးနှုန်းနှင့်ထွက်ရှိမှုကို ထိန်းချုပ်ထားနိုင်သဖြင့် အခြားအခြေခံကုန်စည် ၂၂ မျိုး၏ဈေးနှုန်းမှာလည်း ကျဆင်းလာနိုင်ကြောင်း ပါဆွမ်က ပြောကြားခဲ့သည်။

**မယ်သီတာ**

# ပဲခူးခရိုင်တွင် စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန် ကွင်းဆင်းစစ်ဆေး

ပဲခူးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် ပဲခူးခရိုင်အတွင်းရှိ ပဲခူးမြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ သနပ်ပင်မြို့နယ်နှင့် ရွှေကျင်မြို့နယ်များရှိ ရပ်ကွက်များ၊ ဈေးဆိုင်များ၊ ဆန်စက်များ၊ ရေခဲစက်များ၊ ဧည့်ရိပ်သာများ၊ အထည်ချုပ်စက်ရုံများနှင့် ကျေးရွာများတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးကွင်းဆင်းဆောင်ရွက်ခြင်းနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရန် စစ်တမ်းကောက်ယူခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

ထိုကဲ့သို့ဆောင်ရွက်ရာ မေ ၉ ရက်တွင် ဒိုက်ဦးမြို့နယ်၊ မင်းတဲရပ်ကွက် ဓမ္မာရုံ၌လည်းကောင်း၊ မေလ၁၁ရက်တွင် ဒိုက်ဦးမြို့နယ်၊ ဟိဏ်းဟိုတယ်နှင့် ရှုခင်းသာဧည့်ရိပ်သာ၌လည်းကောင်း၊ မေ ၁၉ ရက်တွင် ဒိုက်ဦးမြို့နယ် ကတုတ်ရွာမကျေးရွာနှင့် အောင်ရတနာညွန့်ဆန်စက်များတွင် လည်းကောင်း၊ မေ ၂၃ ရက်တွင် ဒိုက်ဦးမြို့နယ်၊ ကန်တော်မင်္ဂလာဓမ္မာရုံတွင်လည်းကောင်း၊ မေ၂၅ ရက်တွင် အမှတ်(၆) မင်းတဲရပ်ကွက် ဓမ္မာရုံ၌လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ကွင်းဆင်းစစ်ဆေးခြင်းနှင့် စစ်တမ်းကောက်ယူခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

ထို့အပြင် မေ ၈ ရက်တွင် ကျောက်တံခါးမြို့နယ် Tiger King အထည်ချုပ်စက်ရုံ၌ လည်းကောင်း၊ မေ ၁၁ ရက်တွင် ကျောက်တံခါးမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်ရှိ ဈေးဆိုင်များသို့ လည်းကောင်း၊ မေ ၁၂ ရက်တွင် ကျောက်တံခါးမြို့နယ်၊ ကွင်းမြှောင်ရပ်ကွက်ရှိ ကုန်စုံဆိုင်များသို့လည်းကောင်း၊ မေ ၁၅ ရက်တွင် ကျောက်တံခါးမြို့ရှိ ကောင်းသန့် မုန့်ဟင်းခါးစက်ရုံနှင့် စိုက်ပျိုးရေးဘဏ်ရုံး၌လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ကွင်းဆင်းစစ်ဆေးခြင်းနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် စစ်တမ်းကောက်ယူခြင်းများ ပြုလုပ်ခဲ့ပါသည်။

မေ ၁၂ ရက်တွင် ညောင်လေးပင်မြို့နယ်အတွင်းရှိ ဟာလာဆန်စက် လေးလုံးနှင့် မေ ၁၂ ရက်တွင် သနပ်ပင်မြို့နယ်၊ စိန်သရဖူဆန်စက်နှင့် စိန်သရဖူရေခဲစက်တို့တွင် လည်းကောင်း၊ မေ ၁၈ ရက်တွင် ပဲခူးမြို့နယ်၊ အ. ထ. က(၅)ရှိမြို့နယ်အခြေပြုဆရာအတတ်ပညာသင်တန်း၌ လည်းကောင်း၊ မေ ၂၅ ရက်တွင် ရွှေကျင်မြို့နယ်ရှိ ကုန်စုံများ၌လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးကွင်းဆင်းစစ်ဆေးခြင်းနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် စစ်တမ်းကောက်ယူခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

ဤသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ သက်ဆိုင်ရာ မြို့နယ်တာဝန်ခံများ၊ မိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ ကုန်စုံဆိုင်ပိုင်ရှင်များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဈေးဆိုင်ပိုင်ရှင်များနှင့်တွေ့ဆုံ၍ လုပ်ငန်းရှင်များလိုက်နာရမည့်စည်းကမ်းချက်များ၊ စားသုံးသူများလိုက်နာရမည့် စည်းကမ်းချက်များနှင့် လုပ်ငန်းရှင်များဘက်မှ မိမိတို့၏ ထုတ်ကုန်များကိုလုံခြုံစိတ်ချရမှုရှိအောင် ထုပ်ပိုးသည့် အခွံတွင်ပါရှိရမည့် ကုန်အမှတ်တံဆိပ်၊ ပါဝင်သည့်ပစ္စည်း၊ နေရပ်လိပ်စာ အပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲများ ထည့်သွင်းကြရန် စားသုံးသူ/သုံးစွဲသူများလုံခြုံစိတ်ချစွာ စားသုံးနိုင်ရေးအတွက် မိမိတို့၏ ထုတ်ကုန်များအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုများရှိရန်လိုအပ်ကြောင်း ဆွေးနွေးစစ်တမ်းကောက်ယူ၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။ **မေဇူလိုင်(ပဲခူး)**

# ဆားလင်းကြီးမြို့နယ် "ရွာသစ်ကျေးရွာ" မှ ရက်ကန်းလုပ်ငန်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်း ကြီးမြို့နယ်၊ တုံကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာတွင် ရှေးယခင် အဘိုးအဘွားများလက်ထက်ကတည်းက မိရိုးဖလာလုပ်ငန်းဖြစ်တဲ့ လက်ရက်ကန်းလုပ်ငန်းကို လုပ်ကိုင်ခဲ့ကြပါတယ်။ ရက်ကန်းစင် (၂၈) စင်ခန့်ရှိပြီး လက်သုတ်ပဝါ၊ မျက်နှာသုတ်ပဝါ၊ အင်္ကျီစောင်၊ အိပ်ယာခင်း၊ လုံချည် စသည်ဖြင့် အမျိုးမျိုး ရက်လုပ်ကြပါတယ်။

ထိုကဲ့သို့ ရက်လုပ်ရာတွင် အဓိက ကုန်ကြမ်းပစ္စည်းဖြစ်သည့် ချည်ထုပ်များကို မုံရွာမြို့ ချင်းတွင်းရတနာဈေးမှလည်းကောင်း၊ ကျေးရွာအတွင်းရှိ အထည်ကောက်ခံသူများထံမှ လည်းကောင်း ဝယ်ယူပြီး ရက်လုပ်ကြပါတယ်။ ချည်အမျိုးအစားများမှာ ခွန်ချည်နှင့် ဆယ်ချည်ဟူ၍ နှစ်မျိုးနှစ်စားရက်လုပ်ကြပါတယ်။ ချည်ထုပ်တစ်ထုပ်လျှင် ကျပ် ၁၅၀၀၀၊ ဆေးဆိုးအပ်ခ (ဓါတ်ဆေး)မှာ ချည်တစ်ထုပ်ကို ကျပ် ၅၀၀၀၊ မိမိအိမ်တွင် ဆိုးရသည့်ဆေးမှာ ချည်ထုပ် တစ်ထုပ်လျှင် ကျပ် ၁၀၀၀ ကုန်ကျပါတယ်။

၎င်းနောက် ချည်စာနင်းခြင်း၊ ချည်ချခြင်း၊ ရက်ကန်း ရက်လုပ်ရန် တိုင်ချည်ပြုလုပ်ခြင်း၊ စင်တင်ခြင်း၊ ရက်ဖောက် ယောက်ခြင်း စတဲ့လုပ်ငန်းအဆင့်ဆင့်ကို ပြုလုပ်ရပြီး တစ်ခါရက်လုပ်လျှင် ချည်ထုပ်နှစ်ထုပ်ခန့် အသုံးပြုရပါတယ်။ ရက်ကန်းတစ်စင်လျှင် တစ်ရက်ကို ရက်လုပ်တဲ့ အမျိုးအစား အလိုက်ကြည့်မည်ဆိုပါက လက်သုတ်ပဝါရက်လုပ်လျှင် တစ်ရက်ကို အထည် ၁၇၀ ခန့်၊ မျက်နှာသုတ်ပဝါရက်လုပ်လျှင် တစ်ရက်ကို အထည် ၇၀ ခန့်၊ အင်္ကျီရက်လုပ်လျှင် (၈တောင်စ) ၂၀ ထည်ခန့်ရရှိပါတယ်။ ရောင်းချရတဲ့ ဈေးနှုန်းများမှာ လက်သုတ်ပဝါတစ်ထည်ကို ကျပ် ၄၀၀၊ မျက်နှာသုတ်ပုဝါတစ်ထည်ကို ကျပ် ၁၅၀၀၊ အင်္ကျီစတစ် တောင်ကို ဆယ်ချည်ဆိုပါက ကျပ် ၆၀၀၊ ခွန်ချည်ဆိုပါက ကျပ် ၄၀၀၊ အိပ်ယာခင်း(၈တောင်စ) တစ်ထည် ကျပ် ၃၀၀၀၊ စောင်တစ်ထည်ကို ဓါတ်ဆေးဆိုးဆိုပါက ကျပ် ၇၅၀၀၊ အိမ်ဆေးဆိုးစောင် တစ်ထည်လျှင် ကျပ် ၅၀၀၀၊ လုံချည် တစ်ထည်လျှင် ကျပ် ၄၅၀၀ စသည်ဖြင့် အသီးသီး ရောင်းချရ ကြောင်း သိရပါတယ်။ ရက်ကန်းစင်တင်၍ ရက်လုပ်ပါ က ကျပ် ၄၀၀၀၀ ခန့် ကုန်ကျပြီး အမြတ်ငွေကျပ် ၁၅၀၀၀ ခန့် ရရှိကာ ရက်လုပ်ချိန်တစ်ပတ်ခန့်ကြာ၍ အထည်များကို မုံရွာဈေးကွက် (သို့မဟုတ်) ရွာမှအရင်းအနှီးထုတ်ပေးသည့် အထည်ကောက်ခံသူတွေကို ပေးသွင်းရပါတယ်။

ထို့အပြင် ရက်လုပ်ပြီးသား ချည်ထည်အင်္ကျီစများကို ကုန်ချောအဖြစ် အထည်ကောက်ခံသူက ရှပ်အင်္ကျီပုံစံများ ညှပ်ပေးပြီး အသင့်ယူချုပ်ပါက ချုပ်ခမှာ တစ်ထည်ကျပ် ၂၀၀ ရရှိကာ တစ်ရက်လျှင် အထည် ၂၀ ခန့်ပြီးစီးကြောင်း သိရပါတယ်။အင်္ကျီချုပ်ပြီးသား တစ်ထည်လျှင် ခွန်ချည်ကျပ် ၃၅၀၀၊ ဆယ်ချည် ကျပ် ၅၀၀၀ ဖြင့် ရောင်းချရပါတယ်။ရက်ကန်း ရက်လုပ်သူများအနေဖြင့် ကိုယ်ပိုင်ဝယ်ယူ ရက်လုပ်သူနည်း ပါးပြီး ကြိုတင်ငွေယူစနစ်ဖြင့် လုပ်ကိုင်သူသာ များပြားကြောင်း၊ ကိုယ်ပိုင်ဝယ်ယူ၍ ရက်လုပ်ပါက အမြတ်ငွေပိုမို ကျန်နိုင်သည်ဟု ရွာသစ်ကျေးရွာမှ ဒေါ်ခင်ကြူ၏ ပြောပြချက်အရ သိရပါတယ်။ နိုင်ငံတော်မှ ရက်ကန်းရက်လုပ်တဲ့ လုပ်ငန်းများကို အသက်သာဆုံး အတိုးနှုန်းများဖြင့် ငွေချေးမည်ဆိုပါက အကျိုးအမြတ်ပိုမိုရရှိမည်ဖြစ်ကြောင်း ဒေါ်ခင်ကြူ၏ ဆက်လက်ပြောကြားချက်အရ သိရပါတယ်။

မိုးမိုးမြင့်(ယင်းမာပင်)

# မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယကောင်စစ်ဝန်ချုပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးတို့ တွေ့ဆုံ ဆွေးနွေး

မန္တလေးမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယကောင်စစ်ဝန်ချုပ် Mr.Nandan Singh Bhaisora သည် မေလ ၂၆ ရက်က မုံရွာမြို့ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ရုံးခန်း၌ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဇော်နှင့် တွေ့ဆုံပြီး ကုန်သွယ်မှုဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ပါသည်။

ပထမဦးစွာ တိုင်းဒေသကြီးဦးစီးမှူးက လုပ်ငန်းများဆောင်ရွက်ရာတွင် စီးပွားရေးလုပ်ငန်းရှင်များနှင့် တိုက်ရိုက်ချိတ်ဆက်ပြီး ဆောင်ရွက်နိုင်ရန်နှင့် ကုန်စည်ပြပွဲများလာရောက်ကျင်းပရန် ဖိတ်ခေါ်ပါကြောင်း၊ ကုန်စည်ပြပွဲများ ကျင်းပမည်ဆိုလျှင်လည်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ လိုအပ်သည်များကို ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာ၌လည်း ပွင့်ပွင့်လင်းလင်း တိုင်ပင်ဆွေးနွေး၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အိန္ဒိယကောင်စစ်ဝန်ချုပ်က ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း အနာဂတ်ကို မျှော်ကြည့်ပြီး ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရန် ဆက်ဆံရေး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မုံရွာမြို့၌လည်း အိန္ဒိယ-မြန်မာကုန်စည်ပြပွဲများ ပြသသွားမည်ဖြစ်ကြောင်း၊ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုဆောင်ရွက်ရာတွင် ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ ကားထုတ်လုပ်မှု၊ အဆောက်အအုံ၊ အိုင်တီနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကလေး-တမူးလမ်းရှိတံတားများ တိုးချဲ့ရန်တင်ဒါ ခေါ်ယူ ထားကြောင်း၊ အိန္ဒိယကုန်သည်များအနေဖြင့် ဆေးဝါး၊ မော်တော်ကားထုတ်လုပ်မှု၊ ပဲမျိုးစုံ၊ သစ်အချောထည်များကို ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြောင်း၊ မေလ ၃၁ ရက်တွင် ကလေးမြို့၌ မဏိပူရမှ ကုန်သည်များနှင့် တွေ့ဆုံပြီး စီးပွားရေးဆွေးနွေးပွဲ ပြုလုပ်မည်ဖြစ်ကြောင်း၊ အဆိုပါ ဆွေးနွေးပွဲသို့ တက်ရောက်ပေးရန် ဖိတ်ခေါ်ထားပါကြောင်း ဖြင့် ပြောကြားခဲ့ပါသည်။

အိန္ဒိယ ကောင်စစ်ဝန်ချုပ်သည် တိုင်းဦးစီးမှူးနှင့် မတွေ့ဆုံခင် မုံရွာမြို့ SRCCI ဥက္ကဋ္ဌ ဦးမျိုးမင်းနှင့် ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးသိန်းဦးတို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

ဇေယျာ (ကုန်သွယ်မှုဗဟိုဌာန)

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | အဆင့်မြင့်တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း | ၁၁၀၀ စ/ပေ | (၅) လွှာ၊ အခန်းဖွဲ့ | ၁၅၀၀ သိန်း | ဓာတ်လှေကားပါ | ၀၉/၉၇၆၂၁၁၁၂၃ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၉၂)လမ်း | ၆၅၀ စ/ ပေ | (၅) လွှာ၊ အခန်းဖွဲ့ | ၃၅၀ သိန်း | | ၀၉/၉၇၆၂၁၁၁၂၃ |
| ၃။ | အဆင့်မြင့်တိုက်ခန်း | တောင်ဥက္ကလာပမြို့နယ်၊ ရတနာလမ်းသွယ် | ၁၀၀၀ စ/ပေ | (၆) လွှာ၊ အခန်းဖွဲ့ | ၁၃၀၀ သိန်း | အဆင့်မြင့်ခန်း | ၀၉/၄၅၂၀၉၄၄၃၉ |
| ၄။ | မြေ | လှည်းကူးမြို့နယ်၊ ဖောင်ကြီးရွာအနီး | ၂၄၀၀ စ/ပေ | မြေသီးသန့် | ၆၀ သိန်း | အမြန်လမ်းမနီး | ၀၉/၄၅၂၀၉၄၄၃၉ |
| ၅။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း | (၃၀ x ၅၀)ပေ | BN (၁) ထပ် | ၂၃၅၀ သိန်း | အသင့်နေ၊ မြေပိုပါ | ၀၉/၅၁၁၇၂၆၂ |
| ၆။ | တိုက်ခန်း | ကြည့်မြင်တိုင်မြို့နယ်၊ နတ်စင်လမ်းအနီး | ၅၅၀ စ/ပေ | (၄) လွှာ၊ အခန်းဖွဲ့ | ၃၅၀ သိန်း | ဈေး၊ ကျောင်းအနီး | ၀၉/၉၇၆၂၁၁၁၂၃ |
| ၇။ | လုံးချင်းအိမ် | သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ အပိုင်း(၁) | မြေ ၆၄၀၀ အိမ် ၂၄၀၀ | RC (၂) ထပ်၊MB (၃) ခန်း၊ BR (၁) | ၂၅ သိန်း | စိတ်ငြိမ်ရပ်ကွက် အသင့်နေ တစ်လအငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၈။ | မြေ | ပုဂံမြို့သစ်၊ ညောင်ဦး-ချောက်ကားလမ်းနံဘေး | ၄၇၀၀ စ/ပေ | မြေသီးသန့် | ၂၅၀၀ သိန်း | ဂရန်မြေ၊ လမ်းမနီး | ၀၉/၅၁၁၇၂၆၂ |
| ၉။ | မြေ | မန္တလေးတိုင်း၊ ပုလိပ်မြို့ လေဆိပ်သွားကားလမ်း | ၆၄၀၀ စ/ပေ | မြေသီးသန့် | ၇၀၀ သိန်း | စီးပွားရေး လုပ်ကိုင်နိုင် | ၀၉/၇၉၅၃၃၇၀၃၁ |

# မော်လမြိုင်မြို့၊ ရိုးဂိုးကျေးရွာရှိ Neo more Myanmar Co.,Ltd တွင် "ကုန်သွယ်မှုနှင့်ဈေးကွက်အကြောင်းသိကောင်းစရာ" ဆွေးနွေးပွဲကျင်းပ

မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှကြီးမှူး၍ ကုန်သွယ်မှုနှင့် ဈေးကွက်အကြောင်း သိကောင်းစရာ ဆွေးနွေးပွဲကို မော်လမြိုင်မြို့၊ ရိုးဂိုး ကျေးရွာရှိ၊ Neo more Myanmar Co., Ltd တွင် မေ ၂၄ ရက်က ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ ဆွေးနွေးပွဲ၌ မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူး ဦးစိုးသန်းအေးက 'ကုန်သွယ်မှုနှင့် ဈေးကွက်အကြောင်း သိကောင်းစရာ'ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် ကုန်စည်ဖလှယ်ခြင်းနှင့် ကူးသန်းရောင်းဝယ်ခြင်းအကြောင်းများ၊ စီးပွားရေးစနစ်များ၊ ဈေးကွက်စီးပွားရေးစနစ်အကြောင်း၊ ဈေးကွက်နှင့် ဈေးကွက်တွင်ပါဝင် ဆောင်ရွက်လုပ်ကိုင်သူများအား လေ့လာခြင်း၊ ဈေးကွက်မဟာဗျူဟာ၊ ဈေးကွက်လည်ပတ်ရန် အဓိကအချက်များ၊ စီးပွားရေးလုပ်ငန်းရှင်များ သိသင့်သည့် အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များစသည်တို့အား ဆွေးနွေးပို့ချခဲ့ပါသည်။

ဆွေးနွေးပွဲအပြီးတွင် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက ရှင်းလင်း ဖြေကြားခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲသို့ Neo more Myanmar Co.,ltd မှ ဝန်ထမ်းများ၊ အဖွဲ့ဝင်များ၊ စိတ်ပါဝင်စားသူ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၇၅ ဦးခန့်တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုး(မွန်)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကာလ်ဒီးနားပင် (၂၀၀၂) | ယာယီ | ၂၁၀ သိန်း | 1.8 ဓာတ်ဆီ၊ |
| ၂။ | ဟွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၁၆၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | အာဗီအာ (၂၀၁၁) | ယာယီ | ၃၇၅ သိန်း | 1.8 ဓာတ်ဆီ၊ |
| ၄။ | ဟိုက်အေ့(စ်) (၂၀၀၇) | ယာယီ | ၃၃၀ သိန်း | 2.5 ဒီဇယ် |
| ၅။ | ဟာရီယာ (၂၀၀၄) | ယာယီ | ၄၀၀ သိန်း | 3.0 ဓာတ်ဆီ |
| ၆။ | ကလူဂျာ (၂၀၀၆) | ယာယီ | ၄၅၀ သိန်း | 2.4 ဓာတ်ဆီ |
| ၇။ | အာလ်ဖတ် (၂၀၀၃) | ယာယီ | ၃၆၀ သိန်း | 2.4 ဓါတ်ဆီ |
| ၈။ | နီဆန်း(နတ်) (၂၀၁၄) | ယာယီ | ၁၇၅ သိန်း | 1.3 ဓါတ်ဆီ၊ နယ်လိုင်စင် |
| ၉။ | အပ်ကား (နှစ် ၂၀) | | ၈၅ သိန်း | - |

# ဘားအံမြို့တွင် ဇွဲကပင်ကုန်သွယ်မှုဗဟိုဌာနဖွင့်လှစ်ပြီး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကရင်ပြည်နယ်၊ ဘားအံမြို့ ဇွဲကပင်ကုန်သွယ်မှုဗဟိုဌာနကို မေလ ၃၀ ရက်ကအမှတ်(၂)ရပ်ကွက်၊ ဘားအံမြို့ သစ္စာလမ်းရှိ ဇွဲကပင် ကုန်သွယ်မှုဗဟိုဌာန အဆောက်အဦ၌ ဖွင့်လှစ်ခဲ့ပါသည်။

အဆိုပါ ကုန်သွယ်မှုဗဟိုဌာနကို ကရင်ပြည်နယ်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးသန်းနိုင်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများ အင်အား ၁၀၀ ခန့်တက်ရောက်ခဲ့ပါသည်။



ထို့နောက်ဒေသထွက်ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲအား ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ် စီမံကိန်း၊ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီးဦးသန်းနိုင်က အမှာစကားပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကုန်သွယ်မှု မြှင့်တင်ရေးလုပ်ငန်းများနှင့် အသေးစားစက်မှုလုပ်ငန်းများ၊ ကုမ္ပဏီများ ဖွဲ့စည်းရေးအတွက် ဆောင်ရွက်မှုများ၊ SMEs လုပ်ငန်းအတွက်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးသူ ( ကုန်သွယ်မြှင့်)**

# လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်အမယ်သစ်အဖြစ် လိုင်ချီးသီးများတင်ပို့

မြန်မာ-တရုတ်နယ်စပ်တွင် နိုင်ငံတော်မှ တရားဝင်ကုန်သွယ်ရေးစခန်းလေးခုဖွင့်လှစ်ပြီး ကုန်သွယ်မှုလုပ်ငန်းများအား ဝန်ဆောင်မှုပေးလျက်ရှိရာ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ တစ်ဆင့်ကုန်သွယ်မှု ပြုလုပ်ရာတွင် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၌ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၈၆ ဒသမ ၁၉၃ သန်း၊ သွင်းကုန် အမေရိကန် ဒေါ်လာ ၁၅ ဒသမ ၈၇၆ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၂၀၂ ဒသမ ၀၆၉ သန်းရှိကြောင်း သိရှိရပါသည်။ အဓိက ပို့ကုန်များမှာ ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ပဲမျိုးစုံနှင့် ဖရဲသီးများဖြစ်ပြီး အဓိက သွင်းကုန်များမှာ ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ အထည်အလိပ်၊ဆောက်လုပ်ရေးလုပ်ငန်းသုံး သံချောင်း၊သံပြားများ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလတွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၈၄၉ သန်းနှင့် သွင်းကုန် အမေရိကန်ဒေါ်လာ ၁ဒသမ ၀၈၇ သန်း၊ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၉၃၆သန်း ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မေလတွင် ပို့ကုန်အမယ်သစ်အဖြစ် လိုင်ချီးသီး လေးတန်အား တစ်တန်လျှင် FOB ဈေးနှုန်း အမေရိကန် ဒေါ်လာ ၆၄၀ဖြင့် တရုတ်နိုင်ငံသို့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်ပို့ရောင်းချနိုင်ခဲ့ပါသည်။ လိုင်ချီးသီးများအား လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တစ်ဆင့်တစ်ဖက်နိုင်ငံသို့ လွန်ခဲ့သော ခုနစ်နှစ်(၂၀၁၀ ခုနှစ် )တွင် နောက်ဆုံး တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည့်အတွက် ယခုနှစ် လိုင်ချီးသီး တင်ပို့နိုင်ခြင်းသည် အမယ်သစ်တင်ပို့နိုင်ခြင်းဖြစ်ပါသည်။

ယခုနှစ် တင်ပို့သော လိုင်ချီးသီးများသည် ဗန်းမော်ဒေသအတွင်းရှိ ကျေးရွာများတွင် စိုက်ပျိုးသော လိုင်ချီးသီးများသာ စမ်းသပ်တင်ပို့ခြင်းဖြစ်သည့်အတွက် တင်ပို့နိုင်သော တန်ချိန်နည်းသော်လည်း တစ်ဖက်နိုင်ငံ ဝယ်လက်နှင့် ချိတ်ဆက်ထားပြီးဖြစ်သည့်အတွက် နောင်နှစ်များတွင် လိုင်ချီးသီးများပမာဏများစွာတင်ပို့နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေသခံ ကုန်သည်ထံမှ သိရှိရပါသည်။

**သန့်စင်မင်း**



# ၂၀၁၇ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ World Environment Day အထိမ်းအမှတ်အခမ်းအနားတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myantrade) မှ ပြခန်းပါဝင်ပြသမည်

၂၀၁၇ခုနှစ်၊(၄၃)ကြိမ်မြောက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့"World Environment Day"ကို"Connecting People to Nature" တို့ ကမ္ဘာမြေတစ်ခွင် သာယာလှစေဖို့ သဘာဝကို ထိန်းသိမ်းစို့ ဆောင်ပုဒ်ကိုဖော်ဆောင်၍ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်တွင် ကနေဒါနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပသွားမည်ဖြစ်ပါသည်။

ထို့အတူ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင်လည်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနက ဦးဆောင်၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ (World Environment Day) အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၇ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC-II) ၌ ကျင်းပမည်ဖြစ်ရာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ပြခန်းတစ်ခန်းပါဝင်ပြသမည် ဖြစ်ကြောင်း သိရသည်။ ထိုအခမ်းအနားတွင် သက်ဆိုင်ရာဌာနများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ ပါဝင်ပြီးပြခန်းပေါင်း ၄၀ ကျော် ပါဝင်ပြသ ကြမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

ကမ္ဘာ့ကြီး ပူနွေးလာမှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ထိန်းသိမ်းနိုင်ရန်အတွက်၁၉၇၂ခုနှစ်၊ ဇွန်လတွင် ဆွီဒင်နိုင်ငံ၌ ကျင်းပခဲ့သည့် Conference on the Human Environment အစည်းအဝေးမှ စတင်ဆွေးနွေးလာခဲ့ပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၇၄ခုနှစ်၊ ဇွန်လ ၅ ရက်ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ်သတ်မှတ်ကာ အမေရိကန်ပြည်ထောင်စုတွင် စတင်ကျင်းပပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံး ပါဝင်ဆင်နွှဲခဲ့ကြပါသည်။

**မြတ်မြတ်စိုးမိုး(Myantrade)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၅-၆-၂၀၁၇ မှ ၁၁-၆-၂၀၁၇ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး

(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာမည်။ အဘက်ဘက်မှ အောင်မြင်မှုများ ရတတ်သည်။ ကောင်းသတင်းဖြင့် ကျော်ကြားမည်။ စေ့စပ်ညှိနှိုင်းမှုများတွင် အဆင်ပြေအောင်မြင်မှုရမည်။ အတူနေ အိမ်သူအိမ်သားများနှင့် ဆက်ဆံရေး အဆင်မပြေဖြစ်တတ်သည်။ ကျန်းမာရေး ဂရုစိုက်သင့်သည်။ ဖျားနာတတ်သည်။ အစာအိမ်ရောဂါ ဝေဒနာများလည်း ခံစားရတတ်ပါသည်။ **ယတြာ။ ။အပူစာအုန်း၊ ငှက်ပျောသီးတို့ကို ရှောင်ပါ။**



**တနင်္လာသားသမီးများအတွက်** မိမိကြိုးစားအားထုတ်မှုကြောင့် အရာရာ တိုးတက်ကိန်းရှိသည်။ အောင်မြင်မှုများ ရတတ်သည်။ မိတ်ဆွေများ၏ စိတ်သဘောကွဲလွဲမှုကို ခံရတတ်သည်။ ကြိုးစားအားထုတ်မှု အသီးအပွင့်များ ကောင်းမွန်ချိန်ဖြစ်သည်။ ကျန်းမာရေး ဂရုပြု ပါ။ ဆေးရုံ၊ ဆေးခန်းရောက်ရတတ်သည်။ အလုပ်အကိုင်များ အဆင်ပြေမည်။ မျှော်လင့်မှုထားသည့်အတိုင်း ငွေကြေးများ ရရှိတတ်သည်။ အချစ်ရေး၊ အိမ် ထောင်ရေး သင့်တင့်နေမည်။ **ယတြာ။ ။ကျောက်ကျောလှူပါ။**



**အင်္ဂါသားသမီးများအတွက်** လုပ်ငန်းခွင်တွင် ဝီရိယရှိမှုကြောင့် ဩဇာအာဏာရရှိတတ်သည်။ စွမ်းဆောင်ရည်မြင့်မားမှုကို အသိအမှတ်ပြုခံ ရတတ်သည်။ မိတ်ဆွေများတိုးပွားပြီး၊ လက်ဆောင်ဘဏ္ဍာများရရှိမည်။ မိသားစုအေးချမ်းသာယာစွာ နေထိုင်ရတတ် သည်။ စာပေရေးသားထုတ်ဝေခြင်းလုပ်ငန်းတို့မှ အကျိုးအမြတ်များ ရရှိတတ်သည်။ ကျန်းမာရေး သင့်တင့်နေမည်။ ခရီးသွားရကိန်းရှိနေမည်။ **ယတြာ။ ။ နဂါးမောက်သီး ဘုရားလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** လုပ်ငန်းများမှ ဝင်ငွေတိုးမည်။ လုပ်ငန်းများအောင်မြင်မည်။ အစစအရာရာ စိတ်လိုက်မာန်ပါလုပ်၍ လုပ်ငန်းများနှောင့်နှေးတတ်သည်။ လုပ်ငန်းခွင်အတွင်း ဆက်ဆံရေး အဆင်မပြေဖြစ်တတ်သည်။ အတိုက်အခံရန်သူများအပေါ် အနိုင်ရတတ်သည်။ ကျန်းမာရေး အနည်းငယ်ညံ့နေမည်။ အထူးသဖြင့် အဆစ်အမြစ်ကိုက်ခဲသော ဝေဒနာ ခံစားရတတ်သည်။ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ပါက အောင်မြင်မှုရမည်။ **ယတြာ။ ။ငှက်ပျောကောက်ညှင်းထုတ်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** အခက်အခဲ ပြဿနာများကို ကျော်လွှား၍ အတိုက်အခံရန်အပေါင်းကို အောင်မြင်မှုရနေလိမ့်မည်။ ရာထူး၊ ဂုဏ်ထူးများချီးမြှင့်ခံရမည်။ လုပ်ငန်းအပြောင်းအလဲ ရှိနိုင်သေးသည်။ ကောင်းသောပြောင်းခြင်း၊ လုပ်ငန်းသစ်ရရှိခြင်းရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်ပြီး ငွေကုန်ကြေးကျများနေလိမ့်မည်။ ဝင်ငွေတိုးတက်၍ အခက်အခဲများ ကျော်လွှားနိုင်မည်ဖြစ်သည်။ **ယတြာ။ ။ ဘုရားတွင် ပေါက်ပေါက်ဆွမ်းကပ်လှူပါ။**



**သောကြာသားသမီးများအတွက်** အစုစပ်၊ စပ်တူလုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အရေးရတတ်သည်။ အကျိုးဖြစ်ထွန်း ခံစားရမည်။ ပေါင်းသင်းဆက်ဆံရေးတွင် အဆင်ပြေချောမွေ့၍ စိတ်ချမ်းသာရမည်။ ငွေကြေး၊ အလုံးအရင်းဝင်မည်။ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရတတ်သည်။ အတူနေအိမ်သူ၊ အိမ်သားများနှင့် ဆက်ဆံရေး ပြေလည်နေမည်။ ယာဉ်၊ စက်ပစ္စည်း များ ရရှိလိမ့်မည်။ ကျန်းမာရေးဂရုပြုပါ။ **ယတြာ။ ။ သစ်သီးတစ်မျိုးမျိုးကို ခွဲစိတ်၍ ဆွမ်းတော်ကပ်လှူပါ။**



**စနေသားသမီးများအတွက်** ငွေကြေး အကုန်အကျများမည့်ကာလ ဖြစ်တတ်သည်။ စိတ်ရှုပ်ထွေးသောက ရောက်ရတတ်သည်။ စိတ်အလိုမကျ၍ ထိပ်တိုက်ရင်ဆိုင်မှုများ ပေါ်ပေါက်တတ်သည်။ လုပ်ငန်းခွင်အတွင်းမှ မမျှော်လင့်သော အမြတ်အစွန်းဝင်ငွေများ ရရှိတတ်သည်။ အထက်လူကြီးများနှင့် ဆက်ဆံရေးပြေလည်မည်။ ရာထူးဂုဏ်ရှိန်မြင့်မားမှုရှိတတ်သည်။ ကျန်းမာရေး၊ အိမ်ထောင်ရေးကံကောင်းနေမည်။ **ယတြာ။ ။ နွားနို့ကိုဘုရားတွင် ကပ်လှူပါ။**

# ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း (ARCCI)၏ ရှေ့လုပ်ငန်းစဉ်များနှင့် လစ်လပ် စီမံခန့်ခွဲရေးကော်မတီများအား ရွေးချယ်

ပုသိမ်မြို့တွင် ဧရာဝတီတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ARCCI) သည် တိုင်းအတွင်း စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန် အသင်းအဖွဲ့များ၏ ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများ၊ အားသာချက် အားနည်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် လစ်လပ်နေသော စီမံခန့်ခွဲရေးနေရာများအတွက် အစားထိုးခန့်ထားနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို မေ ၂၆ ရက်က အဆိုပါအသင်းရုံးတွင် ကျင်းပပြုလုပ်ရာ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်း ဦးစီးမှူး ဦးခင်မောင်လှိုင်၊ ARCCI အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်နှင့် ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ ဗဟိုအမှုဆောင်များ၊ မအူပင်၊ မြောင်းမြခရိုင်ဥက္ကဋ္ဌ နှင့် အမှုဆောင်၊ ဗဟိုအမှုဆောင်များ မြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၃၀ ဦး ခန့်တက်ရောက်ခဲ့ပါသည်။

စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူးဦးခင်မောင်လှိုင်က တိုင်းဒေသကြီး ပိုမို ဖွံ့ဖြိုးတိုးတက်လာစေရန် အသင်းအဖွဲ့များကို ခိုင်ခိုင်မာမာ ဖွဲ့စည်းထားရှိ၍ စီးပွားရေး လုပ်ငန်းအသင်းအဖွဲ့များ အားကောင်းဖို့လိုအပ်ကြောင်း၊ ARCCI အသင်းကလည်း ဒေသတွင်း စီးပွားရေးအရှိန်အဟုန်မြှင့်တင်ပေးရန် အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်း (အက်စ်အမ်အီး)များ ရပ်တည်ယှဉ်ပြိုင်နိုင်စွမ်းကို အထောက်အကူပေးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက် အားပေးကူညီရမှာဖြစ်ကြောင်း အသင်းအဖွဲ့တွင် အခက်အခဲများရှိပါကလည်း တိုင်းဒေသကြီး အစိုးရအဖွဲ့ထံသို့ မိမိတို့ဌာနက ပါဝင်ကူညီချိတ်ဆက် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ARCCI အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်က မြို့နယ်အခြေခံအသင်းများသင်းဖွဲ့ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ မှတ်ပုံတင်ဖွဲ့စည်းထားရှိရေး၊ မိမိတို့တိုင်းဒေသကြီးအတွင်း ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ခြောက်သင်း၊ ညီနောင်အသင်း ၃၀ ဝန်းကျင်နှင့် စိုက်ပျိုးရေးကဏ္ဍ၊ ထုတ်လုပ်မှုကဏ္ဍ၊ လက်မှုလုပ်ငန်းကဏ္ဍ၊ ငါးပုစွန်မွေးမြူရေး၊ ဟိုတယ်ခရီးသွားကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ အိမ်ရာနှင့်ဆောက်လုပ်ရေးကဏ္ဍ၊ နည်းပညာကဏ္ဍ စသဖြင့် ကဏ္ဍအလိုက် ဖွဲ့စည်းထားသော အသင်းအဖွဲ့များ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်ရေး အလုပ်အကိုင်အခွင့်အလမ်းသစ်များဖန်တီးပေးနိုင်ရန်နှင့် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာရန်၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်း၍ တိုင်းအတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသအာဏာပိုင်၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များ ပူးပေါင်း ဆောင်ရွက်ရမှာဖြစ်ကြောင်းနှင့် ရှေ့ဆက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေး၍ တက်ရောက်လာသူများ၏ သဘောဆန္ဒနှင့်အညီ လစ်လပ်နေသော စီမံခန့်ခွဲရေးနေရာများကို အများ၏ သဘောထားဆန္ဒနှင့်အညီ ရွေးချယ်ခန့်ထားခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# မုံရွာခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မုံရွာမြို့နယ် ဆီထွက်သီးနှံစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူလုပ်ငန်းရှင်များ တွေ့ဆုံ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ တာဝန်ရှိသူများနဲ့ မုံရွာမြို့နယ် ကြိုးကြာကန်၊ လယ်ဇင်၊ အောင်သာ၊ ကံပြား၊ ဇီးကျွန်း၊ ကျွန်းသစ်ကျေးရွာများမှ ဆီထွက်သီးနှံစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူ လုပ်ငန်းရှင်ရှစ်ဦးကို မေ ၂၉ ရက်က မုံရွာခရိုင်ဦးစီးမှူးရုံးမှာ တွေ့ဆုံခဲ့ပါတယ်။ တွေ့ဆုံရခြင်းရဲ့ ရည်ရွယ်ချက်မှာ ပို့ကုန်အဖြစ် တင်ပို့ရန် အလားအလာရှိသော သီးနှံများကို ဈေးကွက် လိုအပ်ချက်အရ တိုးချဲ့စိုက်ပျိုးကြရန်ဖြစ်ကြောင်း သိရပါတယ်။

တွေ့ဆုံပွဲတွင် မုံရွာခရိုင်ဦးစီးမှူး ဦးသန်းပိုက ဆွေးနွေးပြောကြားရာတွင် တောင်သူများစိုက်ပျိုးတဲ့ ပို့ကုန်သီးနှံများသည် နိုင်ငံခြားကမဝယ်လျှင် ဈေးနှုန်းကျပြီး အရှုံးနှင့်ကြုံတွေ့နေရကြောင်း၊ ဒါကြောင့် ကိုယ်စိုက်မည့်သီးနှံကို အရင်လေ့လာပြီး အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်ကို ရွေးချယ်စိုက်ပျိုးကြရန်၊ တောင်သူအချင်းချင်းညှိနှိုင်းပြီး စိုက်ပျိုးမည့် သီးနှံအမျိုးအစားကို ရွေးချယ်စိုက်ပျိုးကြရန်၊ GAP စနစ်ကို ကျင့်သုံးကြရန်၊ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်နိုင်မည့် နည်းပညာများကို လေ့လာကြရန်၊ သီးနှံများတွင် ပိုးသတ်ဆေး ဓာတ်ကြွင်း၊ ဓာတုဓာတ်ကြွင်းများ မကျန်အောင် ဂရုစိုက်ကြရန်၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများကို အီးယူ ၂၈ နိုင်ငံအပါအဝင် ဩစတြေးလျ၊ ဘီလာရုစ်၊ ရုရှား၊ ကနေဒါ၊ ဆွစ်ဇာလန်၊ အိုက်စလန်၊ တူရကီ၊ ဂျပန်၊ အမေရိကန်နိုင်ငံတို့မှ ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေး GSP ရရှိနေပြီဖြစ်ကြောင်း၊ ဈေးနှုန်းသတင်းအချက်အလက်များကို မျက်ခြည်မပြတ်သိရှိနိုင်ရန် ကောမတ်စ်ဂျာနယ်၊ တောင်သူလယ် မား ဂျာနယ်၊ စိုက်ပျိုးရေးနည်းပညာများ သိရှိနိုင်ရန် ဒို့ကျေးရွာဂျာနယ်များကို လေ့လာဖတ်ရှုကြရန်၊ လုပ်ငန်းရှင်များအနေဖြင့် အကူအညီလိုအပ်ပါက အတတ်နိုင်ဆုံး အကူအညီပေး သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**သန်းသန်းတင်-မုံရွာ**

# တရုတ် နယ်စပ်နဲ့ ဘင်္ဂလားဒေ့ရှ် နယ်စပ်တို့မှ သရက်သီးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ မေ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၆၁ သန်း တန်ဖိုးရှိ သရက်သီး ၃၉၈၀ တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ ခဲ့တဲ့ ၃၀၁၅ တန်နဲ့နှိုင်းယှဉ်ပါက ၉၆၅ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ မူဆယ် သစ်သီးဝလံကုန်စည်ဒိုင်သို့ ယခုရက်ပိုင်းအတွင်း သရက်သီးကား အစီးရေ ၈၀ မှ ၁၀၀ ထိ ပုံမှန်ဝင်ရောက်ပြီး ဈေးကောင်းရလျက်ရှိကြောင်း၊ စိန်တလုံးနဲ့ ရွှေဟင်္သာ သရက်သီးက ဈေးပိုရကြောင်း၊ သရက်သီးတစ်ဖာကို တရုတ်ငွေယွမ် ၁၀၀ ခန့်ဈေးရှိကြောင်း သိရပါတယ်။ သရက်သီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၃၉ သန်း တန်ဖိုးရှိ သရက်ပြားခြောက် တန် ၂၇၀ ကျော်ကိုလည်း မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၄၄၀ တန်ဖိုးရှိ သရက်သီးနှစ်တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**



# Emerson Network Power ကို Vertiv အမည်ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆက်လက်လုပ်ကိုင်မည်

မြန်မာနိုင်ငံတွင် လျှပ်စစ်စွမ်းအား၊ အပူနှင့် အိုင်တီနည်းပညာများကို စီမံခန့်ခွဲသည့်ထုတ်ကုန်များ၊ ဝန်ဆောင်မှုများကို ကျယ်ပြန့်စွာ ဝန်ဆောင်မှုပေးလျက်ရှိသည့် Emerson Network Power က Vertiv အမည်ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

Vertiv သည် ဆက်သွယ်ရေး ကုမ္ပဏီများအတွက် Tunkey Data Center Solution, Perfabricate Data Centers, Collocation Facilities စသည်တို့နှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် အောင်မြင်မှုများအများအပြား ရရှိထားသောကုမ္ပဏီ တစ်ခု ဖြစ်သည်။

Vertiv သည် မကြာသေးမီက မြန်မာနိုင်ငံ၏ ကွန်ပျူတာနည်းပညာကဏ္ဍတွင် အောင်မြင်ရရှိနေသည့် KMD ကုမ္ပဏီနှင့် ပြည်တွင်းဈေးကွက် ဖြန့်ချိရေး ပါတနာအဖြစ် စာချုပ်ချုပ်ဆိုထားပြီးဖြစ်သည်။

"ဆက်သွယ်ရေးနည်းပညာနဲ့ စီးပွားရေးလုပ်ငန်းသုံး ဒေတာစင်တာတွေ ငှားရမ်းအသုံးပြုတဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေရဲ့ ဈေးကွက်တွေက မြန်မာနိုင်ငံမှာ ကျယ်ကျယ်ပြန့်ပြန့်ရှိနေပါတယ်။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့စီးပွားရေး မိတ်ဖက်ပါတနာတွေနဲ့ အနီးကပ်ပူးပေါင်းပြီး ဖောက်သည်တွေရဲ့ စီးပွားရေးလုပ်ငန်းတွေမှာ လိုအပ်တဲ့နည်းပညာလိုအပ်ချက်အမျိုးမျိုးကို ပံ့ပိုးမှုတွေပေးသွားမှာ ဖြစ်ပါတယ်"ဟု Vertiv အင်ဒိုချိုင်းနားမှ အုပ်ချုပ်မှုဒါရိုက်တာ Pichet Ketruam က ပြောကြားခဲ့သည်။

**မယ်သီတာ**

# Baker Mckenzie နှင့် ဗြိတိသျှကုန်သည်ကြီးများအသင်းတို့ ပူးပေါင်း၍ မြန်မာ့သယ်ယူပို့ဆောင်ရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ




အမေရိကန်နိုင်ငံမှ အပြည်ပြည်ဆိုင်ရာ ဥပဒေအကျိုးဆောင်လုပ်ငန်း အဖွဲ့အစည်းဖြစ်သည့် Baker Mckenzie နှင့် ဗြိတိသျှကုန်သည်ကြီးများ အသင်းတို့ပူးပေါင်း၍ မြန်မာ့သယ်ယူပို့ဆောင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို မေ ၂၉ ရက်က ရန်ကုန်မြို့ Melia ဟိုတယ်တွင် ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် သယ်ယူပို့ဆောင်ရေးဆိုင်ရာမူဝါဒ၊ အများပြည်သူနှင့် ပုဂ္ဂလိက ကဏ္ဍအကျိုးတူပူးပေါင်းဆောင်ရွက်မှု အခြေခံမူဘောင်၊ လုပ်ပိုင်ခွင့်ပြုမှုနှင့် ညှိနှိုင်းမှု၊ ငွေကြေးထောက်ပံ့မတည်မှု၊ မီးရထား၊ လမ်းနှင့် ဆိပ်ကမ်းစသည့် သယ်ယူပို့ဆောင်ရေး ပုံစံအမျိုးမျိုး တည်ဆောက်ခြင်းတို့ကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးလည်း တက်ရောက်ခဲ့သည်။

"သယ်ယူပို့ဆောင်ရေး စီမံချက်ပုံစံအမျိုးမျိုး ကွဲပြားမှုအပေါ် မူတည်ပြီး အများပြည်သူနဲ့ ပုဂ္ဂလိကအကျိုးတူပူးပေါင်းဆောင်ရွက်မှု (PPP)ကလည်း ပုံစံအမျိုးမျိုးရှိတဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ညှိနှိုင်းရလွယ်တဲ့ PPP ပုံစံမျိုး ဖြစ်ဖို့အရေးကြီးပါတယ်။ မြန်မာအစိုးရအနေနဲ့လည်း PPP ဥပဒေထွက်ရှိလာတဲ့အထိ စောင့်နေမယ့်အစား မြန်မာ့ပို့ဆောင်ရေးမှာ လစ်ဟာနေတာကို ရင်ဆိုင်ကိုင်တွယ်နိုင်တဲ့ နည်းလမ်းတစ်ခုအဖြစ် PPP ကို အားပေးမြှင့်တင်ပြီးဆောင်ရွက်သင့်တယ်လို့ တိုက်တွန်းလိုပါတယ်"ဟု Baker McKenzie ၏ အုပ်ချုပ်မှုဒါရိုက်တာ Jo Daniels က ပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက ဖွံ့ဖြိုးဆဲဈေးကွက်များ၌ ရှုပ်ထွေးသောအခြေခံအဆောက်အဦ တိုးတက်ဖွံ့ဖြိုးရေးတွင် အရေးကြီးသော အများပြည်သူနှင့် ပုဂ္ဂလိကတို့အကြား နီးကပ်စွာ ပူးပေါင်းလုပ်ဆောင်ရေးကို အဓိကထား၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **မယ်သီတာ**

# အသေးစားအလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မြန်မာသီလဝါ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ OCCI နှင့် UMFCCI တို့ အကျိုးတူ ပူးပေါင်းလုပ်ဆောင်မည်

မြန်မာနိုင်ငံတွင် အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မြန်မာသီလဝါ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ (MJTD)၊ အိုဆာကာ ကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (OCCI)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) တို့ အကျိုးတူပူးပေါင်း၍လုပ်ဆောင်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့သုံးဖွဲ့တို့သည် သီလဝါ အထူးစီးပွားရေးဇုန်၏အငှားစက်ရုံနေရာများတွင် စတုရန်းမီတာ ၅၀၀ မှ ၇၅၀ အထိရှိသည့် အသေးစားအငှားစက်ရုံနေရာများကို ဖော်ဆောင်ရန် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ယင်းစာချွန်လွှာသည် သီလဝါ အထူးစီးပွားရေးဇုန်၌ ရှိပြီးသားဖြစ်နေသည့် နိုင်ငံစုံလုပ်ငန်းစုကြီးများအပြင် နောက်ထပ် အသေးစားနှင့်အလတ်စား ကုမ္ပဏီများပါ လာရောက်ရင်းနှီးမြှုပ်နှံနိုင်သည့် အထူးစီးပွားရေးဇုန်အဖြစ် ဆွဲဆောင်နိုင်အောင် မြှင့်တင်ပေးမည့် စာချွန်လွှာဖြစ်သည်။

ထို့ပြင် အဆိုပါ စာချွန်လွှာသည် မြန်မာနိုင်ငံ၌ သီလဝါအထူးစီးပွားရေးဇုန်၏ အခန်းကဏ္ဍကို ပိုမိုမြင့်မားလာအောင် လုပ်ဆောင်ပေးနိုင်မည်ဟု မျှော်လင့်ထားသည်ဟုဆိုသည်။

**မယ်သီတာ**

# ကမ္ဘောဇဘဏ်က ပထမဦးဆုံး ထိုင်း-မြန်မာ ငွေလွှဲကတ် ဝန်ဆောင်မှုပေးရန် ထိုင်းနိုင်ငံမှ K Bank နှင့် ပူးပေါင်းဆောင်ရွက်

ကမ္ဘောဇဘဏ်လီမိတက်သည် မြန်မာအလုပ်သမားများအတွက် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံကြား ယုံကြည်စိတ်ချစွာ ငွေလွှဲနိုင်စေရန်အတွက် Myanmar Remit Card (မြန်မာငွေလွှဲကတ်) ဝန်ဆောင်မှုအသစ်ကို ထိုင်းနိုင်ငံရှိ Kasikorn ဘဏ် (KBank) နှင့်ပူးပေါင်း၍ စတင်လုပ်ဆောင်လျက်ရှိနေပြီဖြစ်ကြောင်း ကမ္ဘောဇဘဏ်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ထိုင်းနိုင်ငံမှ ထုတ်ပေးထားသော ကတ်များနှင့် ထိုင်းနိုင်ငံတစ်ဝန်းရှိ KBank ATM စက်များမှ တစ်ဆင့် ဘားကုဒ်အား Scan ဖတ်စစ်ဆေးခြင်းဖြင့် ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်း အလုပ်သမားများအနေဖြင့် လက်ခံအကောင့်တစ်ခုဆီသို့ တစ်နေ့လျှင်တစ်ကြိမ်နှုန်းဖြင့် ထိုင်းဘတ်ငွေ ၁၀၀,၀၀၀ အထိ (မြန်မာကျပ် ၃,၉၀၀,၀၀၀ ဝန်းကျင်) ငွေလွှဲနိုင်ပြီဖြစ်သည်။ မြန်မာနိုင်ငံအတွင်းမှ လက်ခံရရှိသူများသည်လည်း ငွေကြေးများကို မြန်မာကျပ်အဖြစ် ကမ္ဘောဇဘဏ်ခွဲ ၄၆၀ ကျော်နှင့် တစ်နိုင်ငံလုံးတွင်ရှိသော ကမ္ဘောဇဘဏ် ATM စက်အလုံး ၉၃၀ တွင်နေ့ချင်းထုတ်ယူနိုင်ကြောင်း သိရ




သည်။

"ကမ္ဘောဇဘဏ်အနေနဲ့ ထိုင်းနိုင်ငံရဲ့ ထိပ်တန်းဘဏ်တစ်ခုဖြစ်တဲ့ KBank နဲ့ပူးပေါင်းပြီး ကတ်ကိုင်ဆောင်သူတိုင်း ကမ္ဘောဇဘဏ်ရဲ့ ကျယ်ပြန့်တဲ့ ဘဏ်ခွဲတွေနဲ့ ATM ကွန်ရက်ကနေတစ်ဆင့် လွယ်ကူအဆင်ပြေစွာ မြန်မာနိုင်ငံသို့ ငွေကြေးတိုက်ရိုက်ပေးပို့နိုင်မယ့် ဒီလိုဆန်းသစ်တဲ့ ဝန်ဆောင်မှုကို မိတ်ဆက်ပေးခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ခုလိုအထူးအစီအစဉ်ကြောင့် ထိုင်းနိုင်ငံမှာရှိတဲ့ မြန်မာလုပ်သားဟာ တရားမဝင်တဲ့ ငွေလွှဲဝန်ဆောင်မှုတွေအစား လွယ်ကူပြီး တရားဝင်တဲ့စနစ်ကို အသုံးပြုနိုင်တော့မှာ ဖြစ်ပါတယ်။ ဒါဟာ ရေရှည်မှာ နိုင်ငံအတွက် ပွင့်လင်းမြင်သာမှုရှိပြီး ယုံကြည်စိတ်ချရတဲ့ ခေတ်သစ်ငွေကြေးစနစ် မှတ်ကျောက်တစ်ခုအဖြစ် ထင်ကျန်နေမှာပါ"ဟု ကမ္ဘောဇဘဏ်၏ International Banking Divison မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းလွင်က ပြောကြားသည်။

Customer များအနေဖြင့် ထိုင်းနိုင်ငံရှိ KBank ဘဏ်ခွဲတိုင်းတွင် Myanmar Remit Card (မြန်မာငွေလွှဲကတ်)အား လျှောက်ထားနိုင်ကြောင်း သိရသည်။ ယင်းနောက် Bang Bon, Thanon Rama (2), Yan Nawa, Central Rama (2) နှင့် Mall Bang Kapi မှ KBank ဘဏ်ခွဲများတွင် ကတ်များထုတ်ယူနိုင်ပြီး စမွတ်ပရာကန်၊ စမွတ်ဆာခွန်၊ နခွန်ပါသွန်၊ ပက်ချာဘူရီ၊ တာ့ခ်၊ ဆုန်ခလာ၊ ချင်းရိုင် နှင့်ချောင်ဘူရီတို့ရှိ ဘဏ်ခွဲများတွင်လည်း အဆိုပါဝန်ဆောင်မှုများကိုရယူနိုင်ကြောင်း သတင်းရရှိသည်။ **မယ်သီတာ**

# လမ်းမတော်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် မင်္ဂလာဒုံတပ်နယ်အတွင်းရှိ အရာရှိ/အရာခံအကြပ်တပ်သားများနှင့် မိသားစုဝင်များအား စားသုံးသူအကာအကွယ်ပေးရေး ဟောပြော

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ မေလ ၂၃ ရက်က လမ်းမတော်မြို့နယ်၊ အ. ထ. က (၁) မြမာလာခန်းမနှင့် မေလ ၂၆ ရက် က မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၁) ယာဉ်သိုလှောင်ရေးတပ်ရင်းတို့တွင် စား သုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးပွဲခဲ့ပါတယ်။

ဟောပြော ဆွေးနွေးပွဲများအနက် လမ်းမတော်မြို့နယ်တွင် လမ်းမတော်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမာ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးနှင့် မင်္ဂလာဒုံမြို့နယ်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်မတော်ဆေးတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကား ပြောကြားခဲ့ပါတယ်။

ဟောပြော ဆွေးနွေးပွဲများတွင် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှမော်တို့က စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၏ ရည်ရွယ်ချက်၊ ဥပဒေပါပြဋ္ဌာန်းချက်များဖြစ်သည့် စားသုံးသူတို့၏အခွင့်အရေးနှင့် တာဝန်၊ စီးပွားရေးလုပ်ငန်းရှင်တို့၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များကိုလည်းကောင်း၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ၊ ဝယ်ယူအသုံးပြုနိုင်မည့်နည်းလမ်းများ၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုရှိလျှင် တိုင်ကြားနိုင်သည့် နည်းလမ်းများ စားသုံးသူများ၏ တိုင်ကြားမှုများကို ဖြေရှင်း ဆောင်ရွက်ပေးခဲ့မှုများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် ပေးရန် လိုအပ်ပုံတို့ကိုလည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာ ခန့်ခန့်ဝင်းရွှေနှင့် ဦးစီးအရာရှိ ဒေါက်တာ စုမြတ်ဖြူတို့က စားသုံးသူ အကာအကွယ်ပေးရေးအတွက် ဌာန၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ အစားအသောက်၊ ဆေးဝါး၊ အလှကုန်ပစ္စည်းများကို ဈေးကွက်မတင်မီနှင့် ဈေးကွက်တင်ပြီး အပိုင်းနှစ်ပိုင်းခွဲခြားပြီး ဆောင်ရွက်နေမှုများ၊ ပြည်တွင်း ထောက်ခံချက်ထုတ်ပေးခြင်း၊ သက်တမ်းတိုးပေးခြင်းများ၊ ပြည်ပမှတင်သွင်းလာသော ဆေးဝါးများကိုလည်း မှတ်ပုံတင်ပြုလုပ်ပေးခြင်းနှင့် ဈေးထဲတွင်ရောင်းချနေသော စားသောက်ကုန်များနှင့် ဆေးဆိုင်များကိုလည်း ရှောင်တခင်ဝင်ရောက်စစ်ဆေးမှုများ ပြုလုပ်နေမှုအခြေအနေ၊ FDA ထောက်ခံချက်ပါရှိသည်များကိုသာ ဝယ်ယူသုံးစွဲသင့်ပုံ၊ ဈေးရောင်းချသူအနေနှင့်လည်း မိမိတို့စားသုံးနိုင်သည့် ကုန်ပစ္စည်းကိုသာ စားသုံးသူများအား ရောင်းချစေလိုကြောင်းနှင့် ပြည်သူလူထုကလည်း ပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်းတို့ကိုလည်းကောင်း ဆွေးနွေးသွားပါတယ်။ လမ်းမတော်မြို့နယ်၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာသန်းသန်းချစ်နှင့် မင်္ဂလာဒုံမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးမင်းမင်းအောင်တို့က လူသုံးကုန်/အလှကုန်၊ ဆေးဝါးများကြာရှည်သုံးစွဲမည်ဆိုပါက ဓါတ်တည့်/မတည့်ကိုစမ်းသပ်ပြီးမှ သုံးစွဲသင့်ပုံ၊ မိုးဦးကာလတွင် မှိုရောဂါကို သတိထားသင့်ကြောင်းနှင့် ပြည်သူများ အန္တရာယ်ကင်းရှင်းစေရန် ဌာနဆိုင်ရာများ၊ ပြည်သူလူထုကလည်း ဝိုင်းဝန်းပူးပေါင်းဖို့လိုအပ်ကြောင်း ဟောပြောဆွေးနွေး ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ အရာထမ်းနှင့် အမှုထမ်းများ၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အရာထမ်းနှင့် အမှုထမ်း၊ လမ်းမတော်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိဌာနဆိုင်ရာများ၊ သမဝါယမဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာမများ၊ ရပ်ကွက် ၁၂ ခုမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ စားသောက်ဆိုင်ရောင်းချသူများနှင့် မြို့မိမြို့ဖများ၊ မင်္ဂလာဒုံတပ်နယ်အတွင်းရှိ တာဝန်ရှိသူများ၊ အရာရှိ/အရာခံ အကြပ်တပ်သားများနှင့် မိသားစုဝင်များ စုစုပေါင်း ၇၅၀ ဦးခန့် တက်ရောက်ခဲ့ကြပါတယ်။

အလားတူ မေလတတိယပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် လေးနေရာ၊ အနောက်ပိုင်းခရိုင်တွင် သုံးနေရာ၊ တောင်ပိုင်းခရိုင်တွင် ၁၉ နေရာ၊ မြောက်ပိုင်းခရိုင်တွင် ၁၂ နေရာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**အေးအေးခိုင် (စားသုံးသူ)**

# ဖျာပုံခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဖျာပုံခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၂၆ ရက်က ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ဦးစီးမှူးရုံး အစည်းအဝေး ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင် ဦးဆောင်သော အဖွဲ့ဝင်များနှင့် မိတ်ဖက်ဌာနများ ဖြစ်သော ပြန်ကြားရေး၊ စိုက်ပျိုးရေး၊ ငါးလုပ်ငန်း၊ အထူးစုံစမ်းစစ်ဆေးရေးနှင့် တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



အခမ်းအနားတွင် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးလွင်က ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အနေဖြင့် လုပ်ငန်းလုပ်ဆောင်ရာတွင် တိုင်းဒေသကြီးများက လျင်လျင်မြန်မြန် ဆောင်ရွက်နေသလို ခရိုင်များကလည်း လိုက်ပါဆောင်ရွက်နေပါကြောင်း၊ ပင်မဌာနဖြစ်သည့် ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန ကလည်း တိုင်ကြားစာ လက်ခံဆောင်ရွက်ရေးစင်တာ(CICC)ကိုဖွင့်လှစ်ပြီး ဖြစ်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စီမံချက်များရေးဆွဲပြီး စီမံချက်ပေါ်တွင် အရေးယူမှုများပါ ရေးဆွဲ ထားပါက ပိုမိုပြည့်စုံမှာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင်က စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းအခြေအနေများ၊ ဌာနမှညွှန်ကြားချက်များ၊ အမှာစာများ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ ဆောင်ရွက်မည့် လျာထားချက်များနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ စားသုံးရန် မသင့်သည့် အချိုရည်များအား မြို့နယ်အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ရေး ကော်မတီမှ ကွင်းဆင်းစစ်ဆေးမှု အရပိတ်သိမ်းမှု အခြေအနေများ၊ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံ ဆောင်ရွက်ရေး စင်တာ (CICC)ရုံးခန်း ဖွင့်လှစ် ထားရှိမှု အခြေအနေနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည့်အခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက်တက်ရောက် လာကြသော ခရိုင်အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များနှင့် မိတ်ဖက်ဌာနများက လိုအပ်ချက်များကိုဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန်(ဖျာပုံ)**

# မူဆယ်မြို့တွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၇) ကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့ စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူးသည် မေ ၁၉ ရက်က မူဆယ်မြို့၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၁၇) ကို ကျင်းပပြုလုပ်ခဲ့ရာ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ဥပဒေရုံး၊ ခရိုင်ပညာရေး၊ ခရိုင်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာန၊ ကုန်သည်အသင်းများ၊ စားသုံးသူ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်ဦးစီးမှူး ဦးခွန်မင်းသန့်က မိမိတို့ဌာနအနေနဲ့ကျောင်းများ၊ ရပ်ကွက်များ၊ ဈေးဆိုင်များ၊ စတိုးဆိုင်များ၊ ကျေးရွာများတွင် အများပြည်သူများ ကျန်းမာရေးဗဟုသုတရရှိစေရန် အသိပညာပေး ဟောပြောပွဲများ၊ ထုတ်ကုန်လုံခြုံ စိတ်ချရမှုရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ဆောင်ရွက်နေပါကြောင်း၊ ယနေ့ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် ကုန်ပစ္စည်းမှန်သမျှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများ ပါဝင်ဖို့လိုအပ်ပါကြောင်း၊ ယခုလိုခေတ်မီတိုးတက်နေသည့် ခေတ်ကြီးတွင် ကျန်းမာရေးနှင့် မညီညွတ်သော အစားအစာများ၊ တာရှည်ခံစေရန် အသုံးပြုထားသော ဓာတုဆေးပါဝင်သော စားသောက်ကုန်များသည် မိမိတို့၏လူမှုပတ်ဝန်းကျင်နေရာတိုင်းတွင် ပြည့်နှက်နေသည့်အတွက် ပြည်သူများအနေဖြင့် ကျန်းမာရေး ဆိုးကျိုးများကို သိရှိနားလည်စေရန် မိမိတို့ဌာနနှင့် FDAဌာနတို့ ပူးပေါင်း၍ အသေးစား စက်မှုလက်မှု လုပ်ငန်းများကို ကွင်းဆင်း စစ်ဆေးခြင်း၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ဈေးများ၊ မုန့်ဆိုင်များ ကုန်စုံဆိုင်များ၊ လူသုံးကုန်ပစ္စည်း ဆိုင်များတွင် မှတ်ပုံတင်ထားခြင်းမရှိသည့် ကုန်ပစ္စည်းများ၊ စားသောက်ကုန်မုန့်များ ရောင်းချမှုမရှိစေရန် အသိပညာပေးဆွေးနွေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းများကို ဆောင်ရွက်နေပါကြောင်း စသည်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသည့် မိတ်ဖက်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများက ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**အောင်ကျော်မြင့် (လားရှိုး)**

## မြို့ကြီးများ၏ ၅-၆-၂၀၁၇ မှ ၉-၆-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၅-၆-၂၀၁၇) | အင်္ဂါ(၆-၆-၂၀၁၇) | ဗုဒ္ဓဟူး(၇-၆-၂၀၁၇) | ကြာသပတေး(၈-၆-၂၀၁၇) | သောကြာ(၉-၆-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | ၆၀% / ၃၃˚C/၉၂˚F | ၄၀% / ၃၄˚C/၉၄˚F | ၈၀% / ၃၃˚C/၉၂˚F | ၈၀% / ၃၃˚C/၉၂˚F | ၆၀% / ၃၂˚C/၉၀˚F |
| ရန်ကုန်မြို့ | ၉၀% / ၃၂˚C/၈၉˚F | ၈၀% / ၃၀˚C/၈၇˚F | ၈၀% / ၃၂˚C/၈၉˚F | ၈၀% / ၃၀˚C/၈၇˚F | ၈၀% / ၂၉˚C/၈၅˚F |
| မန္တလေးမြို့ | နေသာ / ၃၄˚C/၉၃˚F | နေသာ / ၃၅˚C/၉၅˚F | ၄၀% / ၃၄˚C/၉၄˚F | ၈၀% / ၃၄˚C/၉၃˚F | ၅၀% / ၃၃˚C/၉၁˚F |
| မြစ်ကြီးနား | နေသာ / ၃၃˚C/၉၁˚F | နေသာ / ၃၅˚C/၉၅˚F | နေသာ / ၃၅˚C/၉၅˚F | ၈၀% / ၃၂˚C/၈၉˚F | ၈၀% / ၃၀˚C/၈၇˚F |
| လားရှိုး | ၅၀% / ၂၉˚C/၈၅˚F | ၄၀% / ၃၂˚C/၈၉˚F | ၈၀% / ၃၀˚C/၈၇˚F | ၈၀% / ၂၈˚C/၈၃˚F | ၈၀% / ၂၇˚C/၈၁˚F |
| ကျိုင်းတုံ | ၈၀% / ၂၉˚C/၈၄˚F | တိမ်အသင့်အတင့် / ၃၂˚C/၉၀˚F | ၈၀% / ၃၀˚C/၈၈˚F | ၈၀% / ၂၉˚C/၈၄˚F | ၈၀% / ၂၉˚C/၈၄˚F |
| လွိုင်ကော် | ၈၀% / ၂၆˚C/၇၉˚F | ၈၀% / ၂၆˚C/၇၉˚F | ၈၀% / ၂၆˚C/၇၉˚F | ၇၀% / ၂၆˚C/၇၉˚F | ၈၀% / ၂၄˚C/၇၆˚F |
| တောင်ကြီး | ၈၀% / ၂၅˚C/၇၇˚F | ၈၀% / ၂၆˚C/၇၈˚F | ၈၀% / ၂၆˚C/၇၈˚F | ၈၀% / ၂၅˚C/၇၇˚F | ၈၀% / ၂၄˚C/၇၆˚F |
| မော်လမြိုင် | ၈၀% / ၂၉˚C/၈၅˚F | ၈၀% / ၂၉˚C/၈၅˚F | ၈၀% / ၃၀˚C/၈၆˚F | ၈၀% / ၃၀˚C/၈၇˚F | ၈၀% / ၂၉˚C/၈၄˚F |
| ဘားအံ | ၉၀% / ၃၀˚C/၈၆˚F | ၈၀% / ၃၁˚C/၈၈˚F | ၈၀% / ၃၁˚C/၈၈˚F | ၈၀% / ၃၁˚C/၈၈˚F | ၆၀% / ၃၀˚C/၈၆˚F |
| တောင်ငူ | ၈၀% / ၃၃˚C/၉၁˚F | ၈၀% / ၃၃˚C/၉၂˚F | ၈၀% / ၃၂˚C/၉၀˚F | ၈၀% / ၃၂˚C/၉၀˚F | ၈၀% / ၃၀˚C/၈၇˚F |
| မုံရွာ | နေသာ / ၃၅˚C/၉၅˚F | ၃၀% / ၃၆˚C/၉၆˚F | ၈၀% / ၃၅˚C/၉၅˚F | ၈၀% / ၃၃˚C/၉၂˚F | ၈၀% / ၃၃˚C/၉၁˚F |
| ပုသိမ် | ၈၀% / ၃၁˚C/၈၈˚F | ၈၀% / ၃၃˚C/၈၈˚F | ၈၀% / ၃၂˚C/၉၀˚F | ၈၀% / ၃၂˚C/၈၉˚F | ၆၀% / ၃၀˚C/၈၆˚F |
| မြိတ် | ၉၀% / ၂၈˚C/၈၂˚F | ၈၀% / ၂၈˚C/၈၂˚F | ၈၀% / ၂၈˚C/၈၃˚F | ၈၀% / ၂၈˚C/၈၂˚F | ၈၀% / ၂၈˚C/၈၃˚F |
| စစ်တွေ | ၈၀% / ၃၀˚C/၈၆˚F | ၄၀% / ၃၀˚C/၈၆˚F | ၈၀% / ၃၁˚C/၈၇˚F | ၈၀% / ၃၁˚C/၈၇˚F | ၈၀% / ၃၀˚C/၈၆˚F |
| မကွေး | ၈၀% / ၃၅˚C/၉၅˚F | ၈၀% / ၃၅˚C/၉၅˚F | နေသာ / ၃၆˚C/၉၇˚F | ၈၀% / ၃၄˚C/၉၄˚F | ၈၀% / ၃၃˚C/၉၁˚F |
| ဖလမ်း | ၈၀% / ၂၆˚C/၇၉˚F | ၈၀% / ၂၆˚C/၇၉˚F | ၈၀% / ၂၆˚C/၇၈˚F | ၈၀% / ၂၃˚C/၇၄˚F | ၈၀% / ၂၃˚C/၇၃˚F |

# တရုတ်(တိုင်ပေ)နိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွား

တရုတ်(တိုင်ပေ)နိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း တိုင်ပေတိုင်းမ်သတင်းတွင် ဖော်ပြထားသည်။

ဇွန် ၁ ရက်မှစတင်ရွာသွန်းခဲ့သည့် မိုးသည် ဇွန် ၃ ရက်အထိ ဆက်လက်ရွာသွန်းလျက်ရှိကြောင်း၊ မိုးရေချိန် မီလီမီတာ ၆၀၀ အထိရွာသွန်းနေခြင်းဖြစ်ကြောင်း တရုတ်(တိုင်ပေ)မိုးလေဝသဌာနက ထုတ်ဖော်ကြေညာခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမိုးမှုကြောင့် လူတစ်ဦး သေဆုံးပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိနေကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရုတ်(တိုင်ပေ)မြို့ပေါ်ရှိ လမ်းမကြီး ၁၁ ခုတွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်နေသဖြင့် အဆိုပါလမ်းမများအား ပိတ်ထားခဲ့ရကြောင်း၊ ထိုလမ်းမကြီးများတစ်လျှောက်ရှိ ကျောင်းများကိုပိတ်ထားခဲ့ရပြီး စီးပွားရေးလုပ်ငန်းများလည်း ရပ်ဆိုင်းထားခဲ့ရကြောင်း၊ တရုတ်(တိုင်ပေ) ကယ်ဆယ်ရေးဌာနက ထုတ်ဖော်ပြောကြားခဲ့သည်။

ရှီမင်းခရိုင်မိုးလေဝသဌာန၏ တိုင်းတာချက်များအရ မိုးရေချိန်သည် တစ်နာရီလျှင် ၁၁၄ မီလီမီတာနှုန်းဖြင့် ရွာသွန်းလျက်ရှိနေကြောင်း၊ အလီရှန်ဒေသတွင် မိုးရွာသွန်းမှုသည် တစ်နာရီလျှင် ၁၂၈ မီလီမီတာနှုန်းဖြင့် စံချိန်တင်ထားခဲ့ရာ အဆိုပါစံချိန်ကို မီတော့မည်ဖြစ်ကြောင်း တိုင်ပေတိုင်းမ်သတင်းက ရေးသားဖော်ပြခဲ့သည်။

နိုင်ငံတစ်ဝန်းရှိ နေရာပေါင်း ၁၈၅နေရာတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိရာ အိမ်ထောင်စုပေါင်း ၁၀၀၀၀ ကျော်မှာ လျှပ်စစ်မီးပြတ်တောက်မှုဒဏ်ကို ခံစားနေရကြောင်းသတင်းတွင် ဖော်ပြထားသည်။

ထို့ပြင် ယခုကဲ့သို့ မိုးဆက်လက် ရွာသွန်းနေပါက တိုင်ပေအပြည်ပြည်ဆိုင်ရာလေဆိပ် (ဆုန်ရှန်းလေဆိပ်)ကို ပိတ်ထားရမည်ဖြစ်ကြောင်း၊ ယခုအခါတွင်လည်း လေယာဉ်ခရီးစဉ်ပေါင်း ၁၃၇ ခုကို ဖျက်သိမ်းခဲ့ရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ရေလွှမ်းမိုးမှု ဖြစ်ပွားလျက်ရှိသည့် နေရာပေါင်း ၁၂၈ နေရာအနက် တိုင်ပေမြို့တော်အသစ်သည် အဆိုးရွားဆုံး ရေလွှမ်းမိုးမှုဒဏ်ကို ခံစားနေရကြောင်း၊ ရေလွှမ်းမိုးမှုကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းကို အသေးစိတ် မသိရှိရသေးကြောင်း တိုင်ပေတိုင်းမ်တွင် ဖော်ပြထားသည်။

**မယ်သီတာ**



## သီရိလင်္ကာနိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်း မိုရာကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုမှုများဖြစ်ပေါ်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းမိုရာကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများဖြစ်ပေါ်ခဲ့ရာ လူပေါင်း ၂၀၀ ကျော် သေဆုံးခဲ့ပြီး ၉၆ ဦးပျောက်ဆုံးနေကြောင်း၊ ထို့ကြောင့် သေဆုံးသူအရေအတွက် မြင့်တက်လာနိုင်ကြောင်း စီဘီစီနယူးစ်သတင်းတွင် ဖော်ပြထားသည်။

သီရိလင်္ကာ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးဆိုင်ရာအဖွဲ့၏ သတင်းထုတ်ပြန်ချက်များအရ မြေပြိုကျမှုနှင့် ရေလွှမ်းမိုးမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၂၀၃ ဦးရှိကြောင်း၊ ရေဘေးဒုက္ခသည်ပေါင်း ၇၇၀၀၀ ကျော်ကို ကယ်ဆယ်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ရကြောင်း၊ နေအိမ်ပေါင်း ၁၅၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆိုင်ကလုန်းမုန်တိုင်းမိုရာသည် သီရိလင်္ကာနိုင်ငံသို့ ဦးတည်တိုက်ခတ်ခဲ့ခြင်း မရှိသော်လည်း မုန်တိုင်းဖြစ်ပွားရာနေရာသည် သီရိလင်္ကာနိုင်ငံအနီးတွင် ဖြစ်ပွားခဲ့သဖြင့် ယခုကဲ့သို့ မုန်တိုင်း၏ဒဏ်ကို ခံစားရခြင်းဖြစ်သည်ဟုဆိုသည်။ အထူးသဖြင့်နိုင်ငံ၏တောင်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုဖြစ်ပွားပြီး မြေပြိုကျမှုများဖြစ်ပွားခဲ့ရခြင်းဖြစ်သည်ဟုဆိုသည်။

ထို့ကြောင့် သီရိလင်္ကာနိုင်ငံ လေတပ်နှင့် ကယ်ဆယ်ရေးတပ်ဖွဲ့များပူးပေါင်း၍ ရေလွှမ်းမိုးသည့်ဒေသများရှိ ပြည်သူများအား ကယ်ဆယ်လျက်ရှိ သည်။ ထို့ပြင် တောင်ပိုင်းနှင့်အနောက်ပိုင်းတို့ရှိ ဆေးရုံ ၁၇ရုံတွင်လည်း မြေပြိုကျသည့်ဒေသမှ လူနာများ၊ ရေလွှမ်းမိုးမှုကြောင့် ရောဂါဖြစ်ပွားသည့်လူနာများဖြင့် ပြည့်ကျပ်နေကြောင်း ကုလသမဂ္ဂမှ တာဝန်ရှိသူတစ်ဦးက စီဘီစီနယူးစ်သတင်းဌာနသို့ သတင်းပေးပို့ခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းမိုရာသည် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းဒေသတစ်လျှောက်ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဖြတ်ကျော်ဝင်ရောက်ခဲ့သည်။

ဆိုင်ကလုန်းမိုရာကြောင့် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်ရှိ ဒေသအချို့တို့တွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

**မယ်သီတာ**

# ရန်ကုန်အရှေ့ပိုင်းခရိုင်၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/ ၂၀၁၇) ကျင်းပ

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၅/ ၂၀၁၇) အား မေလ ၃၁ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်စားသုံး သူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားရာတွင် စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးအတွက် ဈေးကွက်အတွင်းမှ အစားအသောက်များအား ခရိုင်အတွင်းရှိ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် အမြဲကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ ခရိုင်ဦးစီးမှူး ဦးစိုးတင့်က ယခင်လအစည်းအဝေးဆုံးဖြတ်ချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ကျောင်းဖွင့်ရာသီတွင် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် စားသုံးသူရေးရာဟောပြောပွဲများနှင့် ကွင်းဆင်းပညာပေး ဆောင်ရွက်မည့် အစီအမံများ၊ မိတ်ဖက်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများ၊ (CICC) ရုံးဖွင့်လှစ်ဆောင်ရွက်မှု အခြေအနေများအား တင်ပြ ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင် ခရိုင် ကျန်းမာရေးမှူး ဒေါက်တာဌေးလွင်က ကျောင်းဖွင့်ရာသီတွင် ကျောင်းများ၌ ကျောင်းကျန်းမာရေးဌာနမှ ကျောင်းအတွင်းနှင့် မုန့်ဈေးတန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စစ်ဆေးသွားမည့် အစီအမံများကိုလည်းကောင်း၊ ခရိုင်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိဦးအောင်သိုက်ဦးက စားသုံးသူရေးရာ ဦးစီးဌာနနှင့်ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ ကျောင်း ကျန်းမာရေးဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ခရိုင်စားသုံးသူ ကိုယ်စားလှယ် ဦးဟံဝင်းအောင်က ကျောင်းမုန့်ဈေးတန်းများတွင် ကျောင်းသားများအတွက် အန္တရာယ်ရှိစေနိုင်သော အစားအသောက်များ ရောင်းချမှုမရှိစေရေးအတွက် ဌာနဆိုင်ရာများနှင့် မိဘဆရာအသင်းပူးပေါင်းသွားနိုင်မည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဒေါ်ခင်မာချိုက ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက် အကြံပြုချက်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**လှိုင်ထွန်း**

# မြောင်းမြခရိုင် စားသုံးသူကာကွယ်ရေးအသင်း စတင်ဖွဲ့စည်း

မြောင်းမြခရိုင်စားသုံးသူကာကွယ်ရေးအသင်း စတင် ဖွဲ့စည်းခြင်း အခမ်းအနားကို မေလ ၂၇ ရက်က မြောင်းမြခရိုင် စားသုံးသူရေးရာ ဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံး၊ အစည်းအဝေး ခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြောင်းမြခရိုင် စားသုံးသူရေးရာ ဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးတိုးလွင်က မြောင်းမြခရိုင် စားသုံးသူကာကွယ်ရေးအသင်း ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်နှင့်ဌာန၏ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှု၊ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဆောင်ရွက်မှုနှင့် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (Consumer Information and Complaint Center) ဖွင့်လှစ် ဆောင်ရွက်မှုအခြေအနေ များကို ရှင်းလင်းဆွေးနွေးပါသည်။

ဆက်လက်၍ ဥက္ကဋ္ဌ၊ ခရိုင်ရွေးကောက်ပွဲ ကော်မရှင် ဦးဝင်းစိန်က မြောင်းမြခရိုင်စားသုံးသူ ကာကွယ်ရေးအသင်း ရွေးချယ်တင်မြှောက်ခြင်း အစီအစဉ် အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်း ပြီး နာယကနှစ်ဦး၊ အကြံပေးသုံးဦး၊ အလုပ်အမှုဆောင် ၁၅ ဦးနှင့် အသင်းဝင်ကိုးဦး စုစုပေါင်း ၂၉ ဦးဖြင့် ရွေးချယ်တင်မြှောက်အတည်ပြုပြီး စတင်ဖွဲ့စည်းခဲ့ပါသည်။

မြောင်းမြခရိုင် စားသုံးသူ ကာကွယ်ရေးအသင်း၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရသူ တိုင်းရင်းဆေးသမားတော်ကြီး ဦးထိန်ဝင်းက ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် အဖွဲ့ဝင်များကလည်း ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့ကြပါသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာ အငြိမ်းစားအရာရှိများ၊ ပညာရှင်များနှင့် လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများ စုစုပေါင်း ၄၁ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**တိုးလွင်(မြောင်းမြ)**

# ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၄/ ၂၀၁၇) ကျင်းပ

စားသုံးသူရေးရာဦးစီးဌာန ကရင်ပြည်နယ် ဦးစီးမှူးရုံးတွင် မေ ၃၁ ရက်က ကရင်ပြည်နယ် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်း ကော်မတီနှစ်ရပ်တို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၄/ ၂၀၁၇) ကို ကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။

အစည်းအဝေးသို့ ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ကရင် ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ကိုယ်စားအဖွဲ့ အတွင်းရေးမှူး ဦးတင့်ဆန်းက စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ ဥပဒေအရ တာဝန်နှင့်လုပ်ပိုင်ခွင့်များ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူးနှင့် စားသုံးသူ တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၊ ထုတ်ကုန်များလုံခြုံ စိတ်ချရမှုဆိုင်ရာ လုပ်ငန်း ကော်မတီများမှ အတွင်းရေးမှူးများ အစားထိုးခန့်ထားရေး၊ ဈေးများသို့ အပတ်စဉ် ကွင်းဆင်းစစ်ဆေးသွားရေး၊ ကုန်စည်များသာမက ဝန်ဆောင်မှုပိုင်းများအား ဂရုစိုက် ဆောင်ရွက်သွားရေး စသည့်အခြေအနေတို့ကို ဆွေးနွေးပါသည်။ ၎င်းနောက် တက်ရောက်လာသော ကော်မတီဝင်များက ပေါင်းစပ်ဆောင်ရွက်သင့်သည့် ကိစ္စရပ်များ ဆွေးနွေးခြင်း၊ အသိပညာပေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းစသည်များတွင် ပူးပေါင်းပါဝင်မှု အခြေအနေများကို ဆွေးနွေးကြကြောင်း သတင်းရရှိပါသည်။

**ခင်ကြည်(ကရင်ပြည်နယ်)**

# ယင်းမာပင်ခရိုင်တွင် မေလအတွင်း စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ယင်းမာပင်ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးစိုးငြိမ်း ဦးဆောင်၍ ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ်များတွင် မေလအတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ခုနစ်ကြိမ်၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးမှု တစ်ကြိမ်၊ စည်ပင်သာယာဈေးစစ်ဆေးခြင်းနှစ်ကြိမ်၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး အစည်းအဝေးတစ်ကြိမ်၊ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲတစ်ကြိမ် ပြုလုပ်နိုင်ခဲ့ပါသည်။

ယင်းမာပင်ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ယင်းမာပင်မြို့နယ် ရွာသာယာ ကျေးရွာနှင့် ကံသာကျေးရွာ ဓမ္မစကူးကျောင်း၊ ကနီမြို့နယ်ဒေါင်းခြံကျေးရွာလူထု၊ ဆားလင်းကြီးမြို့နယ် တောင်ပလူကျေးရွာ ဓမ္မစကူးသင်တန်းကျောင်းနှင့် တုံအလယ်ရွာ ဓမ္မစကူးသင်တန်းကျောင်း၊ ပုလဲမြို့နယ် ‘ထွန်းမှ ထွန်း’ ဘော်ဒါဆောင်နှင့် ‘ရှင်းသန့်’ ဘော်ဒါဆောင်များသို့ သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခဲ့ပြီး ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီးစည်ပင်သာယာဈေးနှင့် ယင်းမာပင်မြို့မစည်ပင်သာယာဈေးများသို့ သွား၍ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိ/မရှိ ဈေးကွက် စောင့်ကြည့်လေ့လာရေးအရ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ယင်းမာပင်ခရိုင်၊ ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် သွားရောက်ဟောပြောသည့် ကျေးရွာများ၊ ဓမ္မစကူးသင်တန်းကျောင်းများ၊ ဘော်ဒါဆောင်များ၊ စည်ပင်သာယာဈေး ရှိဈေးများအား ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန်မသင့်၍ တရားဝင်ထုတ်ပြန်ထားသော အန္တရာယ်ရှိအစားအသောက်များကို မစားသုံးရန်နှင့် မရောင်းချရန်၊ ဓာတုဆိုး ဆေးပါသည့် အစားအသောက်များ၊ အချိုမှုန့် လွန်ကဲစွာ စားသုံးခြင်းများ၊ မသန့်ရှင်းသည့် ဆီနှင့်ပြန်ကြော်ဆီစားသုံးခြင်းတို့၏ အန္တရာယ်ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရပါသည်။ အဆိုပါဆွေးနွေးဟောပြောပွဲသို့ တက်ရောက်လာသည့် စားသုံးသူမိဘ ပြည်သူများနှင့် ကုန်ပစ္စည်းရောင်းချသူများအား ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန် မသင့်၍ တရားဝင်ကြော်ငြာထားသော အစားအသောက်စာရင်း ၁၆၉ စုံနှင့် ဌာနမှ ထုတ်ဝေသောလက်ကမ်းစာစောင် ၃၈၀ စောင်ဖြန့်ဝေခဲ့ပြီး အဆိုပါဟောပြောဆွေးနွေးပွဲများသို့ စားသုံးသူမိဘပြည်သူ စုစုပေါင်း ၅၄၀ ဦးတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုးမြင့်(ယင်းမာပင်)**

# မွန်ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့်လုပ်ငန်းကော်မတီ နှစ်ရပ်တို့၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၃/၂၀၁၇) ကျင်းပ

မွန်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် စားသုံးသူ တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်း ကော်မတီ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီနှစ်ရပ်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/ ၂၀၁၇) ကို မေ ၂၆ ရက်က မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် မွန်ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်၊ စီမံ ကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၊ ဝန်ကြီးဦးဝဏ္ဏကျော်က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ဆက်လက်၍ မွန်ပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးဦးစိုးသန်းအေးက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်၊ ၂၀၁၇ ခုနှစ် ဧပြီလနှင့် မေလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။

ဆက်လက်၍ မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူးဦးခင်အောင်သွင်က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များကို ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား တင်ပြခဲ့ပြီးအစည်းအဝေးတွင် ဆုံးဖြတ်ရမည့်အချက်များအား တင်ပြဆွေးနွေးရာ တက်ရောက်လာသူများက ဝိုင်းဝန်းပူးပေါင်းအကြံပြုဆွေးနွေးချက်များအား ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးနှင့် ဒုတိယပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါသည်။

အစည်းအဝေးသို့ မွန်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်၊ စီမံ ကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၊ ဝန်ကြီးဦးဝဏ္ဏကျော် အပါအဝင်၊ အတွင်းရေးမှူး၊ လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ အဖွဲ့ဝင်များ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုး(မွန်)**

# GOLDEN DUCK RESTAURANT

**Golden Duck Restaurant (ဆရာစံ)**

အမှတ် (၁/၅- E )၊ဆရာစံလမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်။ ဖုန်း-၀၉ ၇၃၁၆၃၃၆၆၊၀၉ ၄၄၃၁၆၃၃၇၇၊၀၉ ၇၃၁ ၆၃၃၈၈။

**Golden Duck Restaurant**

အမှတ် (၂၂၂/၂၂၄) ကမ်းနားလမ်း၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်။ ဖုန်း-၀၁ ၂၄၁၂၃၄၊၀၁ ၃၇၂၆၀၃၊၀၁ ၃၈၉၇၆၄။

**Golden Duck Restaurant (ကန်တော်မင်)**

ဦးဝိစာရလမ်း၊ကန်တော်မင်္ဂလာပန်းခြံ၊ဒဂုံမြို့နယ်၊ရန်ကုန်။ ဖုန်း-၀၁ ၂၄၀၂၁၆၊၀၁ ၇၀၆၄၈၈၊၀၉ ၇၃၂ ၂၉၂၃၃

**Golden Duck Restaurant (Junction-8)**

ပြည်လမ်း(Junction-8)၊မြိုင်ဟေဝန်ပန်းခြံ၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်။ ဖုန်း-၀၉ ၈၆၁ ၇၄၇၇၊၀၉ ၇၃၃ ၅၅၇၃၃၊၀၉ ၇၃၃ ၅၅၇၅၅

**Junior Duck Restaurant**

နန်းသိတာအဆောက်အဦး၊ပန်းဆိုးတန်းဆိပ်ကမ်း၊ရန်ကုန်။ ဖုန်း-၀၁ ၂၄၉၄၂၁၊၀၉ ၈၆၁ ၄၅၅၄၊၀၉ ၄၂၁ ၁၄၄၆၆၀၊

**Golden Duck Restaurant (မန္တလေး)**

အမှတ် (၁၉၂)၊လမ်း (၈၀)၊၁၆လမ်းထောင့်၊မန္တလေး။ ဖုန်း ၀၂ ၃၆၈၀၈၊၀၂ ၇၂၉၂၁။

**Tin-R Restaurant**

အမှတ် (၃၀၉)၊ကျုံးကြီးလမ်း၊၄လမ်းထောင့်၊လမ်းမတော်မြို့နယ်၊ရန်ကုန်။ဖုန်း-၀၁ ၂၂၁၈၅၄၊၀၁ ၂၂၂၆၆၀။

**The Palace By Golden Duck**

၃၅ လမ်းနှင့် ၅၂လမ်းထောင့်၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး။ဖုန်း-၀၉ ၇၇၈ ၈၆၆၈၁၁၊၀၉ ၇၇၈ ၈၆၆၈၂၂၊၀၉ ၇၇၈ ၈၆၆၃၃။

**SUCCESS PARTNER**
Company Limited



No.701, Room 26, 1st Floor, Classic Starand Condominium,
Marchant Road, (3) Ward, Pabedan Township, Yangon, Myanmar.
Ph : + 959-261198077, +959-2629 83939
Gmail : successpartner.2014@gmail.com
www.successpartnersmm.com

**C B Insurance**
Citizen Business Insurance Public Ltd.
နိုင်ငံသားစီးပွားရေးအာမခံ (အများပိုင်)လီမိတက်



ကုမ္ပဏီဝန်ထမ်းများနှင့် စက်ရုံ၊ အလုပ်ရုံ လုပ်သားများအတွက်
အသက်(၁၈)နှစ်မှ (၆၀)နှစ်အတွင်းရှိဝန်ထမ်းများ
ပရီမီယံနှုန်းထားသက်သာစွာဖြင့်

- မတော်တဆထိခိုက်ဒဏ်ရာရခြင်း၊
- ထာဝစဉ်မသန်မစွမ်းဖြစ်ခြင်း၊
- သေဆုံးခြင်းတို့အတွက်

အကျိုးခံစားခွင့်များ ရရှိနိုင်သော...

**စုပေါင်းအသက်အာမခံ**

**GROUP LIFE INSURANCE**
စုပေါင်းအသက်အာမခံ

အာမခံထားငွေ၏ ၁% ကိုသာပရီမီယံကြေးပေးသွင်းရပါသည်။

www.cbinsurance.com.mm

Co-Operative Business Center
Sayarsan Plaza, 5 Sayasan Road, Bahan Township, 11201, Yangon, Myanmar.
Hot Line : 01 860 4506
Fax : 01 860 4508
www.facebook.com/cbinsurance
contact@cbinsurance.com.mm

# ထိုင်းနိုင်ငံ သကြား ကုန်သွယ်မှု စနစ်သစ်ကို နိုဝင်ဘာလတွင်စတင်မည်

■ နှစ်နိုင်ငံ

ထိုင်းနိုင်ငံသည် ကမ္ဘာ့သကြား တင်ပို့မှု ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ၂၀၁၇ ခုနှစ်အတွက် သကြားကုန်သွယ်မှုစနစ်သစ်အား စတင် ဆောင်ရွက်တော့မည်ဖြစ်ကြောင်း၊ WTO ၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လယ်ယာစိုက်ပျိုးရေးထွက်ကုန် ၁၈ မျိုးအပေါ် နိုဝင်ဘာတွင် စနစ်သစ်ဖြင့် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ပြောင်းလဲလာမည့် စနစ်အသစ်မှာ ပြည်တွင်း စားသုံးမှု ဖူလုံရေးကို အဓိကပုံဖော်ထားပြီး သကြားစက်ပိုင်ရှင်များနှင့် စက်မှုလုပ်ငန်းတို့အပေါ် စွန့်စားမှုအန္တရာယ်များ ဖြစ်ပေါ်စေနိုင်ပါသည်။ ကြံနှင့်သကြားဘုတ်အဖွဲ့(OCSB) အထွေထွေ အတွင်းရေးမှူး ဆွန်ဆတ်က ပြောကြားရာတွင် သကြားကုန်သွယ်မှုနှင့် ပတ်သက်သည့် စနစ်သစ် ဆောင်ရွက်ရာ၌ စိုက်ပျိုး ထုတ်လုပ်သူ လယ်သမားများ၊ သကြားစက်ပိုင်ရှင်များနှင့် အစိုးရတာဝန်ရှိသူတို့ သဘောတူညီခဲ့ကြခြင်းဖြစ်ကြောင်း၊ ဆယ်စုနှစ်သုံးခုခန့်ခွဲတမ်းစနစ် ကျင့်သုံးခဲ့ခြင်းကို ရုပ်သိမ်းသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ အဖွဲ့ဝင်အားလုံးတို့သည် စနစ်သစ်ကို သဘောတူညီခဲ့ကြပြီး၊ ဥပဒေသစ်အရ လိုက်နာဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ စနစ်သစ်အား ကြံရိတ်သိမ်းမည့် ရာသီဖြစ်သည့် နိုဝင်ဘာလတွင် စတင်မည်ဖြစ်ကြောင်း မစ္စတာဆွန်ဆတ်က ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံသည် WTO ၏ ခွဲတမ်းစနစ် ရုပ်သိမ်းမှုကို သဘော တူညီခဲ့ကြောင်း၊ ယခင်ခွဲတမ်း A စနစ်အရ တစ်နှစ်လျှင် သကြား တန်ချိန် ၂ ဒသမ ၂ သန်းမှ ၂ ဒသမ ၅ သန်းထိ ပြည်တွင်း စားသုံးမှုအတွက် ထားရှိရကြောင်း၊ ယခုစနစ်သစ်အရ ကမ္ဘာ့သကြား တင်ပို့မှု အများဆုံးဖြစ်သည့် ဘရာဇီးနိုင်ငံအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်ပေါ်လာစေနိုင်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ ဘရာဇီးနိုင်ငံက ပြောကြားရာတွင် ထိုင်းနိုင်ငံ၏ သကြားထုတ်လုပ်မှုအပေါ် ထောက်ပံ့ငွေပေးခြင်းသည် ကမ္ဘာ့သကြားဈေးနှုန်းကို ကျဆင်းစေနိုင်ကြောင်း၊ ထိုင်းနိုင်ငံကို ဈေးကွက်ဝေစု အကြီးမားဆုံးရရှိစေနိုင်ပြီး ထုတ်လုပ်မှုစရိတ် မြင့်မားသော ဘရာဇီးအတွက် အခက်အခဲ ဖြစ်စေနိုင်ကြောင်း၊ ယခု ဆောင်ရွက်မှုသည် နိုင်ငံတကာ ကုန်သွယ်ရေး သဘောတူညီချက်နှင့် ကိုက်ညီမှုမရှိကြောင်း ပြောကြားပါသည်။

ကြံနှင့် သကြား ရန်ပုံငွေ ထောက်ပံ့မှုသည် ကြံစိုက်ပျိုးသူများနှင့် သကြားစက်ပိုင်ရှင်တို့အကြား အမြတ်ငွေ ခွဲဝေမှုကို ၇၀ အချိုး ၃၀ ဖြင့် ထောက်ပံ့ပေးထားကြောင်း၊ ရန်ပုံငွေ လိုအပ်မှုသည် နှစ်စဉ် တိုးတက်လျက်ရှိကြောင်း၊ ရန်ပုံငွေ လုံလောက်မှုမရှိပါက အစိုးရပိုင် စိုက်ပျိုးရေးဘဏ်နှင့် သမဝါယမဘဏ်များမှ ချေးငွေရယူ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ခွဲတမ်း A စနစ်ကို ပယ်ဖျက်ပြီးပါက သကြား စက်ပိုင်ရှင် ၅၀ ခန့်တို့သည် လစဉ်ပြည်တွင်းသကြားဖြူ လိုအပ်မှုအတွက် လုံလောက်စွာ ထုတ်လုပ်ပေးရမည့် ပမာဏသတ်မှတ်ချက် အားတောင်းဆိုလာဖွယ်ရှိကြောင်း ဆွန်ဆတ်က ပြောကြားခဲ့ပါသည်။

လစဉ်သကြားလက်ကျန် ထားရှိရမည့် ပမာဏကို စက်ရုံပိုင်ရှင် တစ်ဦးချင်းက မိမိတို့ ထုတ်လုပ်နိုင်မှု ပမာဏအပေါ် သတ်မှတ်ရမည် ဖြစ်ကြောင်း၊ စက်ရုံကြီးလေလေ လက်ကျန်များများ ထားရှိရန် လိုအပ်လေလေဖြစ်နိုင်ကြောင်း ပြောကြားခဲ့ပါသည်။ တစ်နှစ်လျှင် သကြားတန်ချိန် ၁၀ သန်း ထုတ်လုပ်မည်ဆိုပါက လက်ကျန်တန်ချိန် တစ်သန်း ထားရှိရမည်ဖြစ်ကြောင်း ဆွန်ဆတ်က ပြောကြားပါသည်။ ယခုစနစ်သစ်သည် လက်ကျန် သိုလှောင်မှုစရိတ်အပေါ် တိုးမြှင့် ကုန်ကျစေမည် မဟုတ်ဘဲ ယခင်က ခွဲတမ်း A စနစ်အရ ထိန်းသိမ်းထားရသည့် စရိတ်နှင့် တူညီပါကြောင်း ဆက်လက် ပြောကြားခဲ့ပါသည်။ သကြားစက်ပိုင်ရှင်များအတွက်မူ လစဉ်ပြည်တွင်းသကြား လိုအပ်မှုအပေါ် ရောင်းချသွားရမည်ဖြစ်ပြီး ခွဲတမ်း A သတ်မှတ် ချက်ကဲ့သို့ သီးခြားလက်ကျန် ထိန်းသိမ်းထားရမည့် ကန့်သတ်ချက် မရှိနိုင်တော့ကြောင်း၊ ယခုစနစ်သစ်အရ ပြည်တွင်းစားသုံးမှုအတွက် လုံလောက်သော လက်ကျန်ကို အမြဲထားရှိရမည်ဖြစ်ကြောင်း၊ ရောင်းချရန် ခွင့်ပြုသည့် အချိန်မတိုင်မီ လက်ကျန် ပြတ်လပ်ခြင်း မရှိအောင် ထိန်းသိမ်းပေးထားရမည်ဖြစ်ကြောင်း၊ ယခင်ကကဲ့သို့ လွယ်ကူစွာ ရောင်းချခြင်းကို ပြုလုပ်နိုင်တော့မည် မဟုတ်ကြောင်း ထိုင်းနိုင်ငံ သကြားစက်ပိုင်ရှင်များ အသင်းဥက္ကဋ္ဌ ဆီရီဗတ်က ပြောကြားပါသည်။ အလားတူ ထိုင်းနိုင်ငံ၏ လက်လီဈေးနှုန်း ပုံသေ သတ်မှတ်ချက်စနစ်ကိုလည်း WTO ၏ လွတ်လပ်စွာ ကုန်သွယ်ရေး စည်းမျဉ်းနှင့်အညီ ရုပ်သိမ်းသွားရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

သကြားသည် အခြေခံစားသောက်ကုန် လုပ်ငန်းများအတွက် အဓိက ကုန်ကြမ်းပစ္စည်းဖြစ်၍ သကြားဈေးနှုန်း ပြောင်းလဲမှုသည် စားသောက်ကုန်ဈေးနှုန်းအပေါ် တိုက်ရိုက် ရိုက်ခတ်စေနိုင်ကြောင်း၊ အစိုးရအနေဖြင့် သကြားဖြူ လက်လီဈေးနှုန်းအား ယခုနှစ်အတွက် တစ်ကီလိုလျှင် ၂၂ ဒသမ ၅ ဘတ် သတ်မှတ်ထားကြောင်း ပြောကြားခဲ့ပါသည်။ လက်လီ ပုံသေဈေး ပယ်ဖျက်ပါက ကြံနှင့် သကြားဘုတ်အဖွဲ့ (OCSB) မှ လစဉ်

စာမျက်နှာ (၃၁) သို့ ➢

# သကြားတင်သွင်းမှုကို တရုတ်နိုင်ငံက အကောက်ခွန်နှုန်းထား တိုးမြှင့်

■ နှစ်နိုင်ငံ

မေ ၂၂ ရက်တွင် တရုတ်နိုင်ငံက သတင်းထုတ်ပြန်ရာ၌ ပြည်တွင်း သကြားစက်ရုံများအား ဆွဲဆောင်နိုင်ရန်အတွက် သကြားတင်သွင်းမှုများအပေါ် ကြီးလေးသော ပြစ်ဒဏ်များ ချမှတ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသော်လည်း ရေရှည်တွင် ပြည်တွင်း သကြားဈေးနှုန်းကို ကျဆင်းအောင် ဆောင်ရွက်နိုင်မည်မဟုတ်ဟု ကျွမ်းကျင်သူများက သုံးသပ်ကြပါသည်။

ယခုစည်းမျဉ်းသည် နှစ်စဉ် တရုတ်နိုင်ငံ၏ သကြားတင်သွင်းမှုအပေါ် သုံးပုံတစ်ပုံခန့် အကျိုး သက်ရောက်စေမည်ဖြစ်ကြောင်း၊ ထပ်ဆောင်း အခွန်နှုန်းထားကို လာမည့် သုံးနှစ်အတွင်း ဆက်တိုက် ကောက်ခံသွားမည်ဖြစ်ကြောင်းနှင့် ပြည်တွင်း စက်မှုလုပ်ငန်းရှင်များအတွက် ကြီးမားသောအန္တရာယ် တွေ့ကြုံနေမှုကို တားဆီးသွားရန်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ယခုပြင်ဆင်သတ်မှတ်ချက်သည် ကမ္ဘာ့ထိပ်တန်း သကြားတင်ပို့သည့်နိုင်ငံများဖြစ်သော ဘရာဇီးနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အပေါ် ထိခိုက်စေမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ သကြားဈေးနှုန်းမှာ အပြည်ပြည်ဆိုင်ရာ သကြားဈေးနှုန်းနှင့်များစွာ ကွာခြားနေကြောင်း၊ တရုတ်ပြည်တွင်းသကြားဈေးနှုန်းသည် လန်ဒန် ဈေးကွက် သကြားဈေးနှုန်းထက် နှစ်ဆခန့် ပိုမိုမြင့်တက်နေကြောင်း ပြောကြားခဲ့ပါသည်။ သို့သော်လည်း ကုန်သွယ်သူများက ခန့်မှန်း ပြောကြားကြရာတွင် ယခုအခွန်နှုန်း တိုးမြှင့်မှုသည် တောင်ပိုင်းဒေသမှ မှောင်ခိုတင်သွင်းမှုကို အားပေးသကဲ့သို့ ဖြစ်စေနိုင်ကြောင်း၊ အဓိက တင်သွင်းသူများသည် ယခုအစီအစဉ်တွင် မပါဝင်သည့် နိုင်ငံများ (တတိယနိုင်ငံများ) မှတစ်ဆင့် ပြောင်းလဲတင်သွင်းသွားကြမည် ဖြစ်ကြောင်း သုံးသပ်ကြပါသည်။

သကြားသည် တရုတ်နိုင်ငံ၏ ပမာဏနည်းပါးသော သွင်းကုန်တစ်ခုသာ ဖြစ်ကြောင်း၊ လယ်သမားများအနေဖြင့် ယှဉ်ပြိုင်နိုင်မှုအတွက် စရိတ်မြင့်မားစွာ သုံးစွဲနေရကြောင်း၊ တစ်နှစ်လျှင် သကြား တန်ချိန် ၁၀ ဒသမ ၅ သန်းခန့် ထုတ်လုပ်နိုင်ရန်များစွာ ကြိုးစားနေရကြောင်း ပြောကြားပါသည်။ နိုင်ငံအတွင်းသို့ တစ်နှစ်လျှင် တန်ချိန် သုံးသန်းခန့် တင်သွင်းနေသည့်အနက် ပေကျင်းသို့ တရားမဝင် ဝင်ရောက်လာသော သကြားတန်ချိန် နှစ်သန်းခန့်အား လျှော့ချနိုင်ရေးကို ကြိုးစားနေရကြောင်း သတင်းရင်းမြစ်များမှ သိရှိရပါသည်။

လတ်တလောတွင် တရားမဝင် တင်သွင်းမှု ယာယီလျော့ကျနေသော်လည်း ပြည်တွင်း သကြားဈေးနှုန်း တိုးမြှင့်မှုကြောင့် မှောင်ခိုတင်သွင်းမှု ကြီးထွားလာနိုင်ကြောင်း ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့ Green Pool Commodities မှ Director Tom McNeil က ပြောကြားခဲ့သည်။ ယခုနောက်ဆုံး ထုတ်ပြန်သော စည်းမျဉ်းအရ သေးငယ်သော နိုင်ငံနှင့် ဒေသ ၁၉၀ ခန့်မှာမူ အခွန်နှုန်း တိုးမြှင့်ခြင်းမှ ကင်းလွတ်ခွင့်ရရှိနေကြောင်း၊ နိုင်ငံတောင်ပိုင်း နယ်စပ်နှင့် နီးစပ်သော ဖိလစ်ပိုင်၊ ပါကစ္စတန်၊ မြန်မာကဲ့သို့ နိုင်ငံများဖြစ်ကြောင်း ပြောကြားသွားပါသည်။

ကာလတိုအတွက် ပြည်တွင်း စက်မှုလုပ်ငန်းကို ထောက်ပံ့ပေးနိုင်မည်ဖြစ်သော်လည်း ကမ္ဘာ့သကြား (အကြမ်း) ဈေးနှုန်းကို တစ်ပေါင်လျှင် ၁၅ ဆင့်အောက် လျော့ကျမှသာ တင်သွင်းသူများအတွက် အကျိုးအမြတ်ရရှိစေမည်ဖြစ်ကြောင်း၊ မေ ၁၉ ရက်က ကမ္ဘာ့သကြား (အကြမ်း) ဈေးနှုန်း မှာ ၁၇ ဆင့်ဖြစ်ကြောင်း တရုတ်အခြေစိုက် ကုန်သည်လုပ်ငန်းရှင်များက ပြောကြားခဲ့ပါသည်။

လောလောဆယ်တွင် တရုတ်နိုင်ငံအနေဖြင့် တစ်နှစ်လျှင် သကြား တန်ချိန် ၁ ဒသမ ၉၄ သန်း အပေါ် အကောက်ခွန်နှုန်း ၁၅ ရာခိုင်နှုန်းဖြင့် ခွင့်ပြုပေးလျက်ရှိကြောင်း WTO ၏ စည်းမျဉ်းနှင့်အညီ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ၎င်းထက်ပိုမိုသော သကြားများအတွက် အခွန် ၅၀ ရာခိုင်နှုန်း ကောက်ခံလျက်ရှိကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် အခွန်နှုန်းထား ၄၅ ရာခိုင်နှုန်း ထပ်တိုးကောက်ခံသွားမည်ဖြစ်ကြောင်း၊ စုစုပေါင်း အခွန်နှုန်းထားမှာ ၉၅ ရာခိုင်နှုန်းဖြစ်ကြောင်း၊ လာမည့်နှစ်တွင် အခွန်နှုန်းထား ၉၀ ရာခိုင်နှုန်း၊ နောက်တစ်နှစ်တွင် အခွန်နှုန်းထား ၈၅ ရာခိုင်နှုန်းသို့ ပြန်လည် လျှော့ချသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခဲ့ပါသည်။

ယခုထုတ်ပြန်ချက်သည် တရုတ်အစိုးရအတွက် နိုင်ငံတော်က အရန်ထားရှိသော သကြားများမှ ပိုမိုထုတ်ယူ ဖြန့်ဖြူးရောင်းချပေးရန် ဖိအားတစ်ရပ် ဖြစ်လာကြောင်း၊ ပြည်တွင်းဈေးနှုန်း ကြီးမြင့်မှုနှင့် ကုန်ပစ္စည်းပြတ်လပ်မှုကို ကာကွယ်ရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။ ကုန်သည်လုပ်ငန်းရှင်များ၏ ကြိုတင်ခန့်မှန်းချက်အရ သကြားတင်သွင်းမှုသည် ယခုအစီအစဉ် မူကြမ်းအဆိုပြုတင်သွင်းခဲ့သည့် ဧပြီလမှစ၍ တစ်ရာခိုင်နှုန်းခန့် လျော့နည်းသွားမည်ဖြစ်ကြောင်း ခန့်မှန်းပြောဆိုခဲ့ပါသည်။

ယခုအခွန်နှုန်းထားကြောင့် ကမ္ဘာ့တတိယ သကြားထုတ်လုပ်မှုအများဆုံး ဖြစ်သည့် ထိုင်းနိုင်ငံအတွက် အနည်းငယ်သာ ထိခိုက်ကြောင်း၊ ထိုင်းနိုင်ငံ၏ စက်ရုံပိုင်ရှင်များအတွက် တရုတ်နိုင်ငံသို့ သယ်ပို့ရာတွင် ဘရာဇီးနှင့် ဩစတြေးလျတို့ထက် ကုန်ကျစရိတ် သက်သာကြောင်း၊ ထို့ကြောင့် ထိုင်းနိုင်ငံ၏ သကြား တင်ပို့မှုကို များစွာထိခိုက်စေမည် မဟုတ်ကြောင်း၊ Thai Sugar Millers Corp Ltd မှ ဥက္ကဋ္ဌ Viboon Panitwong က ခန့်မှန်းပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံသည် နှစ်စဉ် သကြား တန်ချိန် သုံးသိန်းမှ လေးသိန်းအထိ တရုတ်နိုင်ငံသို့ တင်ပို့နေကြောင်း၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့သို့ အများအပြား ရောင်းချလျက်ရှိကြောင်း၊ အကြောင်းမှာ အဆိုပါနိုင်ငံများသည် တရုတ်နိုင်ငံသို့ Re-export စနစ်ဖြင့် တင်ပို့နေသော နိုင်ငံများဖြစ်ကြကြောင်း သုံးသပ်ပြောကြားခဲ့ပါသည်။

Source : (၂၃-၅-၂၀၁၇)
**ရက်နေ့ထုတ် ထိုင်းနိုင်ငံ Bangkok Post သတင်းစာပါ “China raises duties on sugar imports”သတင်း**

# ayusi,fu jyecw, .




■ ခင်မောင်ညို(ဘောဂဗေဒ)

လွန်ခဲ့တဲ့ နှစ်နှစ်လောက်က တရုတ်-လူမှုရေးသိပ္ပံပညာအကယ်ဒမီ (China Academy Of Social Science -CASS) ကပြုလုပ်တဲ့ဆွေးနွေးပွဲတစ်ခုကို တက်ခဲ့ဖူးပါတယ်။ မှတ်မှတ်ရရ အဲဒီအကယ်ဒမီက ပြုလုပ်ခဲ့တဲ့ ဆွေးနွေးပွဲနှစ်ခု တက်ခဲ့ဖူးတယ်။ ဆွေးနွေးပွဲလုပ်တဲ့နေရာက ပေကျင်းနိုင်ငံတကာဟိုတယ်နဲ့နီးတော့ လမ်းလျှောက်သွားလို့ရတယ်။ နာမည်ကျော် တိန်ယန်မန်ရင်ပြင်ကို မြေအောက်ရထားနဲ့ သွားလို့ရသလို၊ လမ်းလျှောက်သွားရင် လေးဆယ့်ငါးမိနစ်လောက်ပဲ ကြာတယ်။ အခုတစ်ခေါက်တည်းရတဲ့ ဂျပန်ဟိုတယ်ကလည်း အဲဒီနားမှာဆိုတော့ ကိုယ့်အတွက် သိပ်မစိမ်းလှတဲ့ ပတ်ဝန်းကျင်ပါ။

ဆွေးနွေးပွဲမှာ နိုင်ငံတကာ (အာဖရိကတို့လိုနိုင်ငံတွေ၊ ဥရောပနိုင်ငံတွေ) က ပညာရှင်ပေါင်းစုံကို အများအပြားတွေ့ဖူးတာပါပဲ။ ဆွေးနွေးတဲ့ပုံစံက ဧည့်သည်တစ်ယောက်ပြော ပြီးရင် တရုတ်ပညာရှင်တစ်ယောက်က ပြန်ပြောတဲ့ အစီအစဉ်ပါ။ ကိုယ့်အလှည့်မှာတော့ ယူနန်တက္ကသိုလ်က မိတ်ဆွေဟောင်း တရုတ်ပါမောက္ခနဲ့ဆိုတော့ ပြဿနာမရှိဘူး။

ပြဿနာက ဂျပန်ပါမောက္ခအလှည့်။ လေယာဉ်ဆိုက်တာကလည်း နောက်ကျတယ်။ သူက တရုတ်ရဲ့ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု (OBOR) အစီအစဉ်ဟာ စီးပွားရေးအရ လုံးဝမဖြစ်နိုင်ဘူး။ လမ်းကြောင်းဖြတ်သန်းမယ့် တချို့နေရာတွေမှာဆို နေထိုင်တဲ့လူတောင်ရှိတာမဟုတ်ဘူးနဲ့ အတော်ကိုပြောတယ်။ ဘေးကလူတွေတောင် အားနာကြတယ်။ တရုတ်ဘက်ကလည်း ရေရေလည်လည် ပြန်ပြောတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံရဲ့ အမြင်နဲ့ကြည့်တယ်၊ ဘာညာပေါ့လေ။ ဂျပန်ပါမောက္ခကလည်း ခပ်ပြုံးပြုံးပဲ နားထောင်နေတယ်။

ဒီတစ်ခေါက် ပေကျင်းကိုရောက်တော့ အဲဒီအဖြစ်အပျက်ကို သတိသွားရတယ်။ အခုဆိုရင် ဂျပန်ပါမောက္ခ ဘယ်လိုများပြောမှာပါလိမ့်လို့ သိချင်တယ်။ ဒါပေမယ့် ဆက်သွယ်မေးမြန်းဖို့ဆိုတာက “ပွဲပြီးမီးသေ” ဆိုသလို၊ အဆက်အသွယ်လည်းမရှိ၊ နာမည်လည်း မမှတ်မိ။ သူ့ရဲ့လိပ်စာကတ်ပြားလည်း ရှာမတွေ့တော့။ မနှစ်က ကွန်ဖြူးရှပ်အသင်း အစည်းအဝေးမှာတွေ့ခဲ့တဲ့ လုပ်အားပေးသမီးလေးတစ်ယောက်နဲ့ပဲ ပြန်ဆုံတယ်။ တရုတ်လူမှုရေးသိပ္ပံပညာရှင် တစ်ယောက်နဲ့မှ မဆုံ။

နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၊ ရပ်ဝန်းလမ်းမ ကြိုးပမ်းအားထုတ်မှု ညီလာခံမှာ ကိုယ်စားလှယ် ၁၅၀၀ ခန့်တက်မယ်ဆိုတာကြားပေမယ့် ကိုယ်နဲ့ သိပ်ပြီး သက်ဆိုင်တယ်မထင်။ ခဏခဏရောက်ဖူး (မရောက်ရ၊ မဖူးရသေးတာက စွယ်တော်) နေတော့ သိပ်လည်း စိတ်မဝင်စားပေမယ့် အတော်လေးနောက်ကျပြီး ဆိုက်ဆိုက်မြိုက်မြိုက် ကိုယ်နဲ့လာပတ်သက်ရတယ်။ ညဏ်ကြီးရှင်အဖွဲ့ကြီးတစ်ဖွဲ့ရဲ့ ဥက္ကဋ္ဌက သူ့ ကိုယ်စားသွားစေချင်တယ်ဆိုလို့ လူကြီးစကား ငြင်းရမှာ အားနာတာနဲ့ လက်ခံလိုက်ပါတယ်။ မသွားမီ စာတမ်းတစ်စောင် ရေးပို့ရသေးတယ်။ သူ့ဆီက ပို့တဲ့ပုံစံတွေက ကိုယ်ဖြည့်တာ အဆင်မပြေလို့ ရုံးကပဲ ကူညီဆောင်ရွက်ပေးကြပါတယ်။

နောက်ပိုင်းမှာ ဒေါ်အောင်ဆန်းစုကြည် တက်မယ်ဆိုတဲ့ သတင်းကြားရပေမယ့် ကိုယ်နဲ့ဆုံဖို့က အဝေးကြီး။ ဖွင့်ပွဲလုပ်တဲ့ခန်းမထဲမှာ ထိုင်ခုံနေရာလိုက်ရှာတော့ မြန်မာဆိုပြီး ငါးခုံလောက်တွေ့တယ်။ ကိုယ့်နေရာမဟုတ်ဘူးလို့ ထင်တဲ့အတိုင်း ဝန်ကြီးတွေရောက်လာတယ်။ မိတ်ဟောင်းဆွေဟောင်းတွေ တရုတ်ရောက်မှတွေ့ရတယ်။ ခန်းမထဲထိုင်စရာမရှိတော့ အပေါ်ထပ်တက်သွားရတယ်။ ဒါတောင် လူတိုင်းကို ဝင်ခွင့်မပေးတာ တွေ့ရတယ်။ ညဏ်ကြီးရှင်အဖွဲ့က သံအရာရှိ ဟောင်းတစ်ဦးနဲ့ ကိုယ်နဲ့အတူလာကြတော့ လေယာဉ်ပျံအထိ လေကြောင်းလိုင်းက လာကြိုတာ ထူးထူးဆန်းဆန်းကိုဖြစ်လို့ အပြန်ကျလည်း ဒီပွဲလာတက်မှန်းသိတော့ (VIP) တဲ့။ တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါပဲ VIP ဖူးပါတယ်။ ရန်ကုန်လေဆိပ်ပြန်ရောက်တော့ VIP ဘဝက လွတ်ကရော။

တရုတ်ခေါင်းဆောင်နဲ့အဖွဲ့ဝင်လာတော့ ဒေါ်အောင်ဆန်းစုကြည်ကို လိုက်ရှာတယ်။ နိုင်ငံ့ခေါင်းဆောင်တွေက အမည်းရောင်ဝတ်ထားတဲ့ကြားမှာ ဒေါ်စုက အဝါရောင်ဝတ်ထားတော့ ရှာရတာလွယ်တယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ ရုရှားက ပူတင်တို့တစ်တွေလည်း မိန့်ခွန်းပြောကြတယ်။ တရုတ်လိုပြောရင် နားကြပ်ကနေ ဘာသာပြန်ပေးတာကို နားထောင်တယ်။ ဖွင့်ပွဲပြီးတော့ ခေါင်းစဉ် ခြောက်ခုခွဲပြီး ဆွေးနွေးကြတယ်။

ဖွင့်ပွဲမှာ မြန်မာလုပ်ငန်းရှင်တစ်ယောက်နဲ့ အရပ်ဘက်အဖွဲ့အစည်းက ပုဂ္ဂိုလ်တစ်ယောက်တို့ကို တွေ့လိုက်တယ်။ တရုတ်သံအမတ်ကြီးဟောင်းကိုလည်း တွေ့လိုက်တယ်။ ခန်းမအပေါ်ထပ်မှာ တရုတ်နိုင်ငံရောက်သံအမတ်တွေနဲ့ ဆုံကြတယ်။

ကမ္ဘာမှာ ဒုတိယအင်အားအကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်လာတဲ့ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံ ဆက်ဆံရေးအကြောင်း အများကြီး စဉ်းစားမိတယ်။

လွယ်လွယ်ပြောရရင် တရုတ်ဟာ စီးပွားရေးအင်အားတောင့်တင်းလာတော့ သူလုပ်ချင်တာတွေ လုပ်နိုင်တယ်။ ကမ္ဘာ့ခေါင်းဆောင်နေရာကိုလည်း ယူချင်ပုံရတယ်။ စိတ်ကောင်းနှလုံးကောင်းရှိကြောင်းလည်း ပြသချင်ပုံရတယ်။ သေချာပေါက်ပြောနိုင်တာက သူ့ရဲ့လှုပ်ရှားမှုတွေမှာ သူ့ရဲ့ကိုယ်ကျိုးစီးပွားလည်းမပါဘဲ မနေဘူး။

တရုတ်အတက်မှာ အမေရိကန်က အဆုတ်နဲ့ကြုံတွေ့ရတယ်။ တရုတ်က နိုင်ငံတကာအရေးကို အာရုံစိုက်လာချိန်မှာ၊ အမေရိကန်က ပြည်တွင်းရေးကို ဦးလှည့်တဲ့ ပုံစံရှိလေတော့၊ အမေရိကန်နဲ့ ပေါင်းချင်တိုင်း ပေါင်းလို့မရတဲ့အချိန်မှာ ပေါင်းစရာက တရုတ်ပဲရှိတယ်။ “အမေရိကန်အခက်၊ တရုတ်အချက်” လို့ ပြောမယ်ဆိုရင်တောင် ပြောနိုင်တယ်။ အမေရိကန်က ကိုယ်စားလှယ်လွှတ်ဖော်ရသေးတယ်။ အိန္ဒိယကတော့ ပါကစ္စတန်နဲ့ တရုတ်ဆက်ဆံရေးတွေ၊ အိန္ဒိယရဲ့အချုပ်အခြာအာဏာထိပါးရေးတွေနဲ့ အကြောင်းပြပြီး ညီလာခံကို မလာဘူး။ ဒီတော့လည်း ကျဆင်းနေတဲ့ အိန္ဒိယရဲ့ စီးပွားရေးကို မြင့်မားလာစေနိုင်တဲ့ အခွင့်အရေးတစ်ရပ်ဖြစ်တဲ့ တရုတ်ဆွမ်းကြီး လောင်းပွဲကို လက်လွှတ်ဆုံးရှုံးမှာပေါ့ဆိုတဲ့ ဝေဖန်ချက်တွေကိုလည်း တွေ့ရတယ်။ ဗြိတိန်လိုနိုင်ငံကတောင် လက်တွဲပါဝင်မယ်ဆိုတဲ့ အပြောအဆို အကမ်းအလှမ်းမျိုးကို တွေ့ရတယ်။

ဆိုလိုတာက အခက်အခဲတွေ၊ စိုးရိမ်ပူပန်မှုတွေ အတန်အသင့်ရှိကြပေမယ့် အခုအချိန်မှာ အထီးကျန်ဖြစ်မနေရစ်ဖို့ ဝိုင်းဝန်းကြိုးစားနေကြတယ်လို့ ခံစားမိတယ်။ အာရှနိုင်ငံတစ်နိုင်ငံက ပါမောက္ခတစ်ယောက်နဲ့ စကားပြောကြည့်တော့ သူက အကောင်းမြင်တယ်။ ဒီအချိန်မှာ တရုတ်ဆီက တောင်းဆိုတာတွေရနိုင်တယ်လို့ တွက်တယ်။

တရုတ်သမ္မတရဲ့ မိန့်ခွန်းမှာလည်း ကောင်းပေ့ညွှန့်ပေ့ဆိုတဲ့ စကားလုံးတွေ၊ ဝေါဟာရ တွေ၊ သဘောတရားတွေနဲ့အပြည့် အချုပ်အခြာအာဏာကို မထိပါးဘူး။ ပြည်တွင်းရေးကို ဝင်မစွက်ဘူးဆိုတဲ့အပြင် ကိုယ်ကျင့်တရားနဲ့ ပြည့်စုံ (Ethical) ရမယ်ဆိုတာပါ ၄၅ မိနစ် ကြာပြောတဲ့ မိန့်ခွန်းထဲမှာ ပါသွားသေး။

နိုင်ငံတကာ ခေါင်းဆောင်တွေကလည်း ဝိုင်းဝန်းထောက်ခံကြ၊ ချီးကျူးကြနဲ့ပေါ့လေ။ ဘာသာရပ်ခေါင်းစဉ်အလိုက် ဆွေးနွေးကြတဲ့အခါမှာတော့ စိုးရိမ်ပူပန်မှုတွေကို ပိုပြီး အသေးစိတ်ဆွေးနွေးလာကြတယ်။ ခေါင်းစဉ်ခြောက်ခုခွဲဆွေးနွေးကြရာမှာ တစ်ခုကို အစအဆုံးတက်ခွင့်ရပြီး Alibaba သူဌေးဂျက်မာနဲ့ စကားတစ်ခွန်းနှစ်ခွန်းပြောခွင့်ရတယ်။ မြန်မာပြည်က မိတ်ဆွေတွေက သူ့ကိုဖိတ်ခဲ့ပါဆိုလို့ တွေ့တာ၊ သူ့ခမျာ လိပ်စာကတ်တောင်ပေးမလောက်ဖြစ်နေပုံရပါတယ်။

မြန်မာပြည်ဟာ တရုတ်ရဲ့လမ်းစဉ်မှာ ရှောင်တိမ်းလို့မရ၊ ရှောင်တိမ်းနိုင်စွမ်းလည်းမရှိလို့ ဝေဖန်ကြတာတွေ ဖတ်ရပါတယ်။ အခွင့်အလမ်းလား၊ စွန့်စားစရာလားလို့လည်း မေးကြပါတယ်။ မှန်ပါတယ်။

အခွင့်အလမ်းရော၊ စွန့်စားမှုရောပါ။ တရုတ်နိုင်ငံက သူ့အလုပ်သူလုပ်သလို၊ မြန်မာနိုင်ငံကလည်း ကိုယ့်အလုပ်ကိုလုပ်ဖို့ လိုပါတယ်။ အခွင့်အလမ်းတွေ ဆုပ်ကိုင်နိုင်ဖို့၊ အန္တရာယ်တွေ လျော့ပါးစေဖို့ဆိုတာ ကိုယ့်ရဲ့အစွမ်းအစနဲ့လည်း ဆိုင်တယ်။ နိုင်ငံတကာပညာရှင်တွေ စုဝေးပြီး မေလ ၁၆ ရက်နေ့မှာ ဆွေးနွေးကြတော့ မြန်မာနိုင်ငံကပတ်ဝန်းကျင်ကို မထိခိုက်တဲ့၊ လူမှုဝန်းကျင်ကို မထိခိုက်စေတဲ့၊ တာဝန်ယူတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ လာစေချင်ပါတယ်ဆိုတဲ့ စကားကို လေးမိနစ်တာ ရသမျှအချိန်အတွင်း ပါးဖြစ်အောင်ပါးခဲ့ပါတယ်။

❑

စာမျက်နှာ (၃၀) မှ ➢ ထိုင်းနိုင်ငံ သကြား ..... မှအဆက်

ဈေးနှုန်းအား စံပြုသတ်မှတ်သွားရမည် ဖြစ်ကြောင်း၊ လန်ဒန်ဈေးကွက်ရှိ လစဉ် သကြားဖြူဈေးနှုန်းနှင့် အလားအလာအပေါ် အခြေပြုသတ်မှတ်သွားရမည် ဖြစ်ကြောင်း၊ လန်ဒန် ဈေးနှုန်းသည် ကမ္ဘာ့ဈေးနှုန်းအလားအလာကို ရည်ညွှန်းဖော်ပြနိုင်စွမ်းရှိ၍ ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

သကြားဈေးနှုန်းအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အနီးကပ် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း၊ ဈေးကွက် ဈေးနှုန်း (သို့မဟုတ်) စံသတ်မှတ်ဈေးနှုန်းအထက် အမြတ်ကြီးစား ရောင်းချမှုမရှိစေရေး ကြပ်မတ်သွားမည်ဖြစ်ကြောင်း ဆွန်ဆတ်က ပြောကြားပါသည်။ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များက ပြောကြားရာတွင် ကမ္ဘာ့သကြားဈေးနှုန်း မြင့်တက်လာပါက ပြည်တွင်း၌ သကြားပြတ်လပ်မှု ဖြစ်ပေါ်သွားစေနိုင်ကြောင်း၊ ထိုင်း နိုင်ငံ၏ သကြားထုတ်လုပ်မှုစရိတ်သည် အခြားသကြားတင်သွင်းသည့် နိုင်ငံများထက် နိမ့်ကျကြောင်း၊ ဤအချက်ကြောင့် အမြတ်ကြီးစားများအတွက် ထိုင်းနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော CLMV နိုင်ငံများသို့ မှောင်ခိုရောင်းချမှုကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ အဆိုပါ နိုင်ငံများ၏ သကြားဈေးနှုန်းသည် ထိုင်းနိုင်ငံပြည်တွင်းမှ လက်လီဈေးနှုန်းထက် ၄၀ ရာခိုင်နှုန်းခန့် မြင့်မားနေ၍ ဖြစ်ကြောင်း ပြောကြားသွားပါသည်။ ကမ္ဘာ့သကြားဈေးနှုန်းသည် လွန်ခဲ့သည့် နှစ်များအတွင်း အနည်းငယ် ကျဆင်းခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်က သကြား တစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ ၃၆ ဆင့်မှ ယမန်နှစ်နှစ်ကုန်ပိုင်းတွင် ၁၁ ဆင့်အထိ ကျဆင်းခဲ့ကြောင်း၊ ၎င်းမှာ သကြားအလျှံပယ် ပိုလျှံခဲ့ခြင်းနှင့် ကမ္ဘာ့စီးပွားရေး ကျဆင်းမှုကြောင့် ဝယ်လိုအား လျော့နည်းသွား၍လည်း ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ယခုနှစ်တွင် နယူးယောက်ရှိ သကြား(အကြမ်း) အခြေခံ ဈေးနှုန်းမှာ ၅၀ ရာခိုင်နှုန်းခန့် တိုးတက်လာပြီး တစ်ပေါင်လျှင် ၁၆ ဒသမ ၅၁ ဆင့် အထိ ပြန်လည် မြင့်တက်လာခဲ့ပါသည်။

မကြာမီက တရုတ်နိုင်ငံ၏ သကြားဖြူ တင်သွင်းမှုအပေါ် အခွန်နှုန်းထား တိုးမြှင့်လိုက်ခြင်းသည် ထိုင်းနိုင်ငံအတွက် ထိခိုက်ဖွယ်မရှိကြောင်း၊ မေလ ၂၂ ရက်က တရုတ်နိုင်ငံမှ သကြား တင်သွင်းသူများအပေါ် ကြီးလေးသော ပြစ်ဒဏ်များ ချမှတ်မည်ဟု ကြေညာခဲ့ကြောင်း၊ ကျွမ်းကျင်သူများ၏ သုံးသပ်ချက်အရ ရေရှည်တွင် တရုတ်နိုင်ငံ၏ ပြည်တွင်း သကြားဈေး ကျဆင်းသွားအောင် ထိန်းချုပ်နိုင်မည် မဟုတ်ဟု ခန့်မှန်းကြောင်း ပြောကြားကြပါသည်။

ယခုတရုတ်နိုင်ငံ၏ ကြေညာချက်သည် အဓိက သကြားတင်ပို့သော ဘရာဇီးနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အား ထိခိုက်စေနိုင်ကြောင်း၊ တရုတ်နိုင်ငံနှင့် နိုင်ငံတကာ သကြားဈေးကွက် ဈေးနှုန်း ခြားနားချက် မြင့်မား၍ဖြစ်ကြောင်း၊ တရုတ်ပြည်တွင်းသကြားဈေးမှာ လန်ဒန်ဈေးကွက် ဈေးနှုန်းထက် နှစ်ဆခန့် ရှိနေ၍ဖြစ်ကြောင်း၊ ယခုတရုတ်နိုင်ငံ၏ အခွန်နှုန်း တိုးမြှင့်ခြင်းသည် မှောင်ခိုကုန်သွယ်မှုကို တိုးတက်စေမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသို့ စိမ့်ဝင်နိုင်မည့် တရုတ်နိုင်ငံ တောင်ပိုင်း နယ်စပ်မှ တရားမဝင် တင်သွင်းကြမည်ဖြစ်ကြောင်း (သို့မဟုတ်) အခွန်နှုန်းထား သက်သာသည့် တတိယနိုင်ငံများမှ တင်သွင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ခန့်မှန်းပြောဆိုထားပါသည်။

**Source : (၂၄-၅-၂၀၁၇) ရက်နေ့ထုတ် ထိုင်းနိုင်ငံ Bangkok Post သတင်းစာပါ “New sugar trading system from November ” သတင်း။**

# အိန္ဒိယ ပဲမျိုးစုံဈေးကွက်

အဂရီဝပ်ချ်၏ အိန္ဒိယပဲမျိုးစုံ ရက်သတ္တပတ်အစီရင်ခံစာ (Pulses Weekly Report) ကို မေ ၂၉ ရက်က ထုတ်ပြန်ခဲ့သည်။ အစီရင်ခံစာတွင် အိန္ဒိယနိုင်ငံ၌ မုတ်သုံရာသီအတွင်း စိုက်ပျိုးမှု၊ ပဲမျိုးစုံ တင်သွင်းမှုနှင့် ဈေးနှုန်းများကို ဖော်ပြထားသည်။

**ပဲမျိုးစုံ စိုက်ပျိုးမှု**

အိန္ဒိယနိုင်ငံတွင် မိုးရာသီအတွက် ပဲများကို စတင်စိုက်ပျိုးလျက်ရှိသည်။ ပဲမျိုးစုံစိုက်ပျိုးသော လယ်သမား အရေအတွက် နည်းနေသော်လည်း ကနဦးရရှိထားသော ကိန်းဂဏန်းများအရ အစကောင်းသည့်အခြေအနေကို ပြသလျက်ရှိသည်။ လယ်ယာ စိုက်ပျိုးရေဝန်ကြီးဌာနက ၂၀၁၇ ခုနှစ်၊ မေ ၁၇ ရက်အထိ ပြုစုထားသော စာရင်းများအရ စိုက်ပျိုးပြီး ဧရိယာမှာ ဟက်တာ ၇၇၀၀၀ ရှိခဲ့ ရာ ယခင်နှစ်ကာလတူက စိုက်ပျိုး ထားသော ဧရိယာ ဟက်တာ ၄၅၈၀၀ နှင့်နှိုင်းယှဉ်ပါက ပိုမို စိုက်ပျိုးနိုင်ခဲ့သည်ကို တွေ့ရှိရသည်။

ပဲစင်းငုံ စိုက်ပျိုးသည့်ဧရိယာမှာ ယခင်နှစ်က ဟက်တာ ၁၇၀၀ ရှိခဲ့ရာမှ ယခုနှစ်တွင် ဟက်တာ ၄၀၀၀၊ မတ်ပဲစိုက်ပျိုးသည့် ဧရိယာမှာ ဟက်တာ ၂၂၆၀၀ မှ ၂၆၄၀၀ နှင့် ပဲတီစိမ်း စိုက်ဧရိယာမှာ ဟက်တာ ၇၂၀၀ မှ ဟက်တာ ၉၇၀၀ အသီးသီး တိုးတက်မှု ရှိခဲ့သည်။ သို့သော်လည်း ယခုစိုက်ပျိုးမှု အခြေအနေမှာ အစသာရှိသေးသည့် အတွက် ကောက်ချက်ချရန် ခဲယဉ်းနေသေးသည်။ ဈေးကွက်မှ သုံးသပ်ချက်အရဆိုပါက ယခုနှစ်တွင် စိုက်ဧရိယာ ကျဆင်းမည်ဟု ခန့်မှန်းထားသည်။

**ပဲမျိုးစုံတင်သွင်းမှု**

၂၀၁၇ ခု၊ မေ ၂၅ ရက်တွင် ဂျဝါဟာလာ နေရူးသင်္ဘောဆိပ်သို့ ရောက်ရှိလာသော ပဲမျိုးစုံ ကုန်သေတ္တာအရေအတွက်မှာ ၄၅၂ လုံးရှိသည်။ တင်သွင်းလာသော ပဲမျိုးစုံ စုစုပေါင်းပမာဏအနက် ကုလားပဲကုန်သေတ္တာ ၁၂၃ လုံးရှိသည်။ ကျန်ပဲများအနက် မတ်ပဲက ၇၅ လုံး၊ ပဲစင်းငုံ ၁၀၂ လုံးနှင့် ကျန်ပဲများတွင် ပဲနီလေး၊ ဗိုလ်စားပဲ စသည်ပဲများ ပါဝင်သည်။ ပဲဝါလေးကိုမူ တင်သွင်းခြင်း မရှိပေ။

**ဝယ်ယူဖြည့်တင်းမှု**

၂၀၁၇ ခုနှစ်၊ မေ ၁၆ ရက်အထိ ပြုစုထားသော စာရင်းများအရ အမျိုးသား လယ်ယာစိုက်ပျိုးရေးသမဝါယမ ဈေးကွက် ရှာဖွေရေး ဖက်ဒရေးရှင်း (NAFED) ကဝယ်ယူထားပြီးဖြစ်သော ပမာဏမှာ ပဲနီလေး ၅၁၃၄ တန်နှင့် ကုလားပဲ တန်ချိန် ၃၄၃၉၀ ရှိသည်။ ကုလားပဲအများစုကို ရာဂျက်စသန်နှင့် မဒ္ဒရာပရာဒေ့ရှ်တို့မှ ဝယ်ယူခြင်းဖြစ်သည်။ ပဲနီလေးကို အများအားဖြင့် ဥတ္တရာပရာဒေ့ရှ်မှ ဝယ်ယူခြင်းဖြစ်သည်။ ဆောင်းစိုက်ပဲမျိုးစုံကို အစိုးရက တန်ချိန်ငါးသိန်းဝယ်ယူရန် လျာထားသည်။ အခြားသော ဝယ်ယူဖြည့်တင်းရေး အေဂျင်စီများဖြစ်သည့် FCI နှင့် SFAC တို့က ဆောင်းစိုက်ပဲသီးနှံတို့ကို ယခုအချိန်တွင် ဝယ်ယူလျက်ရှိသည်။

အစိုးရက ဝယ်ယူရန် ရည်မှန်းထားသော ဆောင်းစိုက်ပဲမျိုးစုံ လျာထားချက် ပမာဏ အနက် တစ်ဝက်ကို NAFED က ဝယ်ယူမည်ဖြစ်သည်။ NAFED ကကုလားပဲတန်ချိန် နှစ်သိန်းနှင့် ပဲနီလေးတန်ချိန် ၅၀၀၀၀ ကို ဝယ်ယူရန် လျာထားသည်။

**ပဲမျိုးစုံဈေးနှုန်း**

ယခင်ရက်သတ္တပတ်က ပဲမျိုးစုံဈေးနှုန်းမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၂၀ မှ ၃၀ အကြား ကျဆင်းခဲ့သည့်အတွက် ပဲမျိုးစုံဈေးကွက်တွင် ဖိအားပေးမှုများ ဆက်လက် တည်ရှိနေဆဲ ဖြစ်သည်။ ထို့အပြင် အိန္ဒိယ အစားအစာ ကော်ပိုရေးရှင်း(FCI) မှအပ အခြားအစိုးရ အေဂျင်စီများက လမ်းကြောင်းအမျိုးမျိုးကို အသုံးပြုပြီး ပဲများကို ရောင်းထုတ်လျက်ရှိသည်။

ကြိုရောင်းကြိုဝယ်ဈေးများကျဆင်းခြင်း၊ ဝယ်ယူရန် စိတ်ဝင်စားမှု ကျဆင်းခြင်း၊ မိုးစိုက်သီးနှံစတင်စိုက်ပျိုးမှုအခြေအနေ ကောင်းမွန်ခြင်း စသည့်အချက်များကြောင့် လက်ငင်းဈေးကွက်တွင်ဖိအားပေးမှုများ မြင့်တက်နေသည်။ သို့ဖြစ်ရာ လာမည့် ရက်သတ္တပတ်တွင် ဈေးများဆက်လက်ကျဆင်းမည်ဟု ခန့်မှန်းထားသူ ပိုမိုများပြားလာသည်။ သို့သော် ဇွန်လလယ်တွင် ဈေးပြန်လည်မြင့်တက်လာမည်ဟုလည်း အချို့က ခန့်မှန်းကြသည်။

မြန်မာ နိုင်ငံမှ တင်သွင်းသော ပဲများအနက် ပဲစင်းငုံနီဈေး မှာ CIF အခြေခံအရ တစ်တန်ကို အမေရိကန် ဒေါ်လာ ၅၆၅ ရှိရာ ယခင် ရက်သတ္တပတ်အတိုင်း အပြောင်းအလဲမရှိသည်ကို တွေ့ရသည်။ သို့သော် မတ်ပဲ FAQ ဈေး မှာ ယခင် ရက်သတ္တပတ်တွင် တစ်တန်ကို အမေရိကန်ဒေါ်လာ ၇၇၅ ရှိခဲ့ရာမှ ယခု ရက်သတ္တပတ်က တစ်တန်ကို အမေရိကန်ဒေါ်လာ ၇၃၈ ၊ SQ က တစ်တန်ကို အမေရိကန်ဒေါ်လာ ၉၄၅ မှ ယခုရက်သတ္တပတ်တွင် အမေရိကန် ဒေါ်လာ ၉၄၂ ဒသမ ၇ အသီးသီး ကျဆင်းခဲ့သည်ကို တွေ့ရသည်။

အလားတူပင် ပဲတီစိမ်း(Pedisheva)ဈေးမှာတစ်တန်ကို အမေရိကန်ဒေါ်လာ ၉၃၀ မှ ၉၁၀ သို့ လည်းကောင်း၊ ပဲတီစိမ်း ( Pakakois)မှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၇၁၅ မှ ၇၀၅ သို့လည်း ကောင်း အသီးသီးကျဆင်းခဲ့သည်။ မြန်မာနိုင်ငံဘက်ရှိ CNF ဈေးနှုန်းမှာ လာမည့် ရက်သတ္တပတ်များတွင် ပုံမှန်အတိုင်း ရှိနေဦးမည်ဖြစ်ပြီး အိန္ဒိယပြည်တွင်းဈေးကွက်တွင် ကုန်ပစ္စည်းများနေသဖြင့် ဝယ်လိုအား ကျဆင်းနိုင်သည်။

**အပြည်ပြည်ဆိုင်ရာဈေးကွက်**

ကနေဒါနိုင်ငံ၏ သီးနှံရာသီမှာ ဩဂုတ်လတွင် စတင်မည်ဖြစ်ရာ ရာသီမစမီမှာပင် ၂၀၁၇-၁၈ ခုနှစ် သီးနှံရာသီအတွက် ပဲနီလေးထုတ်လုပ်မှုကို ယခင်က တန်ချိန် ၃၁ သိန်းရှိမည်ဟု ခန့်မှန်းခဲ့ရာမှ ယခုအခါ တန်ချိန် ၂၈ သိန်းရှိမည်ဟု လျှော့ချခန့်မှန်းခဲ့သည်။ ကနေဒါနိုင်ငံ၏ ပဲနီလေး ထုတ်လုပ်မှုမှာ ၂၀၁၆-၁၇ ခုနှစ် သီးနှံရာသီက တန်ချိန် ၃၂ ဒသမ ၄၈ သိန်းရှိခဲ့ကြောင်း ကနေဒါ နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် လယ်သမား အစားအစာ ဌာန (AAFC) မှ ထုတ်ပြန်သော စာရင်းအရ သိရသည်။ ထိုသို့ထုတ်လုပ်မှုမြင့်မားခဲ့သည့်အတွက် လက်ရှိသီးနှံရာသီတွင် ကနေဒါနိုင်ငံမှ တင်ပို့မှုမှာ တန်ချိန် ၂၃ သိန်းအထိ ရောက်ရှိမည်ဟု ခန့်မှန်းခဲ့သည်။ ထုံးစံအားဖြင့် ကနေဒါပဲနီလေးကို အဓိက ဝယ်ယူသည့်နိုင်ငံမှာ အိန္ဒိယနိုင်ငံ ဖြစ်သည်။

၂၀၁၇-၁၈ ခုနှစ်တွင် ကနေဒါ နိုင်ငံ၏ စားတော်ပဲထုတ်လုပ်မှုမှာ မူလက တန်ချိန် ၄၂ ဒသမ ၅၀ သိန်းရှိမည်ဟု ခန့်မှန်းထားရာမှ တန်ချိန် ၄၁ ဒသမ ၅၀ သိန်းရှိမည်ဟု လျှော့ချ ခန့်မှန်းထားသည်။ အိန္ဒိယနှင့်ပါကစ္စတန်မှ ဝယ်လိုအား ကျဆင်းနေခြင်းနှင့် လက်ရှိအခြေအနေတွင် ဈေးနှုန်းများ ကျဆင်းနေမှုကိုကြည့်၍ ယခုကဲ့သို့ လျှော့ချ ခန့်မှန်းခြင်းဖြစ်သည်။ ၂၀၁၆-၁၇ ခုနှစ်တွင် ကနေဒါနိုင်ငံမှ ထုတ်လုပ်ခဲ့သော စားတော်ပဲမှာ တန်ချိန် ၄၈ ဒသမ ၃၆ သိန်းရှိသည်။ အကယ်၍ ဈေးနှုန်းများ ဆက်လက်ကျဆင်းနေမည်ဆိုပါက ပြည်တွင်း လယ်သမားများက အခြားသီးနှံများကို ရွေးချယ်စိုက်ပျိုးလာမည့် အခြေအနေရှိသည်။

ကနေဒါ သီးနှံကော်မရှင်က ထုတ်ပြန်သော အစီရင်ခံစာအရ မေ ၁၄ ရက်တွင် ကုန်ဆုံးသော ရက်သတ္တပတ်အတွင်း ကနေဒါပဲတင်ပို့မှုမှာ တန်ချိန် ၅၉၄၀၀ ဝန်းကျင်ရှိသည်။ မေ ၁၄ ရက် အထိ ကောက်ယူထားသော စာရင်းများအရ ယခုနှစ်သီးနှံရာသီတွင် ကနေဒါနိုင်ငံ၏ ပဲတင်ပို့မှုမှာ တန်ချိန် ၃၁ ဒသမ ၄ သိန်းရှိခဲ့ရာ ယခင်နှစ် ကာလတူသီးနှံရာသီထက် တန်ချိန် ၁၀ သိန်းပိုမိုသည်ကို တွေ့ရသည်။

ကနေဒါပဲနီလေး တင်ပို့မှုမှာ မေ ၁၄ ရက်တွင်ကုန်ဆုံးခဲ့သော ရက်သတ္တပတ်တွင် တန်ချိန် ၂၁၀၀၀ ဝန်းကျင်ရှိခဲ့သည်။ ထို့ကြောင့် သီးနှံရာသီတစ်ခုလုံး တင်ပို့မှုမှာ တန်ချိန် ၇ ဒသမ ၂၇ သိန်း ရှိခဲ့ရာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၁ ဒသမ ၂၅ သိန်း ပိုမိုခဲ့သည်။

## အိန္ဒိယနိုင်ငံ၏ မိုးသီးနှံစိုက်ဧရိယာ ၁၀ ရာခိုင်နှုန်းကျော် မြင့်တက်

မုတ်သုံအကြိုမိုးများက အိန္ဒိယတစ်ဝန်းလုံးတွင် ရွာသွန်းစပြုလာပြီ ဖြစ်သည့်အတွက် မိုးစိုက်သီးနှံများ စိုက်ပျိုးမှုအခြေအနေမှာ အရှိန်ရလာပြီ ဖြစ်ကြောင်း ဘိဇနက်လိုင်း သတင်းတွင် ဖော်ပြသည်။ မိုးအကြိုစိုက်ပျိုးမှုအခြေအနေကို ကြည့်ပါက တောင်သူလယ်သမားများက ဝါဂွမ်း၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ များကို ဦးစားပေး စိုက်ပျိုးလာကြသည်ကို တွေ့ရသည်။

မကြာသေးမီရက်သတ္တပတ်များအတွင်းက ပုံမှန်မုတ်သုံမိုးဦးသည် အိန္ဒိယတောင်ပိုင်း ကျွန်းဆွယ်ဒေသ၊ အနောက်ဘင်္ဂေါ၊ ဥတ္တရာပရာဒေ့ရှ်၊ အရှေ့မြောက်ဒေသ၊ ဂျမူးနှင့် ကက်ရှ်မီးယား ဒေသတို့တွင် စတင်ရွာသွန်းခဲ့သည်။ ယခုရာသီအတွင်း ရာဂျက်စသန်နှင့် ဘီဟာပြည်နယ်တို့တွင် မိုးပိုမို ရွာသွန်းခဲ့သည်။

ဆန်စိုက်ပျိုးမှုဧရိယာမှာ ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက သုညဒသမ ၁၁ ရာခိုင်နှုန်း မြင့်တက်ပြီး ဟက်တာ သုညဒသမ ၁၇၅ သန်းရှိခဲ့သည်။ ပဲမျိုးစုံ စိုက်ပျိုးမှုဧရိယာမှာ ၂၀၁၆- ၂၀၁၇ ခုနှစ်က ဟက်တာ ၇၁၀၀၀ ရှိခဲ့ရာမှ ယခုနှစ်တွင် ဟက်တာ သုညဒသမ ၁၁၂ သန်းထိ ရောက်ရှိခဲ့သည်။ ဂျုံ မုယောစသည့် စားသုံးသီးနှံစိုက်ပျိုးမှုမှာ ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ၁၄ ရာခိုင်နှုန်း မြင့်တက်ပြီး ဟက်တာ ၅၄၀၀၀ ရှိခဲ့သည်။ ဆီထွက်သီးနှံ စိုက်ပျိုးမှုမှာ ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက သုံးဆမြင့်တက်ပြီး ဟက်တာ သုည ဒသမ ၁၂၇ သန်း ရှိခဲ့သည်။

ဝါဂွမ်းစိုက်ပျိုးမှုအခြေအနေမှာ ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ၂၇ ဒသမ ၂၁ ရာခိုင်နှုန်း မြင့်တက်ပြီး ဟက်တာ ၁ ဒသမ ၁၂၄ သန်း ရှိခဲ့သည်။ ကြံစိုက်ဧရိယာမှာ ယခင်နှစ် ကာလတူကရှိခဲ့သော ဟက်တာ ၄ ဒသမ ၃၈၇ သန်းနှင့် နှိုင်းယှဉ်ပါက ၆ ရာခိုင်နှုန်းမြင့်တက်ပြီး ဟက်တာ ၄ ဒသမ ၆၅၃ သန်းရှိခဲ့သည်။

## အိန္ဒိယသရက်သီးများ တောင်ကိုရီးယားတွင် ဈေးကွက်ရရှိ

“အသီးများ၏ဘုရင်” ဟုတင်စားခေါ်ဝေါ်သော အိန္ဒိယ သရက်သီးသည် မေ ၂၈ ရက်တွင် ကုန်ဆုံးသော ရက်သတ္တပတ်ကုန်ဆုံးချိန်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့ ပထမဆုံးအကြိမ် ရောက်ရှိခဲ့ကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံ ဟိုဒ္ဒရာဘတ် မင်ဇီလေကြောင်း ကုန်စည်ဌာန၏ဆောင်ရွက်ချက်ဖြင့် သရက်သီး ၂ ဒသမ ၅ တန်ကို ရာဂျစ်ဂန္ဒီ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တောင်ကိုရီးယားနိုင်ငံသို့ ပထမဦးဆုံး အကြိမ်အဖြစ် ပို့ဆောင်ပေးခဲ့ သည်။ တောင်ကိုရီးယားနိုင်ငံသို့ သရက်သီးများ တင်ပို့နိုင်ရေးအတွက် အခက်အခဲများကို ဖြေရှင်းနိုင်ခဲ့ပြီဖြစ်ကြောင်း အိန္ဒိယနိုင်ငံဆိုင်ရာ တောင်ကိုရီးယားသံအမတ် ချိုဟွန်က ၂၀၁၆၊ ဇွန်လအတွင်းက ပြုလုပ်သော ဟိန္ဒူ ဘိဇနက်လိုင်းသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့သည်။

“ပုံမှန်အားဖြင့် ဖိလစ်ပိုင် နိုင်ငံရဲ့ သရက်သီးတွေက ဈေး ကွက်ထဲကို အလုံးအရင်းနဲ့ ဝင်ရောက်နေပါတယ်။ ဈေးကွက် ထဲကို မှန်မှန်ကန်ကန် ဝင်ရောက် နိုင်မယ်ဆိုရင် တောင်ကိုးရီးယားနိုင်ငံမှာ အိန္ဒိယသရက်သီးတွေအတွက် ဈေးကွက်ကြီးကြီးမားမား ရနိုင်ပါတယ်။ ဖိလစ်ပိုင် သရက်သီးတွေက ဈေးသက်သာပေမယ့် ဈေးနှုန်းက ပြဿနာ မဟုတ်ပါဘူး” ဟု ဆိုးလ်မြို့တွင် အခြေချနေထိုင်သူ အိန္ဒိယနွယ်ဖွား ရမ်ဂါရီကာပက်တီက ပြောသည်။

အိန္ဒိယနိုင်ငံက နှစ်စဉ်တင် ပို့လျက်ရှိသော သရက်သီးပမာဏမှာ တန်ချိန် ၄၅၀၀ ရှိသည်။ အိန္ဒိ ယ သရက်သီးကို အဓိကအားဖြင့် အနောက်အာရှ၊ အမေရိကန် ပြည်ထောင်စု၊ ဩစတြေးလျ၊ ကနေဒါနှင့် နယူးဇီလန်တို့သို့ တင် ပို့သည်။ ဂျပန်၊ တောင်အာရှနိုင်ငံများနှင့် အီးယူသို့ တင်ပို့ရာတွင် သွင်းကုန်ပြဿနာများကြောင့် အနည်းငယ်သာ တင်ပို့လျက်ရှိသည်။

လေဆိပ် လုပ်ငန်းများ တာဝန်ယူဆောင်ရွက်နေသော ဂျီအမ်အာရ် ဟိုဒ္ဒရာဘတ် အပြည်ပြည်ဆိုင်ရာလေဆိပ်လီမိတက် (GHIAL) နှင့် ဟိုဒ္ဒရာဘတ် မင်ဇီလေဆိပ် ကုန်စည်ဌာနတို့ ပူးပေါင်းပြီး ထုတ်ပိုးရေး၊ ဈေးကွက်ဖန်တီးရေး၊ အတည်ပြုချက် ထောက်ခံစာများရရှိရေးနှင့် အိန္ဒိယ သုဗာနာရက်ခါအမျိုးအစား သရက်သီးများအား တောင်ကိုရီးယားသို့ တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန်ဒေါ်လာတန်ဖိုး ခိုင်မာမှုကြောင့် ငွေကြေးများ၏တန်ဖိုး အတက်အကျ ကွာဟချက်နည်းနေသည့်အတွက် အာရှငွေကြေးများအနက် အများစုမှာ ဇွန် ၂ ရက်က တန်ဖိုး အတက်အကျနည်းပြီး တည်ငြိမ်နေသည်ကို တွေ့ရသည်။ သို့သော်လည်း Off-Shore ယွမ်ငွေကြေးမှာ အရောင်းသွက်လာသည့်အတွက် ယွမ်ငွေကြေး တန်ဖိုးမှာ လေးရက်မြောက်အဖြစ် ဆက်တိုက် မြင့်တက်ခဲ့သည်။

အမေရိကန် ပြည်ထောင်စုမှ ထုတ်ပြန်တော့မည့် လယ်ယာလုပ်ငန်းမှအပဖြစ်သော အလုပ်အကိုင် အခြေအနေကို ထုတ်ပြန်ခြင်းမပြုမီ ရင်းနှီးမြှုပ်နှံသူတို့က အရောင်းအဝယ် မပြုကြသေးဘဲ လေ့လာအကဲခတ်လျက်ရှိသည်ကို တွေ့ရသည်။ အကယ်၍ အလုပ်အကိုင် အခြေအနေကောင်းမွန်လာပါက အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်၏ အတိုးနှုန်းကို ယခုနှစ်အကုန်တွင် မြှင့်တင်ပေးမည်ဖြစ်ရာ စက်တင်ဘာလောက်တွင် ဖြစ်နိုင်မည့် အလားအလာရှိသည်ဟု ခန့်မှန်းကြသည်။

အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးကိန်းဂဏန်းများ ခိုင်မာလာပြီဖြစ်သော်လည်း အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ယွမ်ငွေတန်ဖိုး မြင့်တက်မှု အရှိန်သေ မသေ ဆိုသည်မှာ ရှင်းလင်းပြတ်သားမှု မရှိသေးပေ။ တရုတ်နိုင်ငံ နိုင်ငံခြားငွေ ဖလှယ်ရေးလုပ်ငန်း ဌာနကမူ ယွမ်ငွေကြေး၏ ရည်ညွှန်း ဖလှယ်နှုန်းကို သတ်မှတ်ရာတွင် ဈေးကွက်ရောင်းလိုအားနှင့် ဝယ်လိုအားကို ပိုမိုအခြေပြု၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မေ ၂၆ ရက်က ပြောကြားခဲ့သည်။

**တရုတ်ယွမ်**

တရုတ်ဗဟိုဘဏ်က ဗဟိုဘဏ်၏ ရည်ညွှန်းဖလှယ်နှုန်းအဖြစ် ဇွန် ၂ ရက်က အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၀၇၀ ယွမ်နှုန်း သတ်မှတ်ခဲ့ရာ ယမန်နေ့က ဖလှယ်နှုန်း ဖြစ်သည့် ၆ ဒသမ ၈၀၉၀ ယွမ်နှုန်းနှင့် နှိုင်းယှဉ်ပါက ယွမ်ငွေတန်ဖိုး မြင့်တက်ခဲ့သည်။

ဇွန် ၁ ရက်က အမေရိကန်ဒေါ်လာနှင့် ယွမ်ငွေကြေးတို့၏ ဖလှယ်နှုန်းမှာတစ်ဒေါ်လာကို ၆ ဒသမ ၇၂၄၅ ယွမ်နှုန်းသို့ ရောက်ရှိခဲ့ရာ ယခင်နှစ် အောက်တိုဘာနောက်ပိုင်းတွင် ယွမ်ငွေကြေးတန်ဖိုး အမြင့်ဆုံးသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ဟောင်ကောင်တွင် ရောင်းဝယ်သော Off-Shore ယွမ်မှာမူ အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၇၉၂၆ ယွမ်နှုန်းအထိရောက်ရှိပြီး ယွမ်တန်ဖိုးကျဆင်းခဲ့သည်။ ရှန်ဟဲတွင် ရောင်းဝယ်သော On-Shore ယွမ်တန်ဖိုးမှာ အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၈၀၃၅ ယွမ်နှုန်းရှိခဲ့သည်။

**အိန္ဒိယရူပီး**

အမေရိကန် ဒေါ်လာကို ဘဏ်များနှင့် ပို့ကုန်လုပ်ငန်းရှင်များက အဆက်မပြတ် ရောင်းချသည့်အတွက် ဘဏ်အချင်းချင်း၊ နိုင်ငံခြားငွေ ဖလှယ်ရေး ဈေးကွက်တွင် ဇွန် ၂ ရက်က အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာ၌ ရူပီးတန်ဖိုးက သုညဒသမ ၁၄ ရူပီး နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၆၄ ဒသမ ၃၄ ရူပီးနှုန်းသို့ ရောက်ရှိခဲ့သည်။ တတိယမြောက်နေ့အဖြစ် ဆက်တိုက် မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ဒေါ်လာငွေကြေးကို ပြန်လည်ရောင်းချမှု မြင့်တက်ခြင်းအပြင် ပြည်ပရှိ ဈေးကွက်တွင် အခြားငွေကြေးများနှင့်ဖလှယ်ရာ၌ ဒေါ်လာတန်ဖိုး ကျဆင်းခြင်းနှင့် ပြည်တွင်းစတော့ ရှယ်ယာတန်ဖိုးများ မြင့်တက်ခြင်းကလည်း ရူပီးတန်ဖိုးမြင့်တက်စေရန် အထောက်အကူဖြစ်ခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားတို့က ပြောသည်။

**ဂျပန်ယန်း**

အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးကိန်းဂဏန်း အချက်အလက်များမြင့်တက်လာသည်ကို တွေ့ရပြီးနောက် အဓိကငွေကြေးများနှင့် ဖလှယ်ရာတွင် ဒေါ်လာတန်ဖိုးမြင့်တက်ခဲ့သည်။

နယူးယောက် ဈေးကွက်တွင် မေ ၃၁ ရက်က အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ယူရိုငွေကြေးတန်ဖိုးက တစ်ယူရိုလျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂၄၄ နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့တွင် တစ်ယူရိုကို ၁ ဒသမ ၁၂၀၂ ဒေါ်လာနှုန်းသို့ ရောက်ရှိကာ ယူရိုတန်ဖိုး ကျဆင်းခဲ့သည်။ အမေရိကန်ဒေါ်လာနှင့် ယန်းငွေတို့ ဖလှယ်ရာတွင် မေ ၃၁ ရက်က တစ်ဒေါ်လာကို ၁၁၀ ဒသမ ၆၂ ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့တွင် အမေရိကန်တစ်ဒေါ်လာကို ၁၁၁ ဒသမ ၄၃ ယန်းသို့ ရောက်ရှိပြီး ယန်းငွေတန်ဖိုး ကျဆင်းခဲ့သည်။

**မလေးရှားရင်းဂစ်**

အမေရိကန် ပြည်ထောင်စုမှ ထုတ်ပြန်သော စီးပွားရေး ကိန်းဂဏန်း အချက်အလက်များအရ အလားအလာ အမျိုးမျိုးရောထွေးနေသည့် အခြေအနေများကြောင့် အမေရိကန်ဒေါ်လာအပေါ်တွင် အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေခဲ့ပြီးနောက် အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုး မြင့်တက်ခဲ့သည်။

အမေရိကန်ဒေါ်လာနှင့် ရင်းဂစ် ဖလှယ်နှုန်းမှာ ဇွန် ၁ ရက်က အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၂၈၆၀ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့နံနက် ၉ နာရီတွင် ၄ ဒသမ ၂၈၅၀ ရင်းဂစ်နှုန်း ရှိခဲ့သည်။

ယန်းငွေမှအပ အခြားငွေကြေးများနှင့်ဖလှယ်ရာတွင်လည်း ရင်းဂစ်တန်ဖိုး မြင့်တက်ခဲ့သည်။

**တောင်ကိုရီးယားဝမ်**

နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတို့က တောင်ကိုရီးယား စတော့ရှယ်ယာများကို ပိုမိုဝယ်ယူလာသည့်အတွက် ဇွန် ၂ ရက်တွင် တောင်ကိုရီးယား စတော့ရှယ်ယာများ၏ တန်ဖိုးမြင့်တက်ခဲ့သည်။ အလားတူ တောင်ကိုရီးယားဝမ်တန်ဖိုးမှာလည်း ယမန်နေ့က ရှိခဲ့သော ဖလှယ်နှုန်းနှင့်နှိုင်းယှဉ်ပါက ဇွန် ၂ ရက်နေ့တွင် အမေရိကန်တစ်ဒေါ်လာကို ၂ ဒသမ ၂၀ ဝမ်နှုန်းမြင့်တက်ပြီး ၁၁၁၉ ဒသမ ၈၀ ဝမ်နှုန်းရှိခဲ့သည်။

**ထိုင်းဘတ်**

ရိုက်တာသတင်းဌာနမှ ပြုစုထားသော ကိန်းဂဏန်းများအရ ထိုင်းဘတ်ငွေတန်ဖိုးသည် ဇွန် ၂ ရက်က အမေရိကန်ဒေါ်လာနှင့်ဖလှယ်ရာတွင် ယခင်နေ့က ဖလှယ်နှုန်းအောက် သုညဒသမ ၀၉ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၃၄ ဒသမ ၁၇၀ ဘတ်နှုန်းရှိခဲ့သည်။

## အိန္ဒိယဗဟိုဘဏ်က အတိုးနှုန်း လျှော့ချရန် အလားအလာမရှိကြောင်း Icra က ပြောကြား

အိန္ဒိယ ဗဟိုဘဏ် (Reserve Bank of India -RBI) က လာမည့် ရက်သတ္တပတ်တွင် ကျင်းပမည့် မူဝါဒအစည်းအဝေး၌ အတိုးနှုန်း လျှော့ချပေးမည့် အလားအလာမရှိကြောင်း၊ သို့ရာတွင် ယခင်တစ်ကြိမ် ကျင်းပသော အစည်းအဝေးမှ ထုတ်ပြန်ခဲ့သည့် ကြေညာချက်နှင့် နှိုင်းယှဉ်လျှင် မူဝါဒရေးရာနှင့် ပတ်သက်သော ရပ်တည်ချက်ပျော့ပျောင်းလာနိုင်ဖွယ်ရှိကြောင်း ပြည်တွင်း ကြွေးမြီအဆင့် သတ်မှတ်ရေး အေဂျင်စီ (Icra) က မေ ၂၉ ရက်က ထုတ်ပြန်သော အစီရင်ခံစာကို ရည်ညွှန်း၍ ဒက်ကန်ဟာရယ်သတင်းတွင် ဖော်ပြသည်။

“မုတ်သုံမိုး အလားအလာ ကောင်းမွန်မှု၊ ကုန်စည်နှင့် ဝန်ဆောင်မှု (Goods and Services Tax-GST ) ဖွဲ့စည်းတည်ဆောက်မှု အခြေအနေနှင့် ကုန် စည်ဈေးနှုန်းတွေ ကျဆင်းလာမှု စတဲ့ အခြေအနေတွေ ကောင်းမွန်တိုးတက်လာပါတယ်။ ဒါကြောင့် ဧပြီလအတွင်း ငွေကြေးမူဝါဒ ကော်မတီက ညွှန်ပြခဲ့တဲ့ ငွေကြေးဖောင်းပွမှု အန္တရာယ်တွေ တဖြည်းဖြည်း လျော့ပါးလာပါတယ်” ဟု Icra ၏ အုပ်ချုပ်မှုဒါရိုက်တာနှင့်အမှုဆောင် အရာရှိနာရက်တက်ကာက ပြောသည်။

ကုန်ပစ္စည်းအများစုကို ထည့်သွင်းတွက်ချက်ထားသော ငွေကြေးဖောင်းပွမှုနှုန်းအတွက် ကာလလတ်ရည်မှန်းချက်အဖြစ် အစိုးရက လေးရာခိုင်နှုန်း သတ်မှတ်ထားသည်။ အဆိုပါငွေကြေးဖောင်းပွမှုနှုန်း လေးရာခိုင်နှုန်းအောက် ကျဆင်းခဲ့သည်မှာ ခြောက်လဆက်တိုက်ရှိပြီဖြစ်ကြောင်းသူက ပြောသည်။

ငွေကြေးဖောင်းပွမှု အန္တရာယ်ကျဆင်းလာပြီဖြစ်သည့်အတွက် ငွေကြေးမူဝါဒ ကော်မတီ၏ ရပ်တည်ချက်သည် ဧပြီအစည်းအဝေးနှင့် နှိုင်းယှဉ်ပါက ပျော့ပျောင်းလာမည်ဟု သူကခန့်မှန်းသည်။

■

## နိုင်ငံခြား စတော့ရှယ်ယာများနှင့် ဘွန်းစာချုပ်များတွင် တောင်ကိုးရီးယား ငွေကြေးအဖွဲ့အစည်းများ၏ ရင်းနှီးမြှုပ်နှံမှု မြင့်တက်

ပြည်ပရှိ စတော့ရှယ်ယာများနှင့် ဘွန်းစာချုပ်များတွင် တောင်ကိုရီးယား ရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းများ၏ ရင်းနှီးမြှုပ်နှံမှုမှာ ယခုနှစ်မတ်လတွင် စံချိန်တင်မြင့်တက်ခဲ့ကြောင်း မေ ၃၁ ရက်က ထုတ်ပြန်သော တရားဝင် ကိန်းဂဏန်းများကို ကိုးကား၍ ယွန်းဟတ်သတင်းတွင် ဖော်ပြသည်။

ပြည်တွင်း၌ အတိုးနှုန်းများ စံချိန်တင်ကျဆင်းလျက်ရှိနေချိန်တွင် ပြည်ပနိုင်ငံများရှိ စွန့်စားမှုများသည် ငွေကြေးစာချုပ်စာတမ်းများကို တောင်ကိုရီးယား အာမခံလုပ်ငန်း များ၊ အကျိုးဆောင်လုပ်ငန်းများနှင့် စာချုပ်စာတမ်း စီမံခန့် ခွဲမှုလုပ်ငန်းများက ပိုမိုစိတ်ဝင်စားလာကြောင်း ကိန်းဂဏန်း အချက်အလက်များအရ သိရသည်။ မတ်လကုန်အထိ ပြုစုထားသော ကိန်းဂဏန်းများအရ တောင်ကိုရီးယား ရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းများက ပိုင်ဆိုင်ထားသော ဘွန်းစာချုပ်နှင့် စတော့ ရှယ်ယာများ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၂ ဒသမ ၉ ဘီလီယံရှိကြောင်း တောင်ကိုရီးယား ဗဟိုဘဏ်၏ ကြေငြာချက်တွင် ဖော်ပြသည်။



ယခင် နောက်ဆုံးသုံးလပတ် အခြေအနေနှင့် နှိုင်းယှဉ်ပါက အဆိုပါရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန် ဒေါ်လာ ၁၉ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာသည့်အတွက် သုံးလပတ်အလိုက် မြင့်တက်မှုနှုန်း အများဆုံးဖြစ်ခဲ့သည်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# GREAT ALPHA LOGISTICS CO.,LTD

Customs Clearing & Forwarding Services





Bldg.119, Ground Floor, 39 Street, Lower Block, Kyakutada Township, Yangon, Myanmar.

Tel: 01-385338,095506717,095038776,0973183588 Fax : 01-385338

email : greatestalpha99@gmail.com

# SUPER SELECT Glass Decoration Services

**GLASS**
- Tempered & Fix Glass Partition
- Spider Wall Partition
- Auto Door Partition
- Folding Glass Partition
- Stairway & Verandah Partition
- Canopy Glass Partition
- Glass Showcase etc.,
- Double Glazing Glass

**GLASS PROCESSING**
- Bevelling & Edging
- Tempering & Lamination (Color & Clear)
- Hole Making

**UPVC**
- Sliding Doors & Windows
- Casement Window Partition

**ALUMINIUM**
- Sliding Doors & Windows
- Casement Window
- Curtain Wall Partition
- Aluminium Composite Panel Partition
- Roller Shutter (Manual & Motor)







မှန်များတပ်ဆင်ခြင်း။ ဝင်ပေါက်တံခါးများတပ်ဆင်ခြင်း။ အလိုလျောက်ဖွင့်၊ပိတ် မှန်တံခါးများ (Sensor Door) တပ်ဆင်ခြင်း။
အလူမီနီယမ်ဘောင်နှင့်မှန်များ တပ်ဆင်ခြင်း။ စတီးဘောင် နှင့် မှန်များတပ်ဆင်ခြင်း။ စတီးဘောင်၊ မှန်နှင့်လှေကားလက်ရမ်းများ
မှန်စောင်းချိုးခြင်း ၊ နှုတ်ခမ်းလုံးခြင်း။ မှန်အမှိုန်မှုတ်ခြင်း ၊ ဒီဇိုင်းများပြုလုပ်ခြင်း။ မှန်စတစ်ကာများကပ်ခြင်း။
မျက်နှာကျက်ပြုလုပ်ခြင်း(Gypsum Board)။ လိပ်တံခါးများတပ်ဆင်ခြင်း။ မှန် (Show Case) များတပ်ဆင်ခြင်း။
















**OFFICE & WORKSHOP**

No.(2), Waizayandar Rd, Thingangyun Tsp, Yangon, Myanmar.
Tel : 01-8562722 , 01-8562723 , 01-8562747
09-505 3733 , 09 505 3744
Fax : 09-51-8550193
E-mail : superselectdecoration@gmail.com
Website : www.superselectdecoration.com

**PROCESSING FACTORY**

No. 351/352, Bayintnaung Rd,
South Dagon Tsp, Yangon, Myanmar.

# EVER RICH GROUP CO.,LTD

* ဂျီအိုင် ဟော်လိုပိုက် (GI Hollow Pipe)
* စီချန်နယ် ( C Channel)
* ကြမ်းခင်းပြား (Floor Deck Sheet)
* အိုမီဂါ (Omega Channel)
* ကာလာသွပ်ပြား (Pre-painted GI Sheet)
* ယူဘင့် (U Beam)
* အိုင်ဘင့် (I Beam, H Beam) နှင့်
* အခြားအိမ်ဆောက်ပစ္စည်းများ



**EVER RICH GROUP CO.,LTD** စက်ရုံမှ တိုက်ရိုက် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည်။

အမှတ်(၃၆/ဒီ)၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၉၆၆၅၇၁၇၊ ၀၁-၉၆၄၀၂၇၇၊ ၀၉-၃၀၀၈၈၇၂၀၊ ၀၉-၄၅၇၇၄၀၈၆၅၊ ၀၉-၉၇၆၇၀၀၂၅၀

အဆောင်(၁၃၀)၊ အခန်း(၄)၊ ရွှေဝါလမ်း၊ ဇော်ဘွားကြီးကုန်းပွဲရုံဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။ ၀၁-၉၆၄၀၂၅၅၊ ၀၁-၉၆၄၀၂၆၆၊ ၀၉-၉၆၅၀၀၇၂၉၅၊ ၀၉-၂၆၃၃၃၉၄၉၉၊ ၀၉-၄၅၇၇၄၀၈၆၆

အမှတ်(၄၁၇)၊ လှသီရီလမ်း နှင့် ကင်းဝန်မင်းကြီးလမ်းထောင့်၊ ရွှေလင်ဗန်းစက်မှုဇုံ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။ ၀၁-၆၁၇၁၄၉၊ ၀၉-၇၃၂၅၀၁၅၃၊ ၀၉-၇၉၆၃၀၀၀၄၁၊ ၀၉-၉၇၇၉၄၁၀၀၃၊ ၀၉-၄၅၇၇၄၀၈၆၄

# Shwe Mann Yeik Steel Trading Co.,Ltd.

**H Beam, U Beam, Angle, Lipchannel, Decking Sheet, 4 Angle သွပ်ပြား၊**
**ကုန်မာနှင့် စက်ပစ္စည်းအမျိုးမျိုးကို စျေးနှုန်းချိုသာစွာဖြင့် လက်လီ / လက္ကားရောင်းချပေးနေပါသည်။**

H Beam / I Beam



U Beam / Angle



G.I Lip Channel C Channel)



Hollow Pipe



(4 Angle) Colour Metal Sheet



Cold Rolled Coil / Sheet



Hot Rolled Coil / Sheet



Deformed Bar/ Wire Rod



Decking Sheet



**Address** : No. (145), Corner of Pyi Htaung Su Road and Chin Dwin Road, Industrial Zone (3), South Dagon.
**Ph** : 01-590954, 590772, 8100417, 09-5151432

## အလုပ်အကိုင် ခေါ်ယူမှုအချိုး ၄၃ နှစ်အတွင်း အမြင့်ဆုံးအထိ ရောက်ရှိသဖြင့် ဂျပန်နိုင်ငံတွင် အလုပ်သမားဈေးကွက် အကျပ်အတည်းတွေ့

အလုပ်အကိုင်ခေါ်ယူမှုနှင့် အလုပ်အကိုင်ရှာဖွေသူအချိုးမှာ လွန်ခဲ့သော ၄၃ နှစ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိခဲ့ကြောင်း အစိုးရက ထုတ်ပြန်သော ကိန်းဂဏန်းများတွင် တွေ့ရသည့်အတွက် ဂျပန်နိုင်ငံ၏ အလုပ်သမားရှားပါးမှု ပြဿနာမှာ တဖြည်းဖြည်း ကြီးထွားစပြုလာနေပြီဖြစ်ကြောင်း အဆာဟိသတင်းတွင် ဖော်ပြသည်။

၎င်းအချိုးအစားမှာ ရာသီအလိုက် ညှိနှိုင်းမှုအရ ဧပြီတွင် ၁ ဒသမ ၄၈ ရာ ခိုင်နှုန်းရှိခဲ့သည်။ ၎င်းသဘောမှာ အလုပ်အကိုင်ရှာဖွေသူ တစ်ရာရှိလျှင် ခေါ်ယူသော အလုပ်အကိုင်နေရာ ၁၄၈ ခုရှိသည့် သဘောဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာနက မေ ၃၀ ရက်တွင်ပြောသည်။ ၎င်းအချိုးအစားကို ယခင်လကရရှိသော အချိုးအစားနှင့် နှိုင်းယှဉ်ပါက သုညဒသမ ၀၃ ရာခိုင်နှုန်း မြင့်တက်လာသည်ကို တွေ့ရသည်။

အလုပ်အကိုင် ရှာဖွေသူ ကျဆင်းနေချိန်တွင် ခေါ်ယူထားသော အလုပ်အကိုင်အရေအတွက်မြင့်တက်ခြင်းအားဖြင့် ခေါ်ယူသော အလုပ်အကိုင်နှင့် ရှာဖွေသူအချိုးအစားမှာ မြင့်မားလေ့ရှိသည်။ အလုပ်အကိုင်နှင့် ရှာဖွေသူ အရေအတွက် ကွာခြားချက်မြင့်မားမှုကြောင့် အလုပ်သမားကို ဆွဲဆောင်နိုင်ရန်အတွက် ကုမ္ပဏီများက “ အကူအညီ လိုအပ်နေပါသည် ” ဟူသော ကြော်ငြာမျိုးဖြင့် ခေါ်ယူလေ့ရှိသည်။ အလုပ်အကိုင်သစ် ခေါ်ယူမှု အရေအတွက် များပြားသော လုပ်ငန်းကဏ္ဍများမှာ သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ပြီး ၂၀၁၆ ခုနှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက မတ်လတွင် ၁၂ ဒသမ ၂ ရာ ခိုင်နှုန်းနှင့် ဧပြီတွင် ၈ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် တိုကျိုအိုလံပစ် အထောက်အကူပြုလုပ်ငန်းများနှင့် ကွန်ဒိုမီယံအဆောက်အအုံများ ဆောက်လုပ်ခြင်းကြောင့် အလုပ်သမား လိုအပ်ချက် မြင့်မားလျက်ရှိသဖြင့် ဆောက်လုပ်ရေးကဏ္ဍတွင် အလုပ်အကိုင်ခေါ်ယူမှုများ မြင့်မားခဲ့သည်။ ကုန်ပစ္စည်း ထုတ်လုပ်မှုကဏ္ဍတွင် အလုပ်အကိုင်ခေါ်ယူမှု တိုးတက်နှုန်းကို နှစ်အလိုက် နှိုင်းယှဉ်ပါက ဖေဖော်ဝါရီနှင့် မတ်လတို့တွင် ၁၀ ရာခိုင်နှုန်းစီ တိုးတက်ခဲ့သည်။

ဂျပန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ ရာသီအလိုက် ညှိနှိုင်းမှုအရ ဧပြီတွင် ၂ ဒသမ ၈ ရာခိုင်နှုန်း ရှိသဖြင့် ယခင်လနှင့် နှိုင်းယှဉ်ပါက အပြောင်းအလဲမရှိ တည်ငြိမ်နေပြီး ၁၉၉၄ ခုနှစ် ဇွန်နောက်ပိုင်း အနိမ့်ဆုံးဖြစ်ကြောင်း ပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက မတ် ၃၀ ရက်က ပြောသည်။ အလုပ်အကိုင်ခေါ်ယူမှုနှင့် အလုပ်အကိုင် ရှာဖွေသူအချိုးအစားကို လအလိုက် နှိုင်းယှဉ်ပါက ဝန်ကြီးချုပ် ရှင်ဇိုအာဘေး စတင်တာဝန်ယူခဲ့သည့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာနောက်ပိုင်း တစ်ကြိမ်တစ်ခါမျှ ကျဆင်းခဲ့ဖူးခြင်း မရှိကြောင်း သိရသည်။

## ဆန်ထုတ်လုပ်မှုတွင်ရှိနေသော အတားအဆီးများကြောင့် ဗီယက်နမ်နိုင်ငံ၏ ဈေးကွက်ဝေစုကို ထိခိုက်



ဆန်ထုတ်လုပ်မှု ကွင်းဆက်တွင် နောက်ဆုံးအဆင့်ရှိသော အတားအဆီး နှစ်ခုကြောင့် ဗီယက်နမ် ဆန်ထုတ်လုပ်မှုလုပ်ငန်းတွင် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး ဈေးကွက်ကျဆင်းမှုကိုဖြစ်ပေါ်စေခဲ့ကြောင်း ဗီယက်နမ်ဘရစ်(ချ်)သတင်းတွင် ဖော်ပြသည်။

ပထမဆုံးသော အပိတ်အဆို့ အတားအဆီးမှာ ဖြန့်ဖြူးရေးနှင့် သက်ဆိုင်သော အတားအဆီးဖြစ်သည်။ ဆန်အပိုအလျှံ၏ သုံးပုံနှစ်ပုံမှာ လယ်သမားကြီး ၂၀ ရာခိုင်နှုန်း၏ လက်ထဲတွင်ရှိနေသည်။ ထိုလယ်သမားကြီးများမှာ စိုက်ပျိုးမြေဧရိယာ ပျမ်းမျှ ၂ ဒသမ ၇၄ ဟက်တာကို ပိုင်ဆိုင်ထားသူများဖြစ်သည်။

ဗီယက်နမ်နိုင်ငံတွင် ဆန်စိုက်ပျိုးသူ အိမ်ထောင်စု ကိုးသန်းအနက် ဆန်ထုတ်လုပ်မှု လုပ်ငန်းကိုကြီးမားစွာ ဆောင်ရွက်နေသော အိမ်ထောင်စု သုံးသိန်း၏ ထုတ်လုပ်မှုက ပြည်ပသို့တင်ပို့သည့်ဆန်များတွင် အချိုးအစား ကြီးမားစွာ ပါဝင်လျက်ရှိသည်။

ဆန်ထုတ်လုပ်မှု တန်ဖိုးကွင်းဆက်တွင် ဖောင်းပွမှု အများဆုံးက ကြိတ်ခွဲရေးလုပ်ငန်းတွင် ဖြစ်သည်။ ဆန်စိုက်ပျိုး ထုတ်လုပ်မှုသည် အိမ်ထောင်စု အများကြီးအပေါ်တွင် မှီခိုနေရသည့်အတွက် ကြိတ်ခွဲရေးလုပ်ငန်းများကို စက်ရုံပေါင်း သုံးသိန်းကျော်တွင် ဆောင်ရွက်လျက်ရှိသည်။ ထိုကြိတ်ခွဲရေး စက်ရုံအများစုမှာလည်း အသေးစား လုပ်ငန်း များဖြစ်သည်။ ထိုင်းနိုင်ငံတွင် ထိုစက်ရုံမျိုး ၁၀၀ မျှသာရှိသည်။ ဒုတိယ အတားအဆီးတစ်ခုမှာ ထုတ်လုပ်မှု ကွင်းဆက် နောက်ဆုံးနေရာဖြစ်သော ပို့ကုန်လုပ်ငန်းတွင် ဖြစ်သည်။ ဗီယက်နမ်နိုင်ငံတွင် ပို့ကုန်လုပ်ငန်းရှင် ဦးရေ ၁၀၀ မျှသာရှိသည့်အနက် တရုတ်နိုင်ငံသို့ ပို့ကုန်လိုင်စင်ရထားသူ ဦးရေမှာ ၂၂ ဦးမျှသာရှိသည်။ ဗီယက်နမ်နိုင်ငံ၏ ၂၀၁၆ ခုနှစ် ဆန်တင်ပို့မှုကို ၂၀၁၅ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ပမာဏအားဖြင့် ၂၇ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၂၃ ရာခိုင်နှုန်း ကျဆင်းရာ ရှစ်နှစ်အတွင်း အနိမ့်ဆုံးဖြစ်ခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန (MARD)၏ အစီရင်ခံစာတွင် ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံဆန်ကို အများဆုံးတင်ပို့သော နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသို့ တင်ပို့မှုမှာလည်း ကျဆင်းခဲ့သည်။ ဥရောပသမဂ္ဂ၊ အရှေ့အလယ်ပိုင်းနှင့် ဆဟာရဒေသခွဲ စသည့်ဈေးကွက်များသို့ တင်ပို့မှုမှာ စုစုပေါင်း တင်ပို့မှု၏ ရာခိုင်နှုန်း အနည်းငယ်မျှသာရှိသည်။

ဗီယက်နမ်ဆန်ထုတ်လုပ်မှု လုပ်ငန်းအတွက်ဖြစ်ပေါ်နေသော စိန်ခေါ်မှုများမှာ တန်ဖိုးနည်းဆန် ထုတ်လုပ်မှုမှ တန်ဖိုးမြင့်မားသော ဆန်ထုတ်လုပ်မှုအဖြစ် ပြောင်းလဲထုတ်လုပ်ရေးနှင့် ဗီယက်နမ် ဆန်နှင့် အခြားနိုင်ငံများမှ ဆန်များကို ခွဲခြားနိုင်အောင် ဆောင်ရွက်ရေးတို့ဖြစ်ကြောင်း ရောမမြို့ရှိ စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့မှ ဆာဂျီယို အာရောဂျိုက ပြောသည်။

လက်တွေ့တွင်မူ တန်းမြင့်ဆန်ဈေးကွက်သို့ဝင်ရောက်ယှဉ်ပြိုင်ရေးမှာ များစွာ အခက်အခဲရှိသည်။ ထိုင်းနိုင်ငံသည် ထိုင်းဆန်၏ အဆင့်အတန်းမြှင့်တင်ထားပြီး ဆန်လုပ်ငန်းကဏ္ဍတွင် တန်ဖိုးမြင့် ထုတ်လုပ်နိုင်ရေးအတွက် သုတေသနအဖွဲ့များကို ထူထောင်ထားပြီဖြစ်သည်။ အိန္ဒိယနိုင်ငံကလည်း ဘာစမာတီဆန်အတွက် နည်းပညာအဆင့်အတန်းကို မြှင့်တင်ထားပြီး အော်ဂဲနစ် ဆန်ထုတ်လုပ်မှု တိုးမြှင့်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လူအများစုက အသား၊ ပင်လယ်စာ၊ ဥ နှင့် နို့တို့ကဲ့သို့ သော ပရိုတိန်းကြွယ်ဝသည့် ထုတ်ကုန်များကို အလိုရှိလာကြသည့်အတွက် ဆန်ဝယ်လိုအားမှာလည်း ကျဆင်းလျက်ရှိသည်။

## အမေရိကန်ပြည်ထောင်စုဗဟိုဘဏ် အတိုးနှုန်းကို ယခုနှစ်အတွင်း လေးကြိမ် တိုးပေးနိုင်ဖွယ်ရှိကြောင်း ဗဟိုဘဏ်အရာရှိတစ်ဦးပြော

အမေရိကန်ပြည်ထောင်စု စီးပွားရေး ခိုင်မာလာမည်ဆိုပါက အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်၏ အတိုးနှုန်းကို ယခုနှစ်အတွင်း လေးကြိမ်တိုးပေးနိုင်မည့် လက္ခဏာရှိကြောင်း ဇွန် ၁ ရက်က အမေရိကန်ဗဟိုဘဏ်အဆင့်မြင့်အရာရှိတစ်ဦး၏ ပြောကြားချက်ကို ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

ယခုနှစ်အတွင်း ဗဟိုဘဏ် အတိုးနှုန်းကို သုံးကြိမ်တိုးမြှင့်ပေးပါက အခြေခံအားဖြင့် သင့်တင့်လျောက်ပတ်မှုရှိကြောင်း၊ သို့သော်လည်း တိုင်းပြည်စီးပွားရေး အခြေအနေအရ ထို့ထက် အကြိမ်ပိုမို တိုးမြှင့်ပေးနိုင်မည့် အလားအလာများကို တွေ့မြင်နေရကြောင်း အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကို ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် အမှုဆောင်ချုပ် ဂျွန်စီဝီလျံက ပြောသည်။

“စီးပွားရေး ခိုင်မာတောင့်တင်းလာမယ်ဆိုပါက ဒီနှစ်ထဲမှာ ဗဟိုဘဏ်အတိုးနှုန်းကို လေးကြိမ်တိုးပေးရင် ပိုမိုသင့်လျော်ပါလိမ့်မယ်”ဟု တောင်ကိုရီးယားဗဟိုဘဏ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပသော အပြည်ပြည်ဆိုင်ရာကွန်ဖရင့်အပြီး ဆိုးလ်မြို့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဝီလျံက ပြောသည်။

အတိုးနှုန်းမြှင့်တင်မှုသည် အမြင့်ဆုံးအားဖြင့် ၂ ဒသမ ၇၅ ရာခိုင်နှုန်းနှင့် သုံးရာခိုင်နှုန်းသို့ ရောက်ရှိပြီးလျှင် တစ်ပတ် ပြန်လည်လာနိုင်ကြောင်း သူက ပြောသည်။

အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ် မူဝါဒအတိုးနှုန်းကို မတ်လအတွင်းက သုညဒသမ ၂၅ ရာခိုင်နှုန်း တိုးမြှင့်ပြီး သုညဒသမ ၇၅ ရာခိုင်နှုန်း (သို့မဟုတ်) ၁ ရာခိုင်နှုန်းအဖြစ် သတ်မှတ်ပေးခဲ့သည်။ ယခုနှစ်အတွင်း အတိုးနှုန်းများကို ဖြည်းဖြည်းချင်း ထပ်မံတိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ထိုအစည်းအဝေးမှာပင် ဗဟိုဘဏ်က အရိပ်အယောင်ပြသခဲ့သည်။

ကမ္ဘာ့ဘဏ္ဍာရေး ဈေးကွက်များနှင့် ကမ္ဘာ့စီးပွားရေးတွင် မလိုလားအပ်သော မတည်မငြိမ်ဖြစ်မှုများကို ရှောင်ရှားနိုင်ရန်အတွက် အမေရိကန်ဗဟိုဘဏ်ကအတိုးနှုန်းများကို မြှင့်တင်ရာတွင် ဖြည်းဖြည်းချင်းသာ ဆောင်ရွက်ပြီး အကောင်းဆုံးဖြစ်အောင် အကောင်အထည်ဖော်လျက်ရှိ ကြောင်း ဝီလျံကပြောသည်။

တောင်ကိုရီးယား ဗဟိုဘဏ်၏ အတိုးနှုန်းကို မူလကရှိခဲ့သော ၁ ဒသမ ၂၅ ရာခိုင်နှုန်းအတိုင်း ထားရှိရန် ယခင်လ အစည်းအဝေးတွင် မဲခွဲဆုံးဖြတ်ရာ တစ်ညီတညွတ်တည်း သဘောတူခဲ့သဖြင့် ဗဟိုဘဏ်ကစောင့် ကြည့်လေ့လာသည့်နည်းလမ်းကို ၁၁ လမြောက်အဖြစ် ဆက်လက် ထိန်းသိမ်းနိုင်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုက အတိုးနှုန်းမြှင့် တင်သည့်တိုင်အောင် တောင်ကိုရီးယားဗဟိုဘဏ်က အလိုအလျောက်လိုက်၍ မြှင့်တင်ပေးမည် မဟုတ်ကြောင်း ဗဟိုဘဏ် အုပ်ချုပ်ရေးမှူး လီချူယိုကပြောသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်